# မြန်မာနိုင်ငံ ကျောင်းသား လှုပ်ရှားမှု သမိုင်း

## ကိုဗဟိန်းမှသည် ကျော်ကိုကို အထိ

### အောင်ဝေး



တကာသ ဥက္ကဋ္ဌ သခင်ဗဟိန်း



ဗကသများ အဖွဲ့ချုပ် ခေါင်းဆောင် ကျော်ကျော်ကို



စာရေးသူ ကဗျာဆရာ အောင်ဝေး

လွတ်လပ်တဲ့ အာရှအသံ (RFA, Radio Free Asia)၊ မြန်မာဌာန (Burmese Section) ကနေ အပတ်စဉ် အစီအစဉ် အနေဖြင့် လွှင့်ထုတ်သွားခဲ့တဲ့ ကဗျာဆရာ (ဦး) အောင်ဝေးရဲ့ "မြန်မာနိုင်ငံ ကျောင်းသား လှုပ်ရှားမှု သမိုင်း (ကိုဗဟိန်း မှသည် ကျော်ကိုကို အထိ)" အသံလွှင့်ဆောင်းပါး ၂၆ ပိုင်းကို မိုးမခ မီဒီယာ [moemaka.com] က ပြန်လည် စုစည်းပြီး တင်ဆက်ထားရာကနေ ကူးယူပြီး အများပရိသတ် ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုနိုင်ရန် မြန်မာအီးဘွတ်ခ် (eBook) အဖြစ် စီစဉ် တင်ဆက်လိုက်တာ ဖြစ်ပါတယ်။

# မြန်မာနိုင်ငံ ကျောင်းသား လှုပ်ရှားမှု သမိုင်း

## ကိုဗဟိန်းမှသည်ကျော်ကိုကိုအထိ

အောင်ဝေး

## မာတိကာ


| | | | |
|---|---|---|---|
| အပိုင်း (၁)။ | နိဒါန်း | ... ... ... | ၁ |
| အပိုင်း (၂)။ | အိုးဝေကျေးဖူး | ... ... ... | ၃ |
| အပိုင်း (၃)။ | ၁၉၂၀၊ ပထမ တက္ကသိုလ်သပိတ် | ... ... ... | ၅ |
| အပိုင်း (၄)။ | ၁၉၃၆၊ ဒုတိယ တက္ကသိုလ်သပိတ် | ... ... ... | ၇ |
| အပိုင်း (၅)။ | ၁၉၃၈၊ တတိယ တက္ကသိုလ် သပိတ် ၁၃၀၀ ပြည့် အရေးတော်ပုံ | ... ... ... | ၉ |
| အပိုင်း (၆)။ | ကျောင်းသားသမဂ္ဂ၊ ရဲဘော်သုံးကျိပ်နှင့် ဖက်ဆစ်တော်လှန်ရေး | ... ... ... | ၁၁ |
| အပိုင်း (၇)။ | ကျောင်းသား သမဂ္ဂနှင့် လွတ်လပ်ရေး | ... ... ... | ၁၃ |
| အပိုင်း (၈)။ | ၁၉၅၀ ခုနှစ်များ၊ ကျောင်းသားလှုပ်ရှားမှု | ... ... ... | ၁၅ |
| အပိုင်း (၉)။ | အိမ်စောင့် အစိုးရလက်ထက် ကျောင်းသားသမဂ္ဂ | ... ... ... | ၁၇ |
| အပိုင်း (၁၀)။ | ၁၉၆၀၊ ပါလီမန် ရွေးကောက်ပွဲနှင့် ကျောင်းသားသမဂ္ဂ | ... ... ... | ၁၉ |
| အပိုင်း (၁၁)။ | ၁၉၆၂၊ ဇူလိုင်လ (၇)ရက် အရေးအခင်း | ... ... ... | ၂၁ |
| အပိုင်း (၁၂)။ | ၁၉၆၃၊ ပြည်တွင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲနှင့် ကျောင်းသားသမဂ္ဂ | ... ... ... | ၂၃ |
| အပိုင်း (၁၃)။ | ၁၉၇၀၊ ရန်ကုန်တက္ကသိုလ် နှစ် (၅၀) ပြည့် ရွှေရတုသဘင် | ... ... ... | ၂၅ |
| အပိုင်း (၁၄)။ | ၁၉၇၄၊ ဇွန်လ အလုပ်သမား အရေးအခင်းနှင့် ကျောင်းသားများ | ... ... ... | ၂၇ |
| အပိုင်း (၁၅)။ | ၁၉၇၄၊ ဦးသန့် စျာပန (ပထမပိုင်း) | ... ... ... | ၂၉ |
| အပိုင်း (၁၆)။ | ၁၉၇၄၊ ဦးသန့် စျာပန (ဒုတိယပိုင်း) | ... ... ... | ၃၁ |
| အပိုင်း (၁၇)။ | ၁၉၇၅၊ ရွှေတိဂုံ အထွေထွေသပိတ် | ... ... ... | ၃၃ |
| အပိုင်း (၁၈)။ | ၁၉၇၆၊ မတ်လ မှိုင်းရာပြည့် အရေးအခင်း | ... ... ... | ၃၅ |
| အပိုင်း (၁၉)။ | ၁၉၇၉၊ အောက်တိုဘာ ဗန်းမော်တင်အောင် စျာပန | ... ... ... | ၃၇ |
| အပိုင်း (၂၀)။ | ၁၉၈၈၊ ရှစ်လေးလုံး အရေးတော်ပုံ (ပထမပိုင်း) | ... ... ... | ၃၉ |
| အပိုင်း (၂၁)။ | ၁၉၈၈၊ ရှစ်လေးလုံး အရေးတော်ပုံ (ဒုတိယပိုင်း) | ... ... ... | ၄၁ |
| အပိုင်း (၂၂)။ | ကျောင်းသားတပ်မတော် ပေါ်ထွန်းလာခြင်း | ... ... ... | ၄၃ |
| အပိုင်း (၂၃)။ | ရှစ်လေးလုံးအလွန် ကျောင်းသားတိုက်ပွဲများ | ... ... ... | ၄၅ |
| အပိုင်း (၂၄)။ | ဒေါ်အောင်စုကြည်နှင့် ၈၈ မျိုးဆက်ကျောင်းသားများ | ... ... ... | ၄၇ |
| အပိုင်း (၂၅)။ | ဗကသနှင့် ရွှေဝါရောင်တော်လှန်ရေး | ... ... ... | ၄၉ |
| အပိုင်း (၂၆)။ | အနာဂတ် ကျောင်းသားတိုက်ပွဲ | ... ... ... | ၅၁ |


© မျက်နှာဖုံးမှာ ပန်းချီဆရာ စစ်ငြိမ်းအေး ရေးဆွဲတဲ့ ကိုဗဟိန်း ပုံတူပန်းချီ၊ 'ခရမ်းပြာ မြင်းရိုင်း' စာအုပ်မျက်နှာဖုံးမှ ကဗျာဆရာ အောင်ဝေး ပုံတူပန်းချီနဲ့ ၂၀၀၇၊ စက်တင်ဘာ ရွှေဝါရောင် တော်လှန်ရေး မှတ်တမ်းဓာတ်ပုံတွေကို အသုံးပြုထားပါတယ်။

## အပိုင်း (၁)၊ နိဒါန်း

***ဇန်နဝါရီ ၁၈၊ ၂၀၀၉***

ကျနော် တတိယနိုင်ငံကို ထွက်ခွာဖို့ မဲဆောက်ကနေ ဘန်ကောက်ကို သွားနေတဲ့ ဘတ်စ်ကားကြီးပေါ်မှာ ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့။

ကျနော်နဲ့အတူ ကားတစီးတည်းမှာ ဦးဇင်း ဦးပညာဝံသ၊ ကိုလှိုင်မိုးသန်း၊ ကိုလောအယ်စိုးနဲ့ မတင်မိုးလွင် တို့လည်း လိုက်ပါလာပါတယ်။

ကျနော်တို့ ခရီးစဉ်က မတ်လ ၁၉ ရက်ကို ကူးတာနဲ့ ဘန်ကောက် သုဝဏ္ဏဘူမိ လေဆိပ်သစ်ကြီးကနေ အမေရိကန်နိုင်ငံ နယူးယောက်မြို့ ဂျွန်အက်ဖ်ကနေဒီ လေဆိပ်ကို တိုက်ရိုက် ပျံသန်းမယ့် ခရီးစဉ်ပါ။

ညနေ ၆ နာရီခွဲပြီဆိုတော့ ကျနော် သတင်းနားထောင်ဖို့ ရေဒီယိုကလေးကို ဖွင့်လိုက်ပါတယ်။ အဲဒီအခိုက် အတန့်မှာပဲ တရှိန်ထိုး ပြေးနေတဲ့ကားက ရုတ်တရက် ချောက်ထဲ ထိုးကျသွားသလို ခံစားလိုက်ရပြီး ကျနော့် လက်ထဲက ရေဒီယို ကလေးကို ကြောင်ငေး ကြည့်နေမိပါတော့တယ်။

သတိပြန်ရလာတော့မှ ချက်ချင်းပဲ ကားပေါ် အတူပါလာတဲ့သူတွေကို 'ဗကသ' ကျောင်းသား ခေါင်းဆောင် ကျော်ကိုကိုကို နအဖ စစ်အုပ်စုက ဖမ်းမိသွားပြီ ဆိုတဲ့သတင်း ကျနော် ပြောပြလိုက်ပါတယ်။ အားလုံး တုန်လှုပ်ကြေကွဲ သွားကြပါပြီ။

အဲဒီမှာ မတင်မိုးလွင်ရယ်လေ အဆက်မပြတ် ရှိုက်ကြီးတငင် ငိုကြွေးနေပါတော့တယ်။ ကျနော်တို့ ဘယ်လို နှစ်သိမ့် နှစ်သိမ့် မရတော့ပါဘူး။

"ကျမတို့က ယာယီလွတ်မြောက်တဲ့နေရာကို သွားနေတဲ့အချိန်မှာ ပြည်တွင်းမှာ ကျန်ရစ်တဲ့ ကျမတို့ ရဲဘော်တွေက တယောက်ပြီးတယောက် အဖမ်းခံလိုက်ရပြီ၊ ကျမတို့ တတိယ နိုင်ငံကို ထွက်လာတာ ကျော်ကိုကိုတို့အတွက် တရားမှ တရားရဲ့လား၊ ကျမ စဉ်းစားရင်း စိတ်ထိခိုက်လွန်းလို့ပါ" တဲ့။

မတင်မိုးလွင်ကတော့ ပုန်းအောင်းနေရဆဲဖြစ်တဲ့ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုထွန်းမြင့်အောင်တို့၊ မနီလာသိန်းတို့ရဲ့ လုံခြုံရေးအတွက်ကိုလည်း အထူး စိုးရိမ်ပူပန်မိတယ်လို့ ပြောရင်း ငိုရင်းပါပဲ။

ပြီးခဲ့တဲ့ ၂၀၀၇၊ ရွှေဝါရောင် တော်လှန်ရေးမှာ ကျနော်တို့ဟာ တန်ဖိုးမဖြတ်နိုင်တဲ့ အရာနှစ်ခုကို ရခဲ့ကြတယ်။ တခုက ၁၉၈၈၊ ရှစ်လေးလုံး အရေးတော်ပုံကြီးရဲ့ အစဉ်အလာကို ပြန်အသက်သွင်း ဆက်ခံနိုင်ခဲ့ခြင်းနဲ့ နောက်တခုကတော့ ၂၀၀၇ မျိုးဆက်သစ် ကျောင်းသားတွေရဲ့ 'ဗကသ'ကို ပြန်လည် မွေးဖွားနိုင်ခဲ့ခြင်းတို့ပါပဲ။

၂၀၀၇၊ စက်တင်ဘာ ၅ ရက် ပခုက္ကူ သံဃာအရေးအခင်းမတိုင်ခင် ဩဂုတ်လ ၁၂ ရက်နေ့ ညမှာကတည်းက နအဖ စစ်အုပ်စုက ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုပြုံးချို၊ ကိုဂျင်မီ၊ ကိုမြအေး၊ ကိုမင်းဇေယျ အစရှိတဲ့ ၈၈ မျိုးဆက် ကျောင်းသား ခေါင်းဆောင်တွေကို ဖမ်းဆီး ထိန်းသိမ်းလိုက်ပါတယ်။

ဩဂုတ်လ ၂၂ ရက်နေ့ကနေ ၂၅-၂၆ နေ့တွေလောက် အထိ ရန်ကုန်မြို့ နေရာအနှံ့မှာ မနီလာသိန်း၊ မမီးမီး၊ မစုစုနွေးနဲ့ မနော်အုန်းလှတို့ ဦးဆောင်တဲ့ နအဖ ဆန့်ကျင်ရေး လူထုဆန္ဒပြပွဲတွေ ဆက်တိုက် ပေါ်ထွက်ခဲ့တယ်။

အဲဒီဆန္ဒပြပွဲတွေမှာ အဲန်အယ်လ်ဒီ လူငယ်တွေနဲ့ လက်ရှိတက္ကသိုလ် ကျောင်းသူ ကျောင်းသားတွေလည်း အင်နဲ့အားနဲ့ ပူးပေါင်း ပါဝင်လာခဲ့ကြပါတယ်။ အဲဒီဆန္ဒပြပွဲတွေကို နအဖစစ်အုပ်စုက စစ်တပ်၊ လုံထိန်း၊ ရဲ၊ ကြံ့ဖွတ်၊ စွမ်းအားရှင် စတဲ့ လက်ကိုင်တုတ်တွေသုံးပြီး အကြမ်းဖက် နှိမ်နှင်းဖြိုခွင်းခဲ့ပါတယ်။ ဆန္ဒပြသူတွေ အများအပြား ဖမ်းဆီး ခံကြရပါတယ်။

ဩဂုတ်လ ၁၈ ရက်နေ့မှာတော့ ကျနော်တို့ဟာ ကြက်သီးဖြန်းဖြန်း ထလောက်အောင် ကျေနပ်အားရစရာ ကောင်းလှတဲ့ သတင်းတခုကို ကြားလိုက်ရပါတော့တယ်။

အဲဒီသတင်းကတော့ လက်ရှိ ၂၀၀၇ မျိုးဆက်သစ် တက္ကသိုလ်ပေါင်းစုံက ကျောင်းသား လူငယ်တွေက ဗမာ နိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂများ အဖွဲ့ချုပ် (ဗကသ) All Burma Federation of Student Unions (ABFSU) ကို အောင်မြင်စွာ ပြန်လည် ဖွဲ့စည်းလိုက်ပြီ ဆိုတဲ့ သတင်းပါပဲ။

ကျော်ကိုကိုတို့ရဲ့ ၂၀၀၇၊ ဩဂုတ်လ ၂၈ ရက်နေ့မှာ ပြန်လည် ဖွဲ့စည်းလိုက်တဲ့ 'ဗကသ' ဟာ ၁၉၈၈ ခုနှစ်က ဩဂုတ်လ ၂၈ ရက် ရန်ကုန်တက္ကသိုလ် ဆဲဗင်းဂျူလိုင် ရင်ပြင်နီမှာ ဖွဲ့စည်းခဲ့တဲ့ ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုမိုးသီးဇွန် တို့ရဲ့ 'ဗကသ' ကို ဆက်ခံလိုက်တဲ့ သမိုင်းအမွေ တိုက်ပွဲဝင် ခွပ်ဒေါင်းတွန်သံပါပဲ။

"ကောင်းကျိုး အထွေထွေရယ်နဲ့ ချွန်စေမြဲစေစော – ဒေါင်းအိုးဝေရယ်လို့ တွန်စေကစေသော" ကိုလိုနီခေတ်တုန်းက အမျိုးသား လွတ်မြောက်ရေး တော်လှန်ရေးမှာ လွတ်လပ်ရေးကို 'က' ပြီးတော့ မယူဘူး၊ 'ခွပ်' ပြီးမှ

ယူမယ်ဆိုတဲ့ တိုက်ပွဲဝင် ခွပ်ဒေါင်းစိတ်ဓာတ်၊ ခွပ်ဒေါင်းသွေးဟာ လွတ်လပ်ရေးရပြီးတဲ့နောက် ပါလီမန်အစိုးရ လက်ထက်မှာရော၊ နောက်တက်လာတဲ့ စစ်အာဏာရှင် အစိုးရအဆက်ဆက် လက်အောက်မှာပါ ခိုင်မြဲနေဆဲ နီရဲနေဆဲပါပဲ။

ကျနော့် မျက်လုံးထဲမှာ ရွှေဝါရောင်တော်လှန်ရေးတုန်းက ရွှေတိဂုံဘုရားမှာ၊ ဆူးလေမှာ တလူလူလွှင့်ထူခဲ့တဲ့ ခွပ်ဒေါင်း အလံ နှစ်လက်ကို ပြန်မြင်ယောင်နေမိပါတယ်။

ရွှေဝါရောင်တော်လှန်ရေးမှာ စက်တင်ဘာ ၁၈ ရက်နေ့ သံဃာတော်တွေ ပတ္တနိက္ကုဇ္ဇန ကံဆောင်ပြီး မေတ္တာပို့ လမ်းလျှောက် ဆန္ဒပြတာကနေ စပြီး ကျောင်းသား ပြည်သူတွေဟာ ဒီမိုကရေစီ တိုက်ပွဲထဲ ပါဝင် လာခဲ့ကြတာပါ။ စက်တင်ဘာ ၂၄ ရက်နေ့မှာ ရဟန်းရှင်လူ ပြည်သူအားလုံး ပါဝင်တဲ့ အထွေထွေ သပိတ်ကြီး စတင်လိုက်ပါတယ်။ ဒီသပိတ်ကြီးအစမှာ သာသနအလံကလွဲလို့၊ မေတ္တာပို့ ဆုတောင်းသံကလွဲလို့၊ ဘာအလံ ဘာဆိုင်းဘုတ်မှ မတင်ဖို့၊ ဘာကြွေးကြော်သံမှ မကြွေးကြော်ဖို့ သံဃာ့ လှုပ်ရှားမှု ဦးစီးကော်မတီနဲ့ ကျနော်တို့ ကနဦး သဘောတူညီထားခဲ့ပါတယ်။

ဒါပေမဲ့ အထွေထွေသပိတ်ကြီးရဲ့ ပထမနေ့ စက်တင်ဘာ ၂၄ မှာပဲ ရွှေတိဂုံအရှေ့မုခ်၊ ကြေးသွန်းဘုရား သပိတ် စခန်းကနေ ရန်ကုန်မြို့တွင်း လှည့်လည်ဖို့ တန်းစီကြတဲ့အချိန်မှာပဲ ကျောင်းသားလူငယ် အင်အားထု တခုက ခွင့်ပန်လာတဲ့ 'အကြမ်းမဖက် အမျိုးသားရေး လှုပ်ရှားမှု' ဆိုတဲ့ ဆိုင်းဘုတ်ကြီးကို ကျနော် သံဃာ့ဦးစီး ကော်မတီကို တင်ပြခဲ့ရာမှာ သံဃာတော်တွေက ခွင့်ပြုလို့ ကျောင်းသားလူငယ်တွေဟာ အားမာန်အပြည့်နဲ့ ကိုင်ဆောင် လှည့်လည်နိုင်ခဲ့ကြပါတယ်။

အထွေထွေသပိတ်ကြီးရဲ့ ဒုတိယနေ့ဖြစ်တဲ့ စက်တင်ဘာ ၂၅ ရက်နေ့ နံနက်မှာတော့ ကျော်ကိုကိုတို့ ဗကသ ကျောင်း သားအင်အားစုက သမိုင်းဝင် ခွပ်ဒေါင်းအလံကို လွှင့်ထူခွင့် တောင်းခံလာပါတော့တယ်။ ကျနော် သံဃာ့ ကော်မတီကို လျှောက်ထားလိုက်ပြန်တဲ့အခါမှာတော့ "ဒါ သိပ်အရေးကြီးတဲ့၊ သိပ်လိုအပ်တဲ့ ကိစ္စပဲ ဒကာကြီး" လို့ သံဃာတော်တွေ က ပြတ်ပြတ်သားသား မိန့်သွားပါတော့တယ်။

အဲဒီနေ့က ရွှေတိဂုံဘုရားကို လက်ယာရစ် လှည့်လည်ပူဇော်ဖို့ ဘုရားရင်ပြင်ပေါ် အတက်မှာတော့ ကျော်ကိုကိုတို့ ဗကသ ကျောင်းသားတွေ လျှို့ဝှက်ယူဆောင်လာတဲ့ ခွပ်ဒေါင်းအလံ နှစ်လက်ဟာ ရွှေတိဂုံအရှေ့မုခ် ပထမဆုံး လှေကားထစ်ကို နင်းလိုက်မိတာနဲ့ တပြိုင်နက်တည်း ကောင်းကင်ယံကို ဘွားခနဲ ထိုးတက်သွားပါတော့ တယ်။

အဲဒီတုန်းက ခွပ်ဒေါင်းအလံနှစ်လက်ဟာ ရန်ကုန်မြို့ကြီးကို တပ်လှန့် လှုပ်နှိုးလိုက်သလိုပါပဲ။ ဆူးလေဘုရား ရှေ့မှာ ခွပ်ဒေါင်းအလံတော်အောက်မှာ ဗကသ ဥက္ကဋ္ဌ ကျော်ကိုကို မိန့်ခွန်းပြောနေတဲ့ မြင်ကွင်းကို ကျနော် မြင်ယောင် ရင်ခုန်နေတုန်းပါပဲ။



**အပိုင်း (၂)၊ အိုးဝေကျေးဇူး**
***ဇန်နဝါရီ ၂၄၊ ၂၀၀၉***

အိုးဝေခွပ်ဒေါင်း - ခွပ်ဒေါင်းအိုးဝေလို့ တင်စားကြတဲ့ ကျောင်းသားတွေရဲ့ အမျိုးသားရေးတိုက်ပွဲ၊ ကျောင်းသားတွေရဲ့ လွတ်လပ်ရေး ကျေးဇူးကို ဆရာကြီး မင်းသုဝဏ်က အခုလို ကဗျာတပုဒ်နဲ့ ဂုဏ်ပြု ဖော်ကျူးခဲ့ဖူးပါတယ်။

**ဒေါင်းပျိုထိုးဆွပ်ဗာယ်ညာခွပ်၍၊**
**လွပ်လပ်ရလေ၊တို့တတွေသည်**
**အိုးဝေကျေးဇူးပါတကားတဲ့။**

ကျနော်တို့ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးတိုက်ပွဲသမိုင်းဟာ ကျောင်းသားတိုက်ပွဲသမိုင်းနဲ့ ခွဲခြားလို့ မရပါဘူး။ ဒီလိုပါပဲ လွတ်လပ်ပြီးခေတ် စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး တိုက်ပွဲသမိုင်းဟာလည်း ကျောင်းသားတိုက်ပွဲ သမိုင်းနဲ့ ခွဲခြားလို့ ရမှာ မဟုတ်ပါဘူး။

အစောဆုံး ကျောင်းသားတိုက်ပွဲလို့ သတ်မှတ်ကြတဲ့ ၁၉၂၀၊ ရန်ကုန် တက္ကသိုလ် ပထမ ကျောင်းသားသပိတ်ကနေ စပြီး ရေတွက်ကြည့်လိုက်ရင် အခု ၂၀၀၇-၂၀၀၈ ကျော်ကိုကိုတို့ခေတ် ကျောင်းသားတိုက်ပွဲတွေ အထိ မဆုံးနိုင်တဲ့ တိုက်ပွဲ စဉ်ကြီးကို တလေးတစား တွေ့ကြရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံကျောင်းသား လှုပ်ရှားမှုသမိုင်းဟာ အကြမ်းဖျင်းအားဖြင့်

(၁) လွတ်လပ်ရေးမတိုင်မီ ကိုလိုနီခေတ်၊
(၂) လွတ်လပ်ရေးရပြီး ၁၉၅၈ ပထမ အကြိမ် စစ်အာဏာသိမ်းတဲ့ခေတ်
(၃) တိုင်းရင်းသားစည်းလုံး ညီညွတ်မှု ပြိုကွဲပြီး ၁၉၆၂ ဒုတိယအကြိမ် စစ်အာဏာ သိမ်းတဲ့ခေတ်
(၄) ရှစ်လေးလုံးအရေးတော်ပုံ ဖြိုခွင်းခံရပြီး ၁၉၈၈ တတိယအကြိမ် စစ်အာဏာသိမ်းတဲ့ခေတ်နဲ့
(၅) ဒီကနေ့ ၂၀၀၇ ရွှေဝါရောင် တော်လှန်ရေးဆင်နွှဲတဲ့ ခေတ်ရယ်လို့ ခေတ်ပြန် ပိုင်းခြားနိုင်ပါလိမ့်မယ်။

လွတ်လပ်ရေးမတိုင်မီ ကိုလိုနီခေတ် ကျောင်းသားတိုက်ပွဲတွေထဲမှာ 'အမျိုးသားနေ့အစ ၁၉၂၀ ကျောင်းသားသပိတ်က' လို့ ဆိုကြတဲ့၊ ရန်ကုန်တက္ကသိုလ် ကျောင်းသားကြီးတွေရဲ့ ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ကျောင်းသားတိုက်ပွဲဟာ မြန်မာ တနိုင်ငံလုံး နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးကို နိုင်ငံရေးအသိရှိရှိနဲ့ ပထမဆုံး စတင်လှုံ့ဆော်လိုက်တဲ့ ဝံသာနု အရေးတော်ပုံကြီး ဖြစ်ပါတယ်။

ကိုဘဦး၊ ကိုအောင်ဒင်၊ ကိုမြ စတဲ့ တက္ကသိုလ်ကျောင်းသားကြီး ၂၀ ခေါင်းဆောင်တဲ့ ၁၉၂၀၊ သပိတ်ကော်မတီဟာ မြန်မာနိုင်ငံရဲ့ ပထမဆုံး တော်လှန်တဲ့ ကျောင်းသား အဖွဲ့အစည်းလို့ သတ်မှတ်နိုင်ပါတယ်။

ဒီနေရာမှာ ၁၉၂၀၊ ကျောင်းသားသပိတ် မတိုင်ခင် ၁၇ နှစ် စောပြီး ပေါ်ပေါက်ခဲ့တဲ့ ရန်ကုန်မြို့က ကျောင်းသားတိုက်ပွဲ တခုလည်း သမိုင်းမှာ ရှိခဲ့ပါသေးတယ်။

အဖြစ်အပျက်က ၁၉၀၃ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်၊ ရန်ကုန်မြို့ ဟိုက်စကူးကျောင်းမှာ ဖြစ်ခဲ့ပါတယ်။ ဖြစ်ပုံက၊ တနေ့သားမှာတော့ အဌမတန်း၊ ရှစ်တန်းအတန်းပိုင် အင်္ဂလိပ်လူမျိုး ကျောင်းဆရာဟာ ခရိုင်ပညာဝန် မစ္စတာကောက်စ်ရဲ့ အမိန့်လို့ ဆိုပြီးတော့ စာသင်ခန်းထဲမှာ ကျောင်းသားတွေကို မတ်တတ်ရပ်ခိုင်းပါတယ်။ ပြီးတော့ အမိန့်စာကို ဖတ်ပြပါတယ်။

"ယနေ့မှစ၍ သင်တို့ မြန်မာ ကျောင်းသားများအားလုံး စာမသင်ခင် ကျွန်ုပ်တို့ အင်္ဂလိပ်လူမျိုး ဆရာတွေကို ဦးစွာ ရှိခိုး ကန်တော့ပြီးမှ စာသင်ကြားခြင်း အမှုကို ပြုမည်ဖြစ်ကြောင်း" ဆိုတဲ့ အမိန့်ပါပဲ။

အဲဒီ ဆရာက မြန်မာကျောင်းသားတွေကို ထိုင်ပြီး ကန်တော့ဖို့ အမိန့်ပေးပါတယ်။ မတ်တတ်ရပ်နေတဲ့ မြန်မာကျောင်းသားတွေ ဘယ်သူမှ မလှုပ်ပါဘူး။ အတန်းပိုင်ဆရာဟာ စိတ်ဆိုးလာပြီး 'ထိုင်' အမိန့်ပေးပါတယ်။ ဘယ်ကျောင်းသားမှ အမိန့်ကို မနာခံကြပါဘူး။ အတန်းပိုင်ဆရာဟာ ဒေါသတကြီးနဲ့ ကြိမ်းမောင်းလာပါတော့တယ်။ ကျောင်းသားတဦးတလေမှ တုပ်တုပ်မလှုပ် မတ်တတ်ရပ်လျက်ပါပဲ။ အင်္ဂလိပ်လူမျိုး ကျောင်းဆရာဟာ ကြီးစွာ အရှက်ရပြီး အော်ဟစ် ပေါက်ကွဲသွားပါပြီ။

အဲဒီအချိန်မှာ အတန်းရှေ့ဆုံးက 'မောင်တင်' ဆိုတဲ့ ကျောင်းသားလေးက အတန်းပိုင်ဆရာရှေ့ကနေ အတန်းအပြင်ဘက်ကို စတင် ထွက်သွားပါတော့တယ်။ မောင်တင်ရဲ့ နောက်ကနေ မြန်မာကျောင်းသားတွေ တယောက်ပြီး တယောက် အတန်းပြင်ကို ထွက်သွားလိုက်ကြတာ အတန်းထဲမှာ အဲဒီ ဆရာတယောက်ပဲ အရုပ်ကြိုးပြတ် ကျန်ရစ်ခဲ့ပါတော့တယ်။

ဒီဖြစ်ရပ်က ရန်ကုန် တမြို့လုံး သတင်းပျံ့နှံ့သွားပြီး အင်္ဂလိပ် ကိုလိုနီ အစိုးရအဖို့ အရှက်ရစရာ ဖြစ်သွားတဲ့အတွက် သက်ဆိုင်ရာ အင်္ဂလိပ်ပညာရေး အာဏာပိုင်တွေက မောင်တင်တို့ အားလုံးကို ကျောင်းထုတ်ပစ်လိုက်ပါတယ်။

အဲဒီမှာ မြန်မာနိုင်ငံသား တိုင်းရင်းသား ကျောင်းသားမိဘတွေက မကျေမနပ်ဖြစ်ပြီး အင်္ဂလိပ် အာဏာပိုင်တွေကို တခဲနက်စုပြီး အရေးဆိုကြပါတယ်။ အင်္ဂလိပ် ပညာရေး အာဏာပိုင်တွေရယ်၊ ကျောင်းသား မိဘတွေရယ်၊ ကာယကံရှင် မောင်တင်တို့ ကျောင်းသားတွေရယ် အကြိတ်အနယ် တွေ့ဆုံဖြေရှင်းရတဲ့ ပွဲမှာ အတန်းထဲက ပထမဆုံး ထွက်သွားတဲ့ ကျောင်းသား မောင်တင်က သူ့အတန်းပိုင် ဆရာကို အခုလို ယဉ်ယဉ်ကျေးကျေး ထပြောပါတယ်။

"ဆရာ ကျနော်တို့ မြန်မာနိုင်ငံသား တိုင်းရင်းသားတွေဟာ ရှေးအတိတ်ကတည်းက ကြီးမြတ်တဲ့ ယဉ်ကျေးမှုနဲ့ နေထိုင်လာကြတဲ့ လူမျိုးတွေ ဖြစ်ပါတယ်။ ကျနော်တို့ ယဉ်ကျေးမှုမှာ အာစရိယ ဆရာ၊ ဆရာမတွေကို ဘုရား၊ တရား၊ သံဃာ၊ မိဘနဲ့ တဂိုဏ်းတည်းထားပြီး အနန္တော အနန္တ ငါးပါးအနေနဲ့ ရိုသေမြတ်နိုး၊ လက်စုံမိုးလို့ ရှိခိုး ပူဇော်ကြတာပါ။ ဒါပေမဲ့ ဆရာ ကျနော်တို့ရဲ့ ရိုသေမြတ်နိုးခြင်း၊ ရှိခိုးပူဇော်ခြင်းတွေဟာ အမိန့် စာရွက်ပေါ်က လာတာမဟုတ်ပါဘူး။ ကျနော်တို့ရဲ့ ဟောဒီ ရင်ဘတ်ထဲက ၊ အသည်းနှလုံးထဲက လာတာပါ" တဲ့။

အဲဒီပွဲမှာ အင်္ဂလိပ်အစိုးရ အာဏာပိုင်တွေဘက်က လက်လျှော့ အရှုံးပေးလိုက်ရပါတယ်။ မောင်တင်တို့ ကျောင်းသားတွေ အားလုံး ကျောင်းပြန်တက်ခွင့် ရသွားကြပါတယ်။

ဒါဟာ သမိုင်းမှာ ကြီးကြီးကျယ်ကျယ်၊ မှတ်မှတ်ထင်ထင်၊ ထင်ထင်ရှားရှား မရှိခဲ့သော်ငြားလည်း ဒီအဖြစ်အပျက် ကလေးဟာ အင်္ဂလိပ် ကျွန်ပညာရေးစနစ်၊ အင်္ဂလိပ် ကိုလိုနီအုပ်ချုပ်ရေးကို ပထမဆုံး ကနဦး၊ ဖွဲဆော်ဦး စတင် ဆန့်ကျင် လှုံ့ဆော်လိုက်တဲ့ ကျောင်းသားသမိုင်းတခု၊ ကျောင်းသားတိုက်ပွဲတခုလို့ ဆိုလိုက်ချင်ပါတယ်။ အဲဒီအချိန်က YMBA အသင်းကြီးတောင် မပေါ်ပေါက်သေးပါဘူး။

အဲဒီတိုက်ပွဲမှာ ဦးဆောင်ခဲ့တဲ့ ၈ တန်း ကျောင်းသားလေး 'မောင်တင်' ကို မြန်မာနိုင်ငံရဲ့ ပထမဆုံး ကျောင်းသား ခေါင်းဆောင် **'ကျောင်းသားတိုက်ပွဲအစမောင်တင်ကဲ'** လို့ ဂုဏ်ပြုရပါမယ်။

အဲဒီ မောင်တင် ဘယ်သူလဲ။ အဲဒီ မောင်တင်လေးဟာ နောင်တချိန် ကိုလိုနီလက်အောက်မှာ မြန်မာနိုင်ငံသားတွေထဲက ပထမဆုံး ပါမောက္ခဖြစ်လာသူ၊ ရန်ကုန်တက္ကသိုလ်ရဲ့ ပထမဆုံး မြန်မာလူမျိုး ကျောင်းအုပ်ကြီး ဖြစ်လာသူ ဆရာကြီး ဖေမောင်တင်ပါပဲ ခင်ဗျား။



*ပထမဆုံးမြန်မာလူမျိုးရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီးဆရာကြီး ဖေမောင်တင်။*

## အပိုင်း (၃)၊ ၁၉၂၀၊ ပထမ တက္ကသိုလ်သပိတ်

*ဖေဖော်ဝါရီ ၁၊ ၂၀၀၉*

"ပြော် – ဝေးခရီးပေမဲ့၊ အရေးကြီးလျှင်ဖြင့်၊ သွေးနီးရာပါစမြဲပေမို့၊ ဆရာလည်းကွာ မြန်မာ့ပလ္လင်မှာ၊ သမ္ဘတရှင်ဘုရင် မလူးခင်ပ၊ ထဆင်ထူးကို တမြည်မြည် သင်ခဲ့သမို့၊ ထီမထင်ကျောင်းတော်သားတွေရဲ့၊ အမည်အစဉ် ခေါင်းအပေါ် ဖျားမှလ၊ မင်းရို့ဆရာကို စာရင်းတို့ကာ ထားလိုက်ကြပေတော့"

မြန်မာပြည်မှာ ၁၉၂၀၊ ပထမ တက္ကသိုလ် ကျောင်းသားသပိတ်ကြီး ဖြစ်တော့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက အားပေးထောက်ခံလိုက်တဲ့ ကဗျာပါ။

**"အမျိုးသားနေ့အစ၊ ၁၉၂၀၊ ပထမ တက္ကသိုလ် သပိတ်ကြီးက"** လို့ ဆိုရိုးရှိတဲ့အတိုင်း နဝမ အကြိမ်မြောက် ဂျီစီဘီအေ ကွန်ဖရင့်ကြီးက အဲဒီသပိတ်ကြီး စခဲ့တဲ့ ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၅ ရက်၊ မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့တာပါ။

အမျိုးသားနေ့၊ တနည်း ၁၉၂၀ ပထမ တက္ကသိုလ် သပိတ်ကြီးက မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် နိုင်ငံရေး နိုးကြားမှု အုတ်မြစ် ချပေးနိုင်ခဲ့တဲ့ မဟာအောင်ပွဲ ဖြစ်ပါတယ်။

တက္ကသိုလ် သပိတ်မတိုင်မီ မြန်မာပြည် အနေအထားကို ကြည့်ရင်တော့ ၁၉၀၆ မှာ Young Man Buddhist Association (YMBA) လို့ ခေါ်တဲ့ ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်းကြီးရဲ့ ဝံသာနု အရေးတော်ပုံ လှုပ်ရှားမှုတွေ ပေါ်ပေါက်လာခဲ့တယ်။ အပေါင်းဘဝင် ချမ်းစေဖို့၊ အကောင်းတမင် မှန်းမှန်းပြီး၊ ဒေါင်းအဆင်ဆန်းတွေနဲ့ ပဝါအလံ ထူတဲ့ အချိန်။ 'အမျိုး၊ ဘာသာ၊ သာသနာကို ကာကွယ် စောင့်ရှောက်ကြ' ဆိုတဲ့ ကြွေးကြော်သံတွေ ကျယ်လောင်လာတဲ့ အချိန်။

ဗြိတိသျှ ကိုလိုနီလက်အောက်မှာ ၁၉၂၀၊ တက္ကသိုလ်သပိတ်ကြီးက ကိုလိုနီ ကျွန်ပညာရေးစနစ်ကို တိုက်ရိုက် ဆန့်ကျင် ရိုက်ချိုးခဲ့တာပါပဲ။ ဒီသပိတ်ကြီးရဲ့ အဓိက ရည်ရွယ်ချက်တွေက (၁) အမျိုးသား လွတ်မြောက်ရေးစိတ်နဲ့ ကိုလိုနီ ဖိနှိပ်မှုကို ဆန့်ကျင်ရေး၊ (၂) အမျိုးသား သခင်ပညာရေး စနစ် တည်ထောင်ရေးတို့ ဖြစ်တယ်။

ကိုလိုနီခေတ်ဦးမှာ ဗြိတိသျှအစိုးရဟာ ကိုလိုနီယန္တရားကို အထောက်အကူပြုဖို့ ဂျပ်ဆင်ကောလိပ်နဲ့ ရန်ကုန်ကောလိပ်တို့ကို ဖွင့်ပေးခဲ့တယ်။ ဒါပေမဲ့ သီးခြားကောလိပ်တွေတော့ မဟုတ်ဘူး။ အိန္ဒိယနိုင်ငံ၊ ကလကတ္တားတက္ကသိုလ် အုပ်ချုပ်မှုအောက်မှာပဲ ရှိသေးတယ်။ ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာရောက်မှ ရန်ကုန် ယူနီဗာစီတီ အက်ဥပဒေ ပြဋ္ဌာန်းပြီး ရန်ကုန် တက္ကသိုလ်ကို မြန်မာနိုင်ငံရဲ့ သီးခြား တက္ကသိုလ်အဖြစ် ခွင့်ပြုခဲ့တာပါ။

၁၉၂၀၊ ရန်ကုန် တက္ကသိုလ်ရဲ့ အဓိပတိက မြန်မာပြည်ဘုရင်ခံ ဆာရက်ဂျီနယ် ကရက်ဒေါက်ပါပဲ။ ကျောင်းအုပ်ကြီးက မစ္စတာ အာရ်အယ်လ်ပေါင်းဝပ်လို့ ဆိုပါတယ်။ အဲဒီ ရန်ကုန် ယူနီဗာစီတီ အက်ဥပဒေကို မကျေနပ်လို့ ကိုဘဦး၊ ကိုအောင်ဒင်၊ ကိုမြ စတဲ့ ကျောင်းသားကြီးတွေက ဦးဆောင်ပြီး သပိတ်မှောက်ခဲ့ကြတာ ဖြစ်တယ်။

ရန်ကုန် ယူနီဗာစီတီ အက်ဥပဒေ ပြဋ္ဌာန်းချက်တွေထဲက တချို့ အချက်အလက်တွေကို ပြင်ဆင်ပေးဖို့ ကျောင်းသားတွေက တောင်းဆိုကြပါတယ်။ ဒါပေမဲ့ တက္ကသိုလ် အဓိပတိက လျစ်လျူရှုခဲ့ပါတယ်။

အဲဒီမှာပဲ တက္ကသိုလ်ကျောင်းသားကြီးတွေက ၂၁ ဦး ပါဝင်တဲ့ ရန်ကုန်တက္ကသိုလ် ကျောင်းသားထု ကိုယ်စားပြု သပိတ်ကော်မတီကို ဖွဲ့စည်းလိုက်ပြီး သမိုင်းတွင်မယ့် ပထမ တက္ကသိုလ်သပိတ်ကြီးကို စတင်လိုက်ကြပါတော့တယ်။

ဒီတက္ကသိုလ် ပထမသပိတ်ကြီးဟာ မြန်မာတို့ နယ်ချဲ့လက်အောက် ကျွန်ဘဝရောက်ခဲ့ရတဲ့ ကာလ တလျှောက် ပြည်သူတရပ်လုံး ပထမဆုံးအနေနဲ့ နယ်ချဲ့အစိုးရကို ဥပဒေဘောင်အတွင်းက ရင်ဆိုင်အန်တု စိန်ခေါ်ခဲ့တဲ့ နိုင်ငံရေး နိုးကြား အုံကြွမှုကြီးပါပဲ။ သပိတ်ကြီးဟာ တပြည်လုံးကို နေ့ချင်းညချင်း ကူးစက် ပျံ့နှံ့သွားခဲ့ပါတယ်။

တက္ကသိုလ် ပထမ သပိတ်ကြီးနဲ့ ဆက်စပ်ပြီး ဆရာဇော်ဂျီ ပြောပြခဲ့ဖူးတာကို ကျနော် ပြန်အမှတ်ရမိပါတယ်။ ဆရာဇော်ဂျီက ရန်ကုန်မှာ တက္ကသိုလ်ကျောင်းသားကြီးတွေ သပိတ်မှောက်ကြတဲ့အချိန်က သူ (ဆရာဇော်ဂျီ) လည်းပဲ ခုနစ်တန်းကျောင်းသား အဖြစ်နဲ့ ဖျာပုံမြို့ကနေ ထောက်ခံ သပိတ်မှောက်ခဲ့တဲ့အကြောင်း ဂုဏ်ယူ ပြောပြခဲ့တာပါ။

နောင်မှာ အမျိုးသားကျောင်းတွေ ပေါ်ပေါက်လာတဲ့အခါမှာ ဆရာဇော်ဂျီဟာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်တို့လို အမျိုးသားကျောင်းမှာ ဆရာ ဖြစ်လာခဲ့ပါတယ်။ ဒီအမျိုးသား ကျောင်းတွေကပဲ ဗိုလ်ချုပ်အောင်ဆန်းတို့လို လွတ်လပ်ရေးကို အရယူပေးမယ့် ကျောင်းသားမျိုးဆက်တွေကို မွေးထုတ်ပေးနိုင်ခဲ့တာပဲမဟုတ်လား။

၁၉၂၀၊ ပထမ တက္ကသိုလ် သပိတ်ကြီးမတိုင်ခင်က ဝိုင်အမ်ဘီအေ အသင်းကြီးရဲ့ ဝံသာနုလှုပ်ရှားမှုတွေပဲ ရှိခဲ့ရာက သပိတ်ကြီး ပြီးတော့ နိုင်ငံရေး ဒီရေ တဆင့် တက်လာပြီး ၁၉၂၁ မှာ General Council of Burmese Association (GCBA) လို့ ခေါ်တဲ့ မြန်မာ အသင်းချုပ်ကြီးကို ဖွဲ့စည်းနိုင်ခဲ့ပါတော့တယ်။

၁၉၂၀၊ သပိတ်ကြီးရဲ့ အရှိန်ဟာ ဘယ်လောက်အထိ ကျယ်ပြန့် ရိုက်ခတ်ခဲ့သလဲ ဆိုရင် ၁၉၂၉ မှာ တကမ္ဘာလုံး စီးပွားပျက်ကပ်ကြီး ဆိုက်တဲ့အချိန် မြန်မာပြည် တောင်သူလယ်သမား အရေးတော်ပုံကြီး ပေါ်ပေါက်လာစေတဲ့အထိပါပဲ။

၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလမှာ ရဂုံစံ ချစ်စရာတပည့်တို့မှာဖြင့်၊ ဉာဏ်အရဟံ သစ္စာကတိတွေနှင့်၊ ဂဠုန်သရဏံ ဂစ္ဆာမိကြပေတော့ ဆိုတဲ့ ဂဠုန်ဆရာစံ ဦးဆောင်တဲ့ နယ်ချဲ့ ဆန့်ကျင်ရေး လက်နက်ကိုင် ပုန်ကန်မှု ဖြစ်ခဲ့ပါတယ်။ ဆရာစံဟာ ဂျီစီဘီအေ အဖွဲ့ဝင်တဦးပါ။ မြန်မာတို့ရဲ့ နယ်ချဲ့ ဆန့်ကျင်ရေးဟာ ဥပဒေတွင်း တိုက်ပွဲကနေ လက်နက်ကိုင်တိုက်ပွဲ အသွင်ကို ကူးပြောင်းခဲ့တာပါပဲ။

၁၉၂၀၊ ပထမ တက္ကသိုလ် သပိတ်ကြီးနဲ့ ပတ်သက်လို့ လေးစားလောက်တဲ့ သမိုင်းဝင် မှတ်ချက်တခုကတော့၊ အင်္ဂလိပ် စာရေးဆရာကြီး မောရစ်ကောလစ်က သူ့ရဲ့ 'Last and First in Burma' ဆိုတဲ့ စာအုပ်မှာ **"မြန်မာနိုင်ငံ သမိုင်းတွင် ၁၉၂၀ ပြည့်နှစ် နိုင်ငံရေးလှုပ်ရှားမှုသာမပေါ်ပေါက်ခဲ့လျှင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရန် ထိုမျှ စောလိမ့်မည်မဟုတ်"** လို့ ရေးသားခဲ့တဲ့ အချက်ပါပဲ။

၁၉၂၀၊ တက္ကသိုလ် ကျောင်းသားတွေ ပထမဆုံး သပိတ်မှောက်ခဲ့တဲ့ အထိမ်းအမှတ် အဖြစ် ရန်ကုန်မြို့ ရွှေတိဂုံ စေတီတော် စနေထောင့်မှာ တည်ထားတဲ့ စေတီနဲ့ ကမ္ပည်း ကျောက်စာတိုင်ကိုတော့ နအဖ စစ်အုပ်စုက မတရား ပိတ်ပင် အမှောင်ချထားလို့ နောက်မျိုးဆက် ကျောင်းသားတွေ ဖူးမျှော်ခွင့်၊ အလေးပြုခွင့် မရတော့ပါဘူး။

ဘာပဲဖြစ်ဖြစ် အခုဆိုရင် ဒီသပိတ်ကြီးရော၊ အမျိုးသားနေ့ရော၊ ရန်ကုန် တက္ကသိုလ်ကြီးရော (၈၈) နှစ်ပြည့် ရောက်လို့ (၈၈) ကြိမ် မြောက်ခဲ့ပါပြီ။ ဒီနေ့အချိန်မှာလည်း ကျောင်းသားတွေဟာ ပြည်သူလူထုကြီး ရှေ့ကနေ မားမားမတ်မတ်ရပ်ပြီး စစ်အာဏာရှင်စနစ်ကို ကြွံကြွံခံ ရင်ဆိုင် အန်တုနေဆဲပဲ မဟုတ်ပါလား။



*သပိတ်မှောက်ကျောင်းသားကြီးများသစ္စာအဓိဋ္ဌာန်ပြုရာရွှေတိဂုံစေတီအနောက်တောင်ထောင့်တွင် စိုက်ထူထားသောအထိမ်းအမှတ်ကျောက်တိုင်*

## အပိုင်း (၄)၊ ၁၉၃၆၊ ဒုတိယ တက္ကသိုလ်သပိတ်

*ဖေဖော်ဝါရီ ၈၊ ၂၀၀၉*

ပထမ တက္ကသိုလ် သပိတ်ကြီး ပြီးလို့ ၁၀ နှစ်အကြာ ၁၉၃၀ ဒီဇင်ဘာမှာ လယ်သမားသူပုန် ဂျွန် တော်လှန်ရေးကြီး ဖြစ်ပေါ်ခဲ့တယ်။ မရှေးမနှောင်းမှာပဲ ၁၉၃၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှာ 'တကသ' လို့ခေါ်တဲ့ ရန်ကုန် တက္ကသိုလ် ကျောင်းသားများ သမဂ္ဂ စတင် ဖွဲ့စည်း ပေါ်ထွက်လာခဲ့ပါတယ်။

ဗြိတိသျှ နယ်ချဲ့အစိုးရဟာ ၁၉၃၅ ခုနှစ်မှာ မြန်မာနိုင်ငံကို အိန္ဒိယကနေ ခွဲထုတ်လိုက်ပြီး ၉၁ ဌာန အုပ်ချုပ်ရေးကို သွတ်သွင်းလာခဲ့ပါတယ်။ အဲဒီအချိန် ၁၉၃၅ မှာပဲ သခင်ဘသောင်းနဲ့ ပညာတတ် မြန်မာလူငယ် တစုဟာ "မြန်မာစာသည် တို့စာ၊ မြန်စကားသည် တို့စကား၊ သခင်မျိုးဟေ့ တို့ဗမာ" ဆိုတဲ့ ကြွေးကြော်သံနဲ့ တို့ဗမာ အစည်းအရုံးကို ထူထောင်လိုက်ကြပါတယ်။

"အရှေ့က နေဝန်းထွက်သည့်ပမာ၊ တို့ခေတ်ကိုတော့ ရောက်ရမည်မှာ မလွဲပါ" ဆိုတဲ့ ဗိုင်အမ်ဘီအေ ဆရာတင် ရေးတဲ့ 'တို့ဗမာ' သီချင်းဟာ ကျောင်းသားတွေ ပြည်သူတွေကြားမှာ ပျံ့နှံ့ လွှမ်းမိုးသွားပါပြီ။

အဲဒီ ၁၉၃၅ ခုနှစ်ထဲမှာပဲ ရန်ကုန် တက္ကသိုလ် ကျောင်းသားများ သမဂ္ဂ (တကသ) ရဲ့ အာဘော်ဖြစ်တဲ့ သမဂ္ဂ မဂ္ဂဇင်းကြီးကိုလည်း 'အိုးဝေ' မဂ္ဂဇင်းလို့ နာမည် ပြောင်းလိုက်ကြပါတယ်။ ဒုတိယ တက္ကသိုလ် ကျောင်းသားသပိတ်ကြီး ဟာ အဲဒီ အိုးဝေ မဂ္ဂဇင်းကနေ စခဲ့တာပါပဲ။

၁၉၃၆၊ ဇန်နဝါရီ ၁၁ တကသ (၅) နှစ်ပြည့် ကျောင်းသား သမဂ္ဂ အဆောက်အဦမှာ စကားစစ်ထိုးပွဲ လုပ်ပါတယ်။ အဲဒီပွဲမှာ တကသ ဥက္ကဋ္ဌဖြစ်တဲ့ ကိုနု (သခင်နု) က နယ်ချဲ့ အစိုးရကို ခပ်ကြမ်းကြမ်း ထိုးနှက် တိုက်ခိုက်တဲ့ မိန့်ခွန်း ပြောလိုက်ပါတယ်။ ဒီအတွက် တက္ကသိုလ် အာဏာပိုင်တွေက ဥက္ကဋ္ဌ ကိုနုကို ထုချေလွှာ တောင်းပါတယ်။

အဲဒီအချိန်မှာ ထွက်လာတဲ့ အိုးဝေ မဂ္ဂဇင်း အင်္ဂလိပ်စာ ကဏ္ဍမှာ **The Hell Hound At Large ငရဲခွေးကြီး လွတ်နေပြီ** ဆိုတဲ့ ဆောင်းပါးပါလာတယ်။ ရေးတဲ့သူက ယမမင်းလို့ အမည်ခံထားတဲ့ ဦးညိုမြပါ။ ဒီဆောင်းပါးဟာ ရန်ကုန် တက္ကသိုလ် ပါမောက္ခချုပ် မစ္စတာ စလော့ကို ဝေဖန် တိုက်ခိုက်ထားတဲ့ ဆောင်းပါး ဖြစ်နေပါတယ်။

ဒီတော့ တက္ကသိုလ် အာဏာပိုင်တွေက ဒီဆောင်းပါးရေးသူကို နာမည်ဖော်ထုတ်ပေးဖို့ တာဝန်ခံ အယ်ဒီတာ ကိုအောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း) ကို အရေးဆိုလာပါတယ်။ အယ်ဒီတာ ကိုအောင်ဆန်းက အယ်ဒီတာတို့ စောင့်ထိန်းအပ်သည့် ကျင့်ဝတ်အရ ဖော်ထုတ်မပေးနိုင်ပါလို့ အကြောင်းပြန်လိုက်ပါတယ်။

တကသ ဥက္ကဋ္ဌ ကိုနုကလည်း ထုချေလွှာမပေးပါဘူး။ တက္ကသိုလ် အာဏာပိုင်အဖွဲ့က အိုးဝေမဂ္ဂဇင်း တာဝန်ခံ အယ်ဒီတာ ကိုအောင်ဆန်းကို ကျောင်းထုတ် ပစ်လိုက်ပါတော့တယ်။ ဒါကို မကျေနပ်တဲ့ ဥက္ကဋ္ဌ ကိုနုက နယ်ချဲ့ အစိုးရကို ကန့်ကွက် ရှုတ်ချတဲ့အနေနဲ့ BA (ဝိဇ္ဇာဘွဲ့) ကို ပြန်အပ်လိုက်ပါတော့တယ်။ အာဏာပိုင်တွေဘက်က ကိုနုကို ကျောင်းထုတ်လိုက်တယ် ဆိုတဲ့စာ ၂၁၊ ၃၊ ၃၆ နေ့မှာ ထုတ်ပြန်လိုက်တယ်။

ဒါတွေဟာ တကသကို စော်ကားတာပဲလို့ တက္ကသိုလ် ကျောင်းသားထုကြီးက မကျေမချမ်း ဖြစ်ကုန်ကြပါတယ်။ တကသ အမှုဆောင်အဖွဲ့က တဖွဲ့လုံး ဖေဖော်ဝါရီလ ၂၈ ရက် စာမေးပွဲကို မဖြေဘဲ သပိတ်မှောက်မယ်လို့ ပထမ စဉ်းစားကြပါတယ်။ ဒါပေမဲ့ ကျောင်းသားထု တရပ်လုံးကပါ မခံမရပ် ဖြစ်နေတဲ့အတွက် ဖေဖော်ဝါရီ ၂၅ ရက်နေ့ သမဂ္ဂ အဆောက်အဦမှာ ကျောင်းသားထု အစည်းအဝေး ခေါ်ခဲ့ရပါတယ်။

သမဂ္ဂခန်းမကြီး လျှံထွက်သွားတဲ့ ဒီအစည်းအဝေးကြီးကပဲ သပိတ်မှောက်ဖို့ ဆုံးဖြတ်လိုက်တဲ့အတွက် ၁၉၃၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှာ ဒုတိယ တက္ကသိုလ် သပိတ်ကြီး ပေါ်ပေါက်လာခဲ့ပါတော့တယ်။ ဂျပ်ဆင်ကောလိပ် အပါအဝင် တပြည်လုံးက အထက်တန်း၊ အလယ်တန်း ကျောင်းသားတွေကလည်း တကသရဲ့ ဦးဆောင်မှုနောက်မှာ သပိတ်ထဲ ပါလာကြပါတယ်။

ရွှေတိဂုံဘုရားမှာ စခန်းချပြီး သပိတ်မှောက်နေတဲ့ ကျောင်းသားတွေထဲမှာ အစိုးရဝန်ထမ်း သားသမီးတွေ လည်း ပါပါတယ်။ ဒီကျောင်းသားတွေကို သပိတ်စခန်းကနေ ပြန်မခေါ်ရင် သူတို့ မိဘတွေကို အလုပ်ဖြုတ်ပစ်မယ်လို့ နယ်ချဲ့ အစိုးရက ခြိမ်းခြောက် အကြပ်ကိုင်လာပါတယ်။ ဒါပေမဲ့ မိဘတွေက ဘယ်လိုပဲခေါ်ခေါ် အဲဒီ အစိုးရ ဝန်ထမ်း သားသမီး ကျောင်းသူ ကျောင်းသားတွေဟာ မျက်ရည်စက်လက်နဲ့ မိဘကို ကျောခိုင်းပြီး တကသ ဘက်ကနေ သပိတ် လှန်တဲ့အထိ တိုက်ပွဲဝင် သွားခဲ့ကြပါတယ်။

အဲဒီ သပိတ်ကြီးမှာပဲ တပြည်လုံးက ကျောင်းသား လှုပ်ရှားမှုတွေကို စည်းရုံး ဦးဆောင်နိုင်ဖို့ ဗမာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများ သမဂ္ဂ (ဗကသ) – ABSU ကို ထူထောင်ဖို့ အင်းလျားဆောင်က သပိတ်မှောက် ကျောင်းသူ မအမာက အဆို တင်သွင်းတဲ့အတွက် ၁၉၃၆ ခုနှစ်၊ မေလ ၈ ရက်နေ့မှာ ကနဦး 'ဗကသ' (ABSU) ကို ညီလာခံ

ခေါ်ယူ ဖွဲ့စည်းနိုင်ခဲ့ကြပါတယ်။ ပထမဆုံး ၁၉၃၆၊ ဗကသ ဥက္ကဋ္ဌက မစ္စတာရာရှစ်၊ ဗိုလ်ချုပ်အောင်ဆန်းက အထွေထွေ အတွင်းရေးမှူးပါ။ ၁၉၃၈ မှာတော့ ဗိုလ်ချုပ်အောင်ဆန်းက ဥက္ကဋ္ဌ ဖြစ်လာပါတယ်။

ဆရာ ဒဂုန်တာရာဟာ အဲဒီ ၃၆ ဗကသ ညီလာခံကို ကျိုက်လတ်မြို့ကနေ အထက်တန်း ကျောင်းသား ကိုယ်စားလှယ် အဖြစ်နဲ့ တက်ရောက်ခဲ့သူပါ။ အဆိုတင်သွင်းတဲ့ အင်းလျားဆောင်က သပိတ်မှောက်ကျောင်းသူ မအမာ ဆိုတာကတော့ သတင်းစာဆရာ၊ စာရေးဆရာမကြီး လူထုဒေါ်အမာ ဖြစ်လာခဲ့ပါတော့တယ်။

အမေ လူထုဒေါ်အမာ ပြန်ပြောပြဖူးတဲ့ ၁၉၃၆ သပိတ်အကြောင်းကို ကျနော် ပြန်အမှတ်ရမိပါတယ်။ "၃၆ သပိတ်ကြီးတုန်းက ရွှေတိဂုံ ကုန်းတော်ပေါ်က မော်လမြိုင်ဇရပ်မှာ စခန်းချနေကြတဲ့ အချိန်။ တနေ့တော့ ဆရာဇော်ဂျီနဲ့ ဆရာမင်းသုဝဏ်တို့ အမေတို့ သပိတ်စခန်းကို ရောက်လာကြတယ်။ အဲဒီတုန်းက ဆရာတို့က ကျောင်းမှာ ကျူတာ ပေါက်စလေးတွေပေါ့။ အဲဒီနေ့က ၉၊ ၃၊ ၃၆ နေ့။ အမေတို့ ကျောင်းသားတွေက အော်တိုရေးခိုင်းတော့ ရေးပေးကြပါတယ်။ ဆရာမင်းသုဝဏ်က အမေ့စာအုပ်ထဲမှာ 'အမာသည် အပျော့မဟုတ်၊ အဖြူသည် အမည်းမဟုတ်၊ အဖြောင့်သည် အကောက်မဟုတ် – အမာကို မပျော့စေနှင့်၊ အဖြူကို မမည်းစေနှင့်၊ အဖြောင့်ကို မကောက်စေနှင့်' လို့ ရေးပေးသွားခဲ့တယ်။"

ဒီတက္ကသိုလ် ဒုတိယသပိတ်နဲ့ ပတ်သက်တဲ့ ဆရာဦးသိန်းဖေမြင့်ရဲ့ 'သပိတ်မှောက်ကျောင်းသား' ဝတ္ထုကြီး ကိုလည်း ကျနော် သတိရတယ်။

ဒီ ၁၉၃၆၊ ဒုတိယ တက္ကသိုလ် ကျောင်းသား သပိတ်ဟာ နောင် ၁၉၃၈ မှာ ပေါ်ပေါက်လာမယ် ၁၃၀၀ ပြည့် အရေးတော်ပုံကြီးရဲ့ ပဏာမ တိုက်ပွဲပဲ မဟုတ်ပါလား။



*၁၉၃၆ ခု၊ တက္ကသိုလ်သပိတ်မှောက် ကျောင်းသူ၊ကျောင်းသားများရန်ကုန်မြို့တွင်းသို့ စီတန်းလှည့်လည်ကြစဉ်။*

## အပိုင်း (၅)၊ ၁၉၃၈၊ တတိယ တက္ကသိုလ် သပိတ်၊ ၁၃၀၀ ပြည့်အရေးတော်ပုံ

*ဖေဖော်ဝါရီ ၁၄၊ ၂၀၀၉*

၁၉၃၆၊ တက္ကသိုလ် ဒုတိယသပိတ်ကြီး အပြီးမှာတော့ နဂိုမူလ ကဒေါင်းအလံတွေနေရာမှာ ရဲရဲနီတဲ့ ခွပ်ဒေါင်းအလံတွေ အစားထိုး လွင့်ပျံလာခဲ့ပါပြီ။

၃၆ သပိတ်ကြီးက မွေးဖွားပေးခဲ့တဲ့ 'ဗကသ' ABSU ရဲ့ အထွေထွေအတွင်းရေးမှူးဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းက ခွပ်နေတဲ့ ဒေါင်းပုံ ရေးဆွဲပေးဖို့ တောင်းဆိုလို့ ကာတွန်း ဦးဘဂျမ်းက ခွပ်ဒေါင်းပုံ ရေးဆွဲပေးခဲ့တာလို့ ဆိုပါတယ်။ လွတ်လပ်ရေးကို 'က' ပြီးတော့ မယူဘူး၊ 'ခွပ်' ပြီးတော့ ယူမယ်ဆိုတဲ့ ခွပ်ဒေါင်းစိတ်ဓာတ် အစဉ်အလာက အဲဒီ အချိန်ကတည်းက စခဲ့တာပါပဲ။

မြန်မာပြည်သူလူထုရဲ့ အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှု နိုင်ငံရေး ဒီရေဟာ တဖြည်းဖြည်း မြင့်တက်လာနေပါပြီ။

၁၉၃၇ မှာတော့ မြန်မာ့နိုင်ငံရေးမှာ အရေးပါတဲ့ လှုပ်ရှားမှုတခု ပေါ်ထွက်လာခဲ့ပါတယ်။ အဲဒါကတော့ 'နဂါးနီ' စာအုပ်အသင်း ပေါ်ထွက်လာခြင်းပါပဲ။ သခင်နု၊ သခင်သန်းထွန်း၊ သခင်စိုးတို့ ဦးဆောင်ပြီး နဂါးနီကို ထူထောင်လိုက်ကြပါတယ်။ နဂါးနီ စာအုပ်အသင်းဟာ မြန်မာ့လွတ်လပ်ရေးအတွက် တော်လှန်တဲ့ အတွေးအခေါ်တွေ ဖြန့်ချိပေးနိုင်တဲ့ လှုပ်ရှားမှု ဖြစ်လာပါတယ်။

"ဆင်းရဲခြင်း လွတ်ကင်းအောင် လမ်းပြဆောင်ပါမည်" ဆိုတဲ့ 'နဂါးနီ' သီချင်းဟာလည်း ၁၉၃၅ ခုနှစ်က ပေါ်ထွက်ခဲ့တဲ့ 'တို့ဗမာ' သီချင်းလိုပဲ မြန်မာပြည်သူလူထုရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားလာခဲ့ပါတော့တယ်။

၁၉၃၈ ရောက်တော့ ဧပြီလ ၂၅ ရက်နေ့ ပုသိမ်မြို့မှာ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ (ဗကသ) All Burma Students Union (ABSU) ရဲ့ တတိယ အစည်းအဝေး ကျင်းပပါတယ်။ ဒီအစည်းအဝေးမှာ ရန်ကုန် တက္ကသိုလ် အက်ဥပဒေကြမ်းကို ဗြိတိသျှ အစိုးရက ဩဂုတ်လ ဥပဒေအထိ ဘာမှ ဖြစ်မလာသေးဘူးဆိုရင် ကျောင်းသားတွေက သပိတ်မှောက်ဖို့ ဆုံးဖြတ်ချက် ချခဲ့ကြပါတယ်။

အဲဒီညီလာခံမှာ သဘာပတိဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းက ၁၉၃၆ သပိတ်ဟာ ပထမပိုင်းမှာ အောင်မြင်ခဲ့ပေမဲ့ နောက်ပိုင်းမှာ မိမိတို့ အင်အား ပြန်လည်ဖြည့်တင်းဖို့ အောင်မြင်စွာ သပိတ်လှန်ခဲ့ရကြောင်း၊ ဒီတခါ သပိတ်မှောက်ရင်တော့ "အောင်ဆန်းသော်လည်း ပြုတ်ရမယ်၊ တိုက်ပွဲသော်လည်း အောင်ရမယ်" လို့ ပြောဆိုသွားပါတယ်။

ဒီအစည်းအဝေးပြီးလို့ မကြာပါဘူး၊ ကိုအောင်ဆန်းက ကျောင်းသားခေါင်းဆောင် ဘဝက ထွက်ပြီး တို့ဗမာ အစည်းအရုံးကြီးကို ခြေစုံပစ် ဝင်သွားခဲ့ပါတော့တယ်။ ကိုအောင်ဆန်းရဲ့ နေရာကို ကိုဗဟိန်းက ဆက်ခံပါတယ်။

မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်၊ ၁၉၃၈၊ နိုဝင်ဘာမှာတော့ ချောက်ရေနံမြေက ဘီအိုစီ အလုပ်သမားတွေရဲ့ သပိတ်ကြီး ပေါ်ထွက်လာခဲ့ပါတယ်။ ရေနံမြေ သပိတ်တပ်သားတွေဟာ ရန်ကုန်မြို့ကို ချီတက်ဖို့ ထွက်ခွာလာကြပါတယ်။

အလုပ်သမား သပိတ်တပ်ကြီးကို ထောက်ခံဖို့ ကျောင်းသားခေါင်းဆောင်တွေ ဖြစ်တဲ့ ကိုဗဟိန်းနဲ့ ကိုဗဆွေတို့ မကွေးမြို့အထိ တက်ပြီး သွားရောက် ကြိုဆိုကြပါတယ်။ အဲဒီမှာ နယ်ချဲ့ အစိုးရက ကိုဗဟိန်းနဲ့ ကိုဗဆွေတို့ကို ဖမ်းပြီး မကွေးထောင်ထဲ ထည့်လိုက်ပါတော့တယ်။

သပိတ်တပ်ကြီးရဲ့ အရှိန်အဟုန်က ရပ်တန့် မသွားပါဘူး။ မကွေးထောင် အချုပ်ခန်း ခေါင်မိုးကို ဖောက်ပြီး ကိုဗဟိန်းက သပိတ်တပ်ကြီးကို **"ရဲဘော်တို့ရှေ့ကို ဆက်ပြီး ချီတက်ကြပါ။နယ်ချဲ့ မြင်းစီးပုလိပ်တွေရဲ့မြင်းခွာတချက်ပေါက်ရင် မီးဟုန်းဟုန်းတောက်စေရမယ်"** လို့ ရဲရဲတောက် မိန့်ခွန်း ပြောလိုက်ပါတယ်။

စစ်တောင်းမြစ်ဝှမ်းက တောင်သူလယ်သမား တပ်ကြီးလည်း ရန်ကုန်မြို့ကို ချီတက်လာနေပါပြီ။ အလုပ်သမား၊ လယ်သမား၊ ကျောင်းသားတွေ လက်တွဲသွားကြပါပြီ။ ကိုဗဟိန်း အဖမ်းခံနေရတော့ အာဏာရှင် ကိုလှရွှေလို့ ခေါ်တဲ့ ကိုလှရွှေက တကသ ခေါင်းဆောင် ဖြစ်လာပါတယ်။ ၁၃၀၀ ပြည့်၊ လူထုလှုပ်ရှားမှုတိုက်ပွဲက အရှိန်အဟုန် မြင့်တက်လို့ လာပါပြီ။

၁၉၃၈၊ ဒီဇင်ဘာ ၂၀ ရက်နေ့မှာတော့ ကျောင်းသားတွေက အတွင်းဝန်ရုံး ရှေ့မှာ ဆန္ဒပြကြပါတယ်။ အဲဒီတုန်းက ဆရာဒဂုန်တာရာနဲ့ NLD က အန်ကယ် ဦးကြည်မောင်တို့ဟာ တပ်ဦးက အလံကိုင် တပ်ဖွဲ့ဝင်တွေပေါ့။

ရန်ကုန်တက္ကသိုလ် ကျောင်းသားတွေရဲ့ တပ်ဦးနောက်မှာ ဆရာဖြစ်သင် ကောလိပ်က ကျောင်းသားတွေ လိုက်ပါ ချီတက်ကြပါတယ်။ ဆရာဖြစ်သင် ကျောင်းသားတွေကို ခေါင်းဆောင်နေတဲ့ သူကတော့ ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောပါပဲ။

ဆရာဒဂုန်တာရာ ရေးတဲ့ 'ဒဂုန်တာရာ၏ ဒဂုန်တာရာ' စာအုပ်၊ ဦးသိန်းဖေမြင့်ရဲ့ 'အရှေ့က နေဝန်းထွက်သည့်ပမာ' စာအုပ်၊ မကြာသေးခင်က ထွက်ခဲ့တဲ့ ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောရဲ့ 'ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ' စာအုပ်တွေကို ကျနော် ပြန်အမှတ်ရလာပါတယ်။

အေးအေးချမ်းချမ်း ဘာလက်နက်မှ မပါဘဲ အကြမ်းမဖက် ဆန္ဒပြပြီးကြလို့ ကျောင်းသားတွေ အတွင်းဝန်ရုံးရှေ့က ပြန်ထွက်လာတဲ့ အချိန်မှာ နယ်ချဲ့ လက်ပါးစေ မြင်းစီးပုလိပ်တွေက နံပါတ်တုတ်တွေနဲ့ တပ်ဦးက ကျောင်းသားတွေကို အတင်းဝင်ရိုက် ဖြိုခွဲပါတော့တယ်။

ဂျပ်ဆင်ကောလိပ်က ကိုအောင်ကျော်ခမျာ နံပါတ်တုတ်နဲ့ ဆင့်ကာဆင့်ကာ အရိုက်ခံရတဲ့ ဒဏ်ရာကြောင့် ဆေးရုံကို ပို့ကြရပါတယ်။ ဒဏ်ရာ ပြင်းထန်လွန်းတဲ့အတွက် ဒီဇင်ဘာ ၂၂ ရက်နေ့မှာတော့ ကိုအောင်ကျော် ကျဆုံးခဲ့ရရှာပါတယ်။ အဲဒီနေ့ ကျောင်းသားအာဇာနည် ဗိုလ်အောင်ကျော် ကျဆုံးတဲ့နေ့ကို မြန်မာနိုင်ငံ ကျောင်းသားနေ့လို့ သတ်မှတ်ခဲ့တာဖြစ်တယ်။

၁၃၀၀ ပြည့် အရေးတော်ပုံကြီးက တပြည်လုံးကို ကူးစက်ပျံ့နှံ့လို့ သွားပါပြီ။ ဂျာနယ်ကျော်ဦးချစ်မောင် ဦးစီးတဲ့ မြန်မာ့အလင်း သတင်းစာက **"လွတ်လပ်ရေး တိုက်ပွဲတွင် မျိုးချစ်အာဇာနည် ဗမာပီသည့် ကိုအောင်ကျော်ကားမြတ်သော သေခြင်းဖြင့်သေခဲ့လေပြီ"** လို့ ဂုဏ်ပြု ကမ္ဗည်းတင်ပါတယ်။

ဗိုလ်အောင်ကျော် စျာပနမှာ ကျောင်းသားအာဏာရှင် ကိုလှရွှေက "ဟယ် – နယ်ချဲ့အစိုးရ" လို့ လက်သီးငေါက်ငေါက်ထိုးပြီး စွပ်စွဲတိုက်ခိုက် မိန့်ခွန်းပြောပါတယ်။ ကိုအောင်ကျော် မိခင်ကြီး ဒေါ်ရွှေကျော့ကတော့ **"အောင်ကျော်ရေ - မင်းသေလို့ အမေ ဝမ်းနည်းတာထက် မင်းလိုသားမျိုး နောက်ထပ် မမွေးနိုင်မှာကို အမေ ပိုဝမ်းနည်းတယ်သားရေ"** လို့ ယူကျုံးမရ ပြောခဲ့ပါတယ်။

အင်းစိန်အကျဉ်းထောင်ထဲ ရောက်နေတဲ့ ကိုဗဟိန်း၊ ကိုဗဆွေ၊ သခင်စိုး စသူတို့ကလည်း "အာဇာနည် ရဲဘော်အောင်ကျော်၊ သင် ယခုကဲ့သို့ အသက်စွန့်ရခြင်းဖြင့် ကိုယ့်မင်းကိုယ်ချင်း လောကနိဗ္ဗာန်ကြီး တည်ထောင်ရေး စခန်းသည် မုချဧကန် တိုးတက်စေအံ့" ဆိုပြီး ဝမ်းနည်းသဝဏ်လွှာ ထောင်ထဲကနေ ရေးပို့ခဲ့ကြပါတယ်။

ဒီ ၁၉၃၈၊ တတိယ တက္ကသိုလ်သပိတ်၊ ၁၃၀၀ ပြည့် အရေးတော်ပုံကြီးရဲ့ အဓိက အောင်မြင်မှုကတော့ ဗြိတိသျှ နယ်ချဲ့တို့ ကြိုးကိုင်ထားတဲ့ ဒေါက်တာဘမော် အစိုးရ ပြုတ်ကျသွားတာပါပဲ။

ဒီအရေးတော်ပုံကြီးမှာ ကျောင်းသားတွေရဲ့ သွေး စပြီး မြေကျခဲ့ရတယ်။ ဒီသွေးတွေ အခုအထိ မခြောက်သေး၊ မခမ်းသေးပါဘူး။



ချောက်ရေနံမြေဘီအိုစီ စတိုဂိုတ်တွင်သပိတ်တားနေကြသောအမျိုးသမီးငယ်များ။

## အပိုင်း (၆)၊ ကျောင်းသားသမဂ္ဂရဲဘော်သုံးကျိပ်နှင့်ဖက်ဆစ်တော်လှန်ရေး

*ဖေဖော်ဝါရီ ၂၁၊ ၂၀၀၉*

၁၃၀၀ ပြည့် အရေးတော်ပုံကြီးပြီးတဲ့အခါ ကမ္ဘာမှာ ဒုတိယအကြိမ် စစ်မီးကြီး ထတောက်လာပါတယ်။ ၁၉၃၉ ခုနှစ်ခုမှာ ဥရောပနဲ့ အာရှတိုက်မှာပါ ဒုတိယကမ္ဘာစစ် ဖြစ်လာပါတယ်။ အရှေ့ဖျားမှာ ဂျပန်က အင်္ဂလိပ်တို့ရဲ့ ကိုလိုနီအင်ပါယာကို ခြိမ်းခြောက်လာပါတယ်။

၁၃၀၀ ပြည့်အရေးတော်ပုံအတွင်းမှာ စုစည်းမိသွားကြတဲ့ အလုပ်သမား၊ လယ်သမား၊ ကျောင်းသားတပ်ပေါင်းစု အင်အားသစ်ဟာ အမျိုးသား လွတ်မြောက်ရေး၊ နယ်ချဲ့ ဆန့်ကျင်ရေး အတွက် နည်းလမ်းမျိုးစုံကို တွေးတောလာကြပါတယ်။

ဒီအရေးတော်ပုံကြီး အတွင်းမှာ ရန်ကုန်မှာ ကျောင်းသား အာဇာနည် ဗိုလ်အောင်ကျော် ကျဆုံးခဲ့ရတယ်။ မန္တလေးမှာ ၁၄ နှစ်အရွယ် ကျောင်းသားကလေး အပါအဝင် ရဟန်းရှင်လူပြည်သူ ၁၇ ဦး အသက်ပေးခဲ့ရတယ်။ မြေကျခဲ့တဲ့ ကျောင်းသားတွေရဲ့ သွေး၊ ခွပ်ဒေါင်းသွေးဟာ လွတ်လပ်ရေးကို တိုက်ယူဖို့ ချင်းချင်းနီနေခဲ့ပါတယ်။

ကျောင်းသားသမဂ္ဂထဲက ပညာတတ် လူငယ်ခေါင်းဆောင်တွေရဲ့ အခန်းကဏ္ဍက ရှေ့တန်း ရောက်လာပါတယ်။ ၁၉၃၉ ခုနှစ်ထဲမှာပဲ အဲဒီ ပညာတတ် လူငယ်တွေဟာ CPB (ဗမာပြည်ကွန်မြူနစ်ပါတီ) ကို ထူထောင်လိုက်ကြပါတယ်။ ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ ပထမဆုံး အထွေထွေ အတွင်းရေးမှူးဟာ ဗိုလ်ချုပ်အောင်ဆန်း ဖြစ်ပါတယ်။

ဒုတိယ ကမ္ဘာစစ်မီးကြီး အာရှကိုပါ ကူးစက်လာတော့ မြန်မာနိုင်ငံကို အုပ်စိုးနေတဲ့ ဗြိတိသျှ အစိုးရအဖို့ အခက်အခဲနဲ့ ကြုံတွေ့လာရပါတော့တယ်။ အရှေ့ဖျားက ဂျပန်ရဲ့ ရန်ကြောင့် နယ်ချဲ့ အစိုးရ အကြပ်ရိုက်နေပါပြီ။

အဲဒီအချိန်မှာ နယ်ချဲ့ကို မောင်းထုတ်ဖို့ နိုင်ငံတကာ အကူအညီရဖို့ လိုအပ်တယ် ဆိုတဲ့ အတွေးခေါ်က ကျောင်းသား သမဂ္ဂ ခေါင်းဆောင်တွေကြားမှာ ရောက်ရှိနေပါပြီ။

အစောဆုံးအနေနဲ့ ၁၉၃၉ ခုနှစ်ကထဲမှာ တကာသ ခေါင်းဆောင်တွေဖြစ်ကြတဲ့ ကိုဗဟိန်းနဲ့ ဆရာ ဒဂုန်တာရာတို့ တရုတ်ပြည် ကွန်မြူနစ်ပါတီ၊ ဥက္ကဋ္ဌ မော်တို့နဲ့ ဆက်သွယ်ဖို့ လားရှိုးကနေ တရုတ်နိုင်ငံ ယူနန်ဘက်ကို လျှို့ဝှက် ခရီးထွက်ကြပါတယ်။ ဒါပေမဲ့ ရှမ်းပြည်နယ် နယ်ချဲ့ ပုလိပ်စုံထောက်တွေက ပိတ်ပင်ဟန့်တားလို့ ကိုဗဟိန်းနဲ့ ဆရာဒဂုန်တာရာတို့ရဲ့ တရုတ်ပြည် ကွန်မြူနစ်ပါတီနဲ့ ဆက်သွယ်ဖို့ ကိစ္စဟာ အထ မမြောက်လိုက်ရတော့ပါဘူး။

၁၉၃၉ နဲ့ ၄၀ တွေမှာ တို့ဗမာအစည်းအရုံးကြီးရဲ့ မော်လမြိုင်နဲ့ သာယာဝတီ ညီလာခံတွေကို ကျင်းပခဲ့ပါတယ်။ အဲဒီ ညီလာခံတွေကနေပြီး 'အင်္ဂလိပ်အခက်၊ ဗမာအချက်' ဆိုတဲ့ ကြွေးကြော်သံကို ထုတ်ပြန်ခဲ့ကြပါတယ်။

၁၉၄၀၊ စက်တင်ဘာမှာ ဗမာ့ထွက်ရပ်ဂိုဏ်း (Burma Freedom Bloc) ကို ဖွဲ့စည်း ထူထောင်လိုက်ကြပါတယ်။

တကာသ ခေါင်းဆောင်တွေ၊ ပညာတတ် လူငယ်တွေရဲ့ နိုင်ငံတကာ အကူအညီရရှိရေး အတွေးအခေါ်ဟာ ပျောက်ဆုံးမသွားသေးပါဘူး။ တရုတ်ပြည်ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌမော်တို့နဲ့ အဆက်အသွယ်ရဖို့ ဒုတိယအကြိမ် ကြိုးပမ်းသူတွေကတော့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ သခင်လှမြိုင်တို့ပါ။ သခင်လှမြိုင်ဆိုတာ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်အောင်ပါ။

ဒါပေမဲ့ ဗိုလ်ချုပ်အောင်ဆန်း ဥက္ကဋ္ဌ မော်နဲ့ တွေ့ဖို့ တရုတ်နိုင်ငံ 'ယင်အန်း' ကို သွားတဲ့ ခရီးဟာလည်း အထ မမြောက်ဘဲ ကံအားလျော်စွာ ဂျပန်နဲ့ ဆက်သွယ်မိပြီး ဟိုင်နန်ကျွန်းမှာ စစ်ပညာသင်ဖို့ ဖြစ်သွားခဲ့ရပါတော့တယ်။

၁၉၄၀ ပြည့်နှစ်ထဲမှာပဲ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ ရဲဘော်သုံးကျိပ် ဂျပန်နိုင်ငံမှာ စစ်ပညာသင်ဖို့ လျှို့ဝှက် ထွက်ခွာသွားကြပါတယ်။ အဲဒီ ရဲဘော်သုံးကျိပ် ဆိုတာမှာ တို့ဗမာ အစည်းအရုံး သခင်ကိုယ်တော်မှိုင်း လက်ဝဲဂိုဏ်းက ၂၁ ဦး၊ သခင်ဘစိန်၊ သခင်ထွန်းအုပ် လက်ယာဘက်ဂိုဏ်းက ၈ ဦးနဲ့ ဂျပန်မှာ အရင်ရောက်နှင့်တဲ့ ကိုဆောင်းဆိုသူတဦး စုစုပေါင်း အယောက် ၃၀ ဖြစ်ပါတယ်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း အဖွဲ့က ၂၁ ဦးမှာ သခင်အောင်ဆန်းက ခေါင်းဆောင်၊ ကိုလှဖေ (ဗိုလ်လက်ျာ) က ဒုတိယခေါင်းဆောင်ပါ။ သခင်ဘစိန်၊ သခင်ထွန်းအုပ် အဖွဲ့ ၈ ဦးမှာ ခေါင်းဆောင်က သခင်ရှူမောင် (ဗိုလ်နေဝင်း) ပါပဲ။ ဒီနှစ်ဖွဲ့ကြားမှာ ဆက်သွယ်ရေး အရာရှိအဖြစ်က သခင်ကိုယ်တော်မှိုင်း အဖွဲ့က ကိုထွန်းရှိန် (ဗိုလ်ရန်နိုင်) ဖြစ်ပါတယ်။

အဲဒီလိုသမိုင်းမှာ ပေါ်ပေါက်လာခဲ့တဲ့ ရဲဘော်သုံးကျိပ်ဆိုတာ တကယ်တော့ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂအဆောက်အအုံ Union ထဲကနေ သန္ဓေတည်ခဲ့တာ ဖြစ်ပါတယ်။ ၁၃၀၀ ပြည့်အရေးတော်ပုံကြီးအပြီး နယ်ချဲ့ကို တိုက်ဖို့ နိုင်ငံတကာ အကူအညီ ယူရမယ်ဆိုတဲ့ အတွေးအခေါ်ကို တကာသ ခေါင်းဆောင်တွေဟာ ဒီ Union သမဂ္ဂအဆောက်အအုံကြီးထဲမှာပဲ ဆွေးနွေး တိုင်ပင်ခဲ့ကြတာပါ။

ဒါကြောင့်လည်း ရဲဘော်သုံးကျိပ်ထဲမှာ တကသ ခေါင်းဆောင်တွေ အနေနဲ့ (၁) ကိုအောင်ဆန်း (ဗိုလ်တေဇ)၊ (၂) ကိုလှဖေ (ဗိုလ်လက်ျာ)၊ (၃) ကိုထွန်းရှိန် (ဗိုလ်ရန်နိုင်) နဲ့ (၄) ကိုလှမောင် (ဗိုလ်ဇေယျ) တို့ ၄ ဦး ပါဝင်နေတာ ဖြစ်ပါတယ်။

၁၉၄၁ မှာတော့ ကျောင်းသား သမဂ္ဂ ယာယီ ရပ်ဆိုင်းသွားခဲ့တယ်လို့ ဆိုရပါမယ်။ တကသ ခေါင်းဆောင်တွေ ဖြစ်တဲ့ သခင်နုနဲ့ ကိုဗဟိန်းတို့ဟာ သခင်သန်းထွန်း၊ သခင်စိုးတို့နဲ့ အတူ ဗြိတိသျှ အစိုးရရဲ့ အင်းစိန် အကျဉ်းထောင်ထဲမှာ ရောက်နေကြတဲ့ အချိန်ပါ။

၁၉၄၂ မှာတော့ ဗမာ့ လွတ်လပ်ရေး တပ်မတော် (BIA) ဖွဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဂျပန် ဗိုလ်ချုပ်ကြီး အီးဒါးတို့ မြန်မာနိုင်ငံထဲကို ပြန်ဝင်ရောက်လာခဲ့ကြပါတယ်။ အဲဒီနောက်တော့ BIA ကနေ BDA (ဗမာ့ ကာကွယ်ရေး တပ်မတော်)၊ PBF မျိုးချစ် (ဗမာ့တပ်မတော်) အဆင့်ဆင့်ပြောင်းပြီး ဖက်ဆစ်ဂျပန်ကို ပြန်တော်လှန်ဖို့ မြေအောက်တော်လှန်ရေး UG တွေ ဖွဲ့စည်းကြရပြန်ပါတယ်။

၁၉၄၄ မှာ ဗမာ့တပ်မတော်ရယ်၊ ဗမာ့ပြည် ကွန်မြူနစ်ပါတီရယ်၊ နောက်ဆုံး ဖွဲ့စည်းလိုက်တဲ့ ပြည့်သူ့ အရေးတော်ပုံ ပါတီ (BRP) ပူးပေါင်းပြီးတော့ ဖတပလ အဖွဲ့ချုပ် (နောင် ဖဆပလ) ကို ထူထောင်လိုက်ကြပါတယ်။

ဂျပန်ခေတ်မှာ သကသ၊ ဗကသရဲ့ ကျောင်းသားလှုပ်ရှားမှုကို တသီးတခြား မတွေ့ကြရပေမဲ့ ဂျပန်ဆန့်ကျင်ရေး အတွက် လှုပ်ရှားကြတဲ့ အဖွဲ့အစည်း အသီးသီး၊ လုပ်ငန်း အသီးသီးမှာတော့ တကသ၊ ဗကသ ကျောင်းသား ခေါင်းဆောင်တွေ အရေးကြီးတဲ့ နေရာက တာဝန် ယူခဲ့ကြရပါတယ်။

၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက် ဖက်ဆစ်တော်လှန်ရေးကြီး ဆင်နွှဲတဲ့ အချိန်မှာတော့ တကသ ခေါင်းဆောင်ဟောင်း ဗိုလ်ချုပ်အောင်ဆန်းက စစ်ရေးတာဝန်ခံ၊ သခင်စိုးက နိုင်ငံရေး၊ သခင်သန်းထွန်းက နိုင်ငံခြားဆက်သွယ်ရေး တာဝန်ခံတွေဖြစ်ပြီး ဦးသိန်းဖေမြင့်က အင်္ဂလိပ် အမေရိကန် မဟာမိတ်တပ်တွေနဲ့ ဆက်သွယ်ဖို့ အိန္ဒိယကို သွားတယ်။ ကျောင်းသား ခေါင်းဆောင် ကိုဗဟိန်းက ပဲခူးရိုးမ ကရင် တိုင်းရင်းသားတွေနဲ့အတူ ဂျပန် ခုခံဆန့်ကျင်ရေး ပြောက်ကျား စစ်ပွဲကို ဦးဆောင်ရပါတယ်။

ဖက်ဆစ်တော်လှန်ရေး ပြီးတော့မှသာ၊ ၁၉၄၆ မှာ အရေးပေါ် ကျောင်းသားသမဂ္ဂ ဆိုပြီး ရွှေတိဂုံကုန်းတော်၊ ဒိုက်ဦးဇရပ်မှာ ကွန်ဂရက် ခေါ်ယူကျင်းပနိုင်ခဲ့ပါတယ်။

အဲဒီအချိန်မှာပဲ **"မြင်းခွာတချက်ပေါက်ရင်မီးဟုန်းဟုန်းတောက်စေရမယ်"** ဆိုတဲ့ ကျောင်းသား ခေါင်းဆောင် ကိုဗဟိန်း၊ ဗမာပြည် ကွန်မြူနစ်ပါတီ ခေါင်းဆောင်၊ ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် ခေါင်းဆောင် သခင်ဗဟိန်းဟာ မန္တလေး ဆေးရုံကြီးပေါ်မှာ နှလုံးရောဂါနဲ့ ကွယ်လွန်သွားခဲ့ပါပြီ။



*ဂျပန်ခေတ်ဗမာ့ လွတ်လပ်ရေးတပ်မတော် (BIA) ၏ ဝါဒဖြန့် ပိုစကဒ်တခု။*

## အပိုင်း (၇)၊ ကျောင်းသားသမဂ္ဂနှင့် လွတ်လပ်ရေး
*ဖေဖော်ဝါရီ ၂၈၊ ၂၀၀၉*

ကျောင်းသား သမဂ္ဂကို အခုလို ရည်ရွယ်ချက်တွေနဲ့ ဖွဲ့စည်းခဲ့ကြတယ်။

(၁) လူမှု ဆက်ဆံရေး နယ်ပယ်၌ ကောင်းစွာ ဆောင်ရွက်နိုင်သော ဘဝကို ဖြစ်ထွန်းလာစေရန်၊
(၂) မိမိကိုယ် မိမိ အားကိုး၍ လွတ်လပ်စွာ ဆောင်ရွက်နိုင်သော ဘဝကို ဖြစ်ထွန်းလာစေရန်နှင့်
(၃) တာဝန် ဝတ္တရားများကို သိတတ်သော စိတ်ဓာတ်များ ဖြစ်ပေါ်လာစေရန်။

ဒီလိုရည်ရွယ်ချက်တွေနဲ့ နယ်ချဲ့လက်အောက် ၁၉၃၁ ခုနှစ်၊ ဇန်နဝါလ ၁၁ ရက်နေ့မှာ ရန်ကုန် တက္ကသိုလ် ကျောင်းသား သမဂ္ဂ (တကသ) ပေါ်ပေါက်လာတယ်။ ၁၉၃၆ မေလ ၈ ရက် ဒုတိယ တက္ကသိုလ် သပိတ်ကြီးမှာ ကနဦး ဗကသလို့ ခေါ်တဲ့ ဗမာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများ သမဂ္ဂ (ABSU) ပေါ်ထွက်လာခဲ့တယ်။

ဒီ တကသ၊ ဗကသ ကျောင်းသား သမဂ္ဂများဟာ ကိုလိုနီ နယ်ချဲ့ ဆန့်ကျင်ရေး၊ အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲမှာ တပ်ဦးကနေ ပါဝင်ခဲ့တယ်။

၁၃၀၀ ပြည့်အရေးတော်ပုံကြီးမှာ ကျောင်းသားတွေဟာ အလုပ်သမား၊ လယ်သမား၊ ပြည်သူတွေနဲ့ ပေါင်းစည်း မိသွားကြပြီ။

ရဲဘော်သုံးကျိပ် ဆိုတာ ကျောင်းသားသမဂ္ဂ အဆောက်အအုံ UNION ထဲကနေ သန္ဓေတည် မွေးဖွားခဲ့တာ ဖြစ်တယ်။

၁၉၄၁ နောက်ပိုင်း ဂျပန်ခေတ်အတွင်းမှာ ကျောင်းသားသမဂ္ဂများ ယာယီ ရပ်ဆိုင်း နေခဲ့ရပေမဲ့ တကသ၊ ဗကသ ကျောင်းသား ခေါင်းဆောင်တွေဟာ ဖက်ဆစ်တော်လှန်ရေးကာလ နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေး နယ်ပယ် အသီးသီးမှာ အဓိက အခန်းက တာဝန် ယူခဲ့ကြတယ်။

ဖက်ဆစ် တော်လှန်ရေးကြီး အပြီး၊ ၁၉၄၆ ခုနှစ်ထဲမှာ ကျောင်းသား သမဂ္ဂ အတွက် သာမက၊ တမျိုးသားလုံး အတွက် အကြီးမားဆုံး ဆုံးရှုံးမှုကတော့ ကျောင်းသားခေါင်းဆောင် ကိုဗဟိန်း ကွယ်လွန်သွားခြင်းပါပဲ။

ဖက်ဆစ်ဂျပန်တွေ မြန်မာ့မြေပေါ်က ဆုတ်ခွာသွားတဲ့အခါ၊ အင်္ဂလိပ်နယ်ချဲ့တွေ မြန်မာနိုင်ငံ ပြန်ဝင်လာကြ ပါတယ်။ ကက်စ်ဘီလို့ ခေါ်တဲ့ စက္ကူဖြူ အုပ်ချုပ်ရေးကို သွတ်သွင်းလာခဲ့တယ်။ ဘုရင်ခံအဖြစ် ရောက်လာသူကတော့ ဆာဟူး ဘတ်ရန် ဖြစ်တယ်။

ဒီနောက်ခံမှာပဲ ကျောင်းသားသမဂ္ဂရဲ့ လှုပ်ရှားမှုတွေကို ပြန်လည် မြင်တွေ့လာရပါပြီ။ ၄၆ ခုနှစ် အတွင်းမှာပဲ ဗမာ နိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂက ရွှေတိဂုံ ကုန်းတော်ပေါ်က ဒိုက်ဦးဇရပ်မှာ ကွန်ဂရက် ခေါ်ယူ ကျင်းပ ခဲ့ပါတယ်။ ဗကသက စစ်ပြီးခေတ် လွတ်လပ်ရေး တိုက်ပွဲနဲ့ ပတ်သက်တဲ့ ကျောင်းသားတွေရဲ့ သဘောထားကို ထုတ် ပြန်ကြေညာလိုက်တယ်။

၁၉၄၆၊ စက်တင်ဘာမှ ပေါ်ပေါက်လာတဲ့ တနိုင်ငံလုံး အထွေထွေ သပိတ်ကြီးမှာ ကျောင်းသား သမဂ္ဂဟာ အလုပ်သမား၊ လယ်သမား၊ ဝန်ထမ်း၊ ပြည်သူများနဲ့ အတူ ပါဝင် တိုက်ပွဲဆင်ခဲ့ပြန်ပါတယ်။

နယ်ချဲ့အစိုးရရဲ့ စက္ကူဖြူ အုပ်ချုပ်ရေးကို မြန်မာ ပြည်သူ လူထုက မနှစ်သက်ကြပါဘူး။ မကျေနပ်ကြပါဘူး။ ဒါကြောင့် ၁၉၄၆၊ စက်တင်ဘာ ၅ ရက်နေ့ကစပြီး အစိုးရ အမှုထမ်းပေါင်းစုံရဲ့ အထွေထွေသပိတ်ကြီး ပေါ်ပေါက် လာခဲ့ပါတော့တယ်။ ဒီတိုက်ပွဲစဉ်ထဲမှာ ဦးဝမ်းမောင် ခေါင်းဆောင်တဲ့ ပုလိပ်သပိတ်ကြီးလည်း အပါအဝင်ပေါ့။

ဖက်ဆစ် တော်လှန်ရေး အပြီးမှာ အခိုင်အမာ ဖွဲ့တည်လာတဲ့ ဖဆပလ အဖွဲ့ချုပ်ကြီးကလည်း ပြည်သူတွေရဲ့ ရှေ့မှာ သံမဏိတပ်ဦးကြီးအဖြစ် မားမားမတ်မတ် ရပ်တည်ခဲ့တယ်။

ဒီ ၄၆ အထွေထွေ သပိတ်ကြီးကြောင့် နယ်ချဲ့အစိုးရရဲ့ အုပ်ချုပ်ရေး ယန္တရား ရပ်စဲသွားတော့မတတ် ဖြစ်နေ ပါပြီ။ ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်လည်း တင်းမခံနိုင်တော့ပါဘူး။

အထွေထွေ သပိတ်ကြီးကြောင့် ဘုရင်ခံဟာ ပန်းဖျားဖျားပြီး အိပ်ရာထဲ လဲနေတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ တာဝါလိန်းအိမ်ကို ဘုရင်ခံဟာ လူမမာမေးဟန်ဆောင် လျှို့ဝှက်သွားလို့ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ အစိုးရသစ် ဖွဲ့ဖို့ ကိစ္စ တိတ်တဆိတ် ညှိနှိုင်း သဘောတူခဲ့ရပါတယ်။ ဒီသတင်းဟာ ၂၆ ရက် ၉ လ ၁၉၄၆ နေ့ထုတ် မြန်မာ့အလင်း သတင်းစာ မျက်နှာဖုံးမှာ စာလုံးမည်းကြီးနဲ့ ပါလာပါတော့တယ်။

မြန်မာ့လွတ်လပ်ရေး အလင်းရောင်မှိန်ဦးကို မြင်စပြုနေပါပြီး။ အမျိုးသား လွတ်မြောက်ရေး ရောင်နီဟာ မြန်မာ့မြေပေါ်မှာ သန်းစပြုလာပါပြီ။

ဒီအချိန်မှာပဲ လွတ်လပ်ရေး ပန်းတိုင်ရောက်ခါနီးမှာ မြန်မာ တမျိုးသားလုံးအတွက် အားကိုး အားထားရာ ရွှေတောင်ကြီး ပြိုလဲသွားရပါတော့တယ်။

အဲဒါကတော့ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည် ခေါင်းဆောင်ကြီးတွေ လုပ်ကြံခံရပြီး ကျဆုံးခဲ့ရတဲ့ အဖြစ်ပါပဲ။

အဲဒီနောက် ပြည်သူ့အင်အား၊ ပြည်သူ့ ညီညွတ်မှုတွေနဲ့ အောင်ဆန်း - အက်တလီစာချုပ်၊ ပင်လုံစာချုပ်၊ နု-အက်တလီ စာချုပ်တွေကို ဖြတ်သန်းပြီး ဗြိတိသျှအစိုးရက မြန်မာနိုင်ငံကို လွတ်လပ်ရေး ပေးလိုက်ရပါတော့တယ်။

"အောင်စေသတည်း။ မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်၊ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် တနင်္ဂနွေနေ့၊ ကောင်းမြတ်သော မင်္ဂလာအခါ၌ ဤ ငါတို့ မြန်မာပြည်သည် လုံးဝ လွတ်လပ်သော အချုပ်အခြာ အာဏာပိုင် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်ကြီး အဖြစ်သို့ ရောက်သတည်း။

- ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့အား လွတ်လပ်သော လမ်းသို့ ပို့ဆောင်ခဲ့သော ငါတို့၏ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ခဲ့သည့် လမ်းစဉ်အတိုင်း တသဝေမတိမ်း ချီတက်မည်။
- ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း လုံ့လ ဥဿဟဖြင့် ရရှိပြီး ဖြစ်သော အမျိုးသား ညီညွတ်ရေးကို ကျောက်စိုင် ကျောက်ခဲကဲ့သို့ ခိုင်မြဲအောင် ထိန်းသိမ်းမည်။
- ငါတို့သည် ဤနေ့ ဤအချိန်မှ စ၍ သူတပါးကိုလည်း မတရားမပြု၊ ငါတို့အား မတရားပြုခြင်းကိုလည်း မခံ အသက်နှင့်လဲ၍ ကာကွယ်မည်"

စသည်ဖြင့် ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့က လွတ်လပ်ရေး ကျောက်တိုင်မှာ ရေးထိုးထားတဲ့ သစ္စာအဓိဋ္ဌာန် (၉) ချက်ကို ကျနော် ပြန်အမှတ်ရ လာမိပါတော့တယ်။

ကိုဗဟိန်း၊ ကိုအောင်ဆန်း၊ ကိုနု စတဲ့ ကျောင်းသားခေါင်းဆောင်တွေနဲ့ တကသ၊ ဗကသ စတဲ့ ကျောင်းသား သမဂ္ဂတွေရဲ့ လွတ်လပ်ရေးကျေးဇူး၊ တနည်း အိုးဝေကျေးဇူးကို ကျနော်တို့ ဂုဏ်ယူ အောက်မေ့ ဦးထိပ် ပန်ဆင်ကြပါစို့လား။



*၁၉၄၈ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်နေ့တွင် လွတ်လပ်သောပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အခမ်းအနားဖြင့်လွှင့်တင်နေစဉ်။*

## အပိုင်း (၈)၊ ၁၉၅၀ ခုနှစ်များ ကျောင်းသားလှုပ်ရှားမှု

*မတ် ၇၊ ၂၀၀၉*



"ဒေါင်းပျံထိုးဆွပ်၊ဘယ်ညာခွပ်၍၊လွတ်လပ်ရလေ၊တို့တတွေသည်၊အိုးဆေ ကျေးဇူးပါတကား" ခွပ်ဒေါင်းသွေးနဲ့ ရင်းပြီး ယူရတဲ့ မြန်မာ့ လွတ်လပ်ရေးဟာ ရပြီးတာနဲ့ မကြာခင်မှာပဲ ပြည်တွင်းစစ်မီးကြီး ကူးစက် လောင်မြိုက်ခံရပါတော့တယ်။

၁၉၄၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှာ ဖဆပလအဖွဲ့ထဲက  အထုတ်ခံလိုက်ရတဲ့ သခင်သန်းထွန်းရဲ့ ဗမာပြည် ကွန်မြူနစ် ပါတီ (ဗကပ) ဟာ လက်နက်ကိုင် တော်လှန်ဖို့ တောခို သွားခဲ့ပါတယ်။

၁၉၄၈၊ ဩဂုတ်လမှာ ဗိုလ်ချုပ်နေဝင်း ဦးဆောင်တဲ့၊ ညီညွတ်ရေး ကောင်စီ ဖွဲ့တယ်။ ဒီအထဲမှာ တပ်မတော်၊ ဆိုရှယ်လစ်၊ ကွန်မြူနစ်၊ ပြည်သူ့ရဲဘော်တွေ ပါတယ်။ ညီညွတ်ရေး ကောင်စီရဲ့ အတွင်းရေးမှူးက ဦးသိန်းဖေမြင့်၊ ဥက္ကဋ္ဌက ဗိုလ်ချုပ်နေဝင်း။ ညီညွတ်ရေး ကောင်စီက ဦးနုရဲ့ အိုင်စီအက်စ် ဦးကာဇီ အစရှိတဲ့ ဗျူရိုကရက်တွေ အခြေခံ ပြီး အစိုးရ ဖွဲ့မယ့် အစီအစဉ်ကို တားဆီးဖို့ပါ။

အကယ်၍ ဦးနုက အသာတကြည် လက်မခံဘူးဆိုရင် ညီညွတ်ရေးကောင်စီက ပုန်ကန်ပြီး အာဏာသိမ်းဖို့ ကြံစည်ထားတယ်။ ဒါပေမဲ့ ဒီကိစ္စကို တောထဲရောက် သခင်သန်းထွန်းတို့ ဗကပက လက်မခံတဲ့အတွက် မြန်မာပြည်မှာ အစောဆုံး စစ်တပ် အာဏာသိမ်းမှု ဖြစ်မယ့်ဘေးက ရှောင်လွှဲနိုင်ခဲ့တယ်လို့ ဆိုပါတယ်။

၁၉၄၉ မှာ ဖဆပလ အစိုးရကို ပုန်ကန်တဲ့ ကေအင်ဒီအို ကဲ့သို့သော တိုင်းရင်းသား လက်နက်ကိုင် တော်လှန် ရေးတွေ ဆက်တိုက် ပေါ်ပေါက်လာပါတယ်။

၁၉၅၁ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှာတော့ ABSU ကနဦး ဗကသ ညီလာခံကို ခေါ်ယူကျင်းပခဲ့ပါတယ်။ အဲဒီ ညီလာခံက ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ All Burma students Union (ABSU) ကို ဖျက်သိမ်း လိုက်ပြီး ABFSU လို့ ခေါ်တဲ့ All Burma Federation of Students Union ဗမာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသား သမဂ္ဂများ အဖွဲ့ချုပ် (လက်ရှိ ဗကသများ အဖွဲ့ချုပ်) ကို ပြောင်းလဲ ဖွဲ့စည်းလိုက်ကြပါတယ်။

ဒီအချိန်မှာပဲ ရန်ကုန်သက္ကသိုလ် အဝန်းအဝိုင်းမှာ ကျောင်းသားအုပ်စု ၂ ခု ကွဲထွက်သွားပါတယ်။ တခုက PSF (Progressive Students Force) တိုးတက်သော ကျောင်းသားများ အင်အားစု ဖြစ်ပြီး၊ ကျန်တခုက DSO (Democratic student's Organization) ဒီမိုကရက်တစ် ကျောင်းသားများအဖွဲ့ ဆိုပြီး ဖြစ်ကြ တယ်။

DSO ကျောင်းသား အဖွဲ့ကို ဖဆပလ ဝန်ကြီး ဦးကျော်ငြိမ်းနဲ့ ဇနီး ဒေါ်နွဲ့နွဲ့ရီတို့က ရပ်ခံပေးထားကြတာဖြစ်လို့ ဒီအဖွဲ့ကို အစိုးရ လက်ကိုင်တုတ်၊ ကျောင်းသား ညီညွတ်ရေး ဖြိုခွဲသူတွေလို့ သတ်မှတ်ကြပါတယ်။

၁၉၅၃ မှာ အောက်တိုဘာ ကျောင်းတလပိတ်ရေး အရေးတော်ပုံ ပေါ်ပေါက်လာပါတယ်။ လွတ်လပ်ရေးရပြီး၊ ဖဆပလ အစိုးရလက်ထက်၊ တက္ကသိုလ်နယ်မြေမှာ စစ်တပ်ရဲ့ သေနတ်သံ ပထမဆုံး ထွက်ပေါ်လာတဲ့ အရေးအခင်း ပါပဲ။ ရန်ကုန်နဲ့ မန္တလေးက တိုးတက်ကျောင်းသား ခေါင်းဆောင်တွေ အများအပြား ဖမ်းဆီး ထောင်ချခံရ၊ ကျောင်းထုတ် ခံကြရပါတယ်။ ဒီသပိတ်တိုက်ပွဲမှာ DSO ကျောင်းသားတွေ မပါဝင်ခဲ့ကြပါဘူး။

အောက်တိုဘာ အရေးတော်ပုံအပြီးမှာ ဦးသာဘန်း၊ မောင်လင်းယုန် (ရှမ်းပြည်) စတဲ့ တိုင်းရင်းသားလူမျိုးစု ကျောင်းသားခေါင်းဆောင်တွေ ပါဝင်လာတဲ့အတွက် တိုးတက် ကျောင်းသားများ အင်အားစု (PFS) ကို ဖျက်သိမ်းပြီး၊ 'တပ်ဦး' လို့ ခေါ်တဲ့ ရန်ကုန်တက္ကသိုလ် ကျောင်းသား ညီညွတ်ရေးတပ်ဦး (Students United Front) SUF ကို ပြည်မနဲ့ ပြည်နယ် ကိုယ်စားပြုပြီး ဖွဲ့စည်းလိုက်ပါတယ်။

သမဂ္ဂ ရွေးကောက်ပွဲတွေ အဆက်ဆက် ဒီတပ်ဦးနဲ့ DSO တို့ဟာ အပြိုင်အဆိုင်တွေ ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ၁၉၅၃ နောက်ပိုင်းမှာတော့ ကျောင်းသားထု ထောက်ခံမှု မရတော့လို့ DSO ဒီမိုကရက်တစ် ကျောင်းသားများအဖွဲ့ ရပ်ဆိုင်း ပျောက်ကွယ်သွားခဲ့ပါတယ်။

"စစ်ကိုမလိုပါ။ ငြိမ်းချမ်းရေးသာ ပေးကြပါ။ စစ်ဆိုသည်မှာ အနုတ်လက္ခဏာ၊ ငြိမ်းချမ်းရေးသာ အပေါင်းလက္ခဏာ" မြတ်လေးတို့၊ စန္ဒယား ချစ်ဆွေတို့ရဲ့ ပြည်တွင်းစစ် ဆန့်ကျင်ရေး တေးသံတွေ တက္ကသိုလ်နယ်မြေမှာ ပျံ့နှံ့နေတဲ့အချိန်မှာပဲ တရုတ်ဖြူ ကျူးကျော်မှု အရေးအခင်းကလည်း ပေါ်ပေါက်လာခဲ့ပြန်ပါတယ်။

အဲဒီခေတ် ရန်ကုန်၊ မန္တလေး ကျောင်းသားသမဂ္ဂ လှုပ်ရှားမှုတွေကို ရေးဖွဲ့ခဲ့တဲ့ မောင်သာရရဲ့ 'ကျဉ်တုပ်ခံဝံ့ မခံဝံ့'၊ သိန်းသန်းထွန်းရဲ့ 'အချစ်ဦးလေးရဲ့ အချစ်ရှူး'၊ နတ်နွယ်ရဲ့ 'အပြာနဲ့ အဝါ'၊ ကျော်အောင်ရဲ့ 'သမဂ္ဂ အလံတော်အောက်ဝယ်'၊ မင်းကျော်ရဲ့ 'ငါတို့ခေတ်နှင့် အပြိုင်' ဝတ္ထုကြီးတွေကို ကျနော် အမှတ်ရလာပါတယ်။

၁၉၅၆ မှာ ဖဆပလရဲ့ အထွေထွေ ရွေးကောက်ပွဲ လုပ်တယ်။ အဲဒီမှာ ဖဆပလကို အတိုက်ခံလုပ်မယ့် 'ပမညတ' ဆိုတာ ပေါ်ပေါက်လာပါပြီ။ ဒီအချိန်မှာ ကျောင်းသားတွေကလည်း တကာသ (၂၅) နှစ်ပြည့် ငွေရတုသဘင် ကျင်းပပြီး၊ ဗကသများ အဖွဲ့ချုပ် ABFSU ရဲ့ စတုတ္ထ ကွန်ဂရက်ကို ခေါ်ယူကျင်းပခဲ့တယ်။

၁၉၅၆၊ မတ်လထဲမှာ သတ္တမတန်း အစိုးရစစ် စာမေးပွဲ မေးခွန်း ပေါက်ကြားမှုဖြစ်ပြီး ဟယ်ရီတန် အရေးအခင်း ပေါ်ပေါက် ပျံ့နှံ့သွားပါတယ်။ ဖဆပလ စစ်တပ်က ပစ်ခတ် နှိမ်နင်းလို့ စိန့်ပေါကျောင်းသား ဟယ်ရီတန် ကျဆုံးခဲ့ရတယ်။ ဒီတိုက်ပွဲဟာ လွတ်လပ်ပြီးခေတ် ဖဆပလ လက်အောက်မှာ ကျောင်းသားသွေး ပထမဆုံး မြေကျရတဲ့ တိုက်ပွဲပါပဲ။

၁၉၅၆၊ အောက်တိုဘာ ၁၆ ရက်နေ့မှာတော့ ဖဆပလ အစိုးရက ကျောင်းသား သမဂ္ဂများကို ရက်ပေါင်း ၃၀ အတွင်း ဖျက်သိမ်းရမယ်လို့ အမိန့်ထုတ်ပြန်လိုက်ပါတယ်။ ကိုလိုနီခေတ်မှာတောင် ဗြိတိသျှအစိုးရက တရားဝင် ရပ်တည်ခွင့် ပြုခဲ့တဲ့ ကျောင်းသား သမဂ္ဂတွေကို ဖဆပလ အစိုးရက အခုလို လုပ်တာကို မကျေနပ်တဲ့အတွက် တပြည်လုံးမှာ ကျောင်းသားတွေ ဆန္ဒပြ သပိတ်မှောက်ကြပါတယ်။

၁၉၅၇၊ အောက်တိုဘာ သပိတ်ပြီးရင် အခု ၅၆ သမဂ္ဂ ပိတ်ပင်မှု ဆန့်ကျင်ရေး သပိတ်ဟာ အစိုးရနဲ့ ကျောင်းသားတွေအကြား ဒုတိယအကြိမ် ထိပ်တိုက် ရင်ဆိုင်မှုပါပဲ။ ဒီတိုက်ပွဲမှာလည်း တပြည်လုံးက ကျောင်းသားခေါင်းဆောင်တွေ အမြောက်အများ ဖမ်းဆီး ထောင်ချခံရ၊ ကျောင်းထုတ် ခံကြရပါတယ်။

ဒီလို ဖိနှိပ်ချုပ်ချယ်မှုကြားကပဲ ကျောင်းသားသမဂ္ဂဟာ ၁၉၅၈၊ ပြည်တွင်းစစ် (၁၀) နှစ်ပြည့်မှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ဒဂုန်တာရာ၊ ဗန်းမော်တင်အောင်၊ ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောတို့ ဦးဆောင်တဲ့ ကမ္ဘာ့ ငြိမ်းချမ်းရေး ကွန်ဂရက် (မြန်မာနိုင်ငံ) နဲ့ အတူ ငြိမ်းချမ်းရေး ဆန္ဒပြပွဲကြီး ဆင်နွှဲခဲ့ကြပါတယ်။

ဒီ ၁၉၅၈ မှာပဲ ဗကသ ပဉ္စမ ကွန်ဂရက်က ထုန်ပြန်လိုက်တဲ့ ပြည်တွင်းစစ် ရပ်စဲရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းစွာ ပညာသင်ကြားရေး ကြွေးကြော်သံတွေဟာ ခွပ်ဒေါင်းအလံတွေနဲ့အတူ လူထုထဲမှာ လွှင့်ပျံနေခဲ့ပါတော့တယ်။



## အပိုင်း (၉)၊ အိမ်စောင့်အစိုးရလက်ထက်ကျောင်းသားသမဂ္ဂ

*မတ် ၁၄၊ ၂၀၀၉*

၁၉၅၈ ခုနှစ်ဟာ ကျောင်းသား သမဂ္ဂနဲ့ မြန်မာ့ နိုင်ငံရေး သမိုင်း အတွက် အရေးကြီးတဲ့နှစ် တနှစ် ဖြစ်ခဲ့ပါတယ်။

ဗကသများ အဖွဲ့ချုပ်ရဲ့ ပဥ္စမ ကွန်ဂရက် ခေါ်ယူကျင်းပခဲ့တဲ့ ဒီ ၁၉၅၈ ခုနှစ်ထဲမှာပဲ နယ်ချဲ့ ဆန့်ကျင်ရေး၊ ဖက်ဆစ် တော်လှန်ရေး အစဉ်အလာ ကြီးမားခဲ့တဲ့ ဖဆပလအဖွဲ့ချုပ်ကြီးဟာ ညီညွတ်ရေးပြိုကွဲပြီး နု-တင် နဲ့ ဆွေ-ငြိမ်း၊ သန့်ရှင်းနဲ့ တည်မြဲ ဆိုပြီး နှစ်ဖွဲ့ နှစ်ခြမ်း ခွဲထွက် သွားပါတော့တယ်။

ဦးနုနဲ့ သခင်တင် ဦးဆောင်တဲ့ အခြမ်းကို သန့်ရှင်း ဖဆပလလို့ ခေါ်ပြီး ဦးဗဆွေနဲ့ ဦးကျော်ငြိမ်း ခေါင်းဆောင်တဲ့ အခြမ်းကို တည်မြဲလို့ ခေါ်ကြပါတယ်။ အဲဒီလို ဖဆပလ နှစ်ခြမ်း အကွဲမှာ ကျောင်းသားသမဂ္ဂဟာ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး မျှော်လင့်ချက်နဲ့ နု-တင် သန့်ရှင်း ဖဆပလဘက်က ရပ်တည် ထောက်ခံ ပေးခဲ့ကြပါတယ်။

၁၉၅၈ ခုနှစ်၊ ဩဂုတ်လမှာ ကျောင်းသားသမဂ္ဂက ဦးဆောင်ပြီးတော့ အမျိုးသား ပညာရေး နှီးနှော ဖလှယ်ပွဲကို ရန်ကုန် တက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမမှာ ကျင်းပခဲ့ပါတယ်။ ကျောင်းသားထုက ကမောက်ကမ ပညာရေးစနစ်ကို ဖျက်သိမ်းပစ်ဖို့၊ ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲပေးဖို့ အစိုးရအပါအဝင် တနိုင်ငံလုံးကို တင်ပြတောင်းဆိုခဲ့ကြတယ်။ ပညာရေး နှီးနှောဖလှယ်ပွဲက ဆုံးဖြတ်တဲ့ စာတမ်း ၂၂ စောင် ဝန်ကြီးချုပ် ဦးနု လက်ထဲကို ပေးအပ်ခဲ့ကြပါတယ်။

ဖဆပလ အစိုးရအဖွဲ့ အတွင်းမှာလည်း သန့်ရှင်းနဲ့ တည်မြဲ အားပြိုင်မှုက ကြီးထွား ပြင်းထန်လာနေပါပြီ။ စက်တင်ဘာလဆန်းပိုင်း ဦးနုက ဗိုလ်ချုပ် နေဝင်းဆီကို ရေးလိုက်တယ်ဆိုတဲ့ စာနှစ်စောင် ဂယက်ကလည်း ကျောင်းသားထုနဲ့ ပြည်သူကြားမှာ သို့လော သို့လော ဖြစ်နေချိန်ပါ။

၁၉၅၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့ဟာ ရန်ကုန် တက္ကသိုလ် ကျောင်းသားများ သမဂ္ဂ (တကသ) ရဲ့ ကျမ်းသစ္စာ ကျိန်ဆိုပွဲ ပြုလုပ်တဲ့နေ့ ဖြစ်ပါတယ်။ အဲဒီနေ့မှာပဲ ဖဆပလ ဝန်ကြီးချုပ် ဦးနုက ဗိုလ်ချုပ်နေဝင်း စစ်တပ်ကို အာဏာ လွှဲပြောင်း ပေးလိုက်ပါတော့တယ်။ အိမ်စောင့်အစိုးရ ဆိုပြီး ဗိုလ်ချုပ်နေဝင်း လက်ထဲကို တိုင်းပြည်ရဲ့ အချုပ်အခြာ အာဏာအားလုံး ကျရောက်သွားပါပြီ။ တကယ်တော့ ဒါဟာ စစ်တပ်က သန့်ရှင်း ဖဆပလ အစိုးရထံကနေ လက်နက်နဲ့ အာဏာသိမ်းလိုက်တဲ့ ဖြစ်စဉ်ပါပဲ။

ဒီ ၁၉၅၈၊ စစ်အာဏာသိမ်းမှု ဖြစ်စဉ်ဟာပဲ နောင်မြန်မာ့သမိုင်းမှာ ၁၉၆၂၊ ၁၉၈၈၊ အတောမသတ် စစ်အာဏာသိမ်းမှုတွေရဲ့ ရှေ့ပြေး ပထမဆုံး စစ်အာဏာသိမ်းမှု ဖြစ်လာခဲ့ပါတယ်။ ဒီ ၅၈ ခုနှစ်၊ စစ်အာဏာသိမ်းတာကို တပြည်လုံးက ဆန့်ကျင် ကန့်ကွက်ခဲ့ကြပါတယ်။ ဥပဒေတွင်း ဒီမိုကရေစီ အင်အားစုများနဲ့ ကျောင်းသား သမဂ္ဂများက တပြည်လုံးအနှံ့ လှုံ့ဆော်စည်းရုံးပြီး ဗိုလ်ချုပ်နေဝင်း စစ်တပ် အာဏာသိမ်းမှုကို ကန့်ကွက် ဆန္ဒပြခဲ့ကြပါတယ်။

တက္ကသိုလ် ကျောင်းသားထုကြီးဟာ စစ်အာဏာသိမ်းတာကို အပြင်းအထန် ဆန့်ကျင်ရှုတ်ချတဲ့ အနေနဲ့ စက်တင်ဘာ ၃၀ ရက်နေ့မှာ ရန်ကုန်တက္ကသိုလ် ကျောင်းဝင်းအတွင်းမှာ လှည့်လည်ဆန္ဒပြ အော်ဟစ်ကန့်ကွက် ခဲ့ကြပါတယ်။ စစ်အစိုးရဟာ ကျောင်းသားတွေ၊ ပြည်သူတွေရဲ့ ဒီမိုကရေစီ အခွင့်အရေးတွေကို ရိုက်ချိုး ဖျက်ဆီးပစ်လိုက်ပါပြီ။

ဗိုလ်ချုပ်နေဝင်း အိမ်စောင့်အစိုးရ၊ တနည်းအားဖြင့် စစ်အစိုးရဟာ လူထုလူတန်းစား အဖွဲ့အစည်း အသီးသီးက ခေါင်းဆောင်တွေ၊ ကျောင်းသား သမဂ္ဂ ခေါင်းဆောင်တွေကို ဖမ်းဆီးပြီး ကိုကိုးကျွန်း အကျဉ်းစခန်းကို ပို့ပစ်လိုက်ပါတယ်။

တကသ ခေါင်းဆောင်တွေ ဖြစ်ကြတဲ့ ဥက္ကဌ ကိုခင်မောင်အုန်း၊ အတွင်းရေးမှူး ကိုအောင်ဘန်း၊ အမှုဆောင် ကိုဖိုးသာအေးတို့ အပါအဝင် ခရိုင် မြို့နယ် ကျောင်းသားခေါင်းဆောင်တချို့ ကိုကိုးကျွန်း အပို့ခံရပြီး တချို့ခေါင်းဆောင်တွေ ဝရမ်းပြေး ဖြစ်ခဲ့ရပါတယ်။

အိမ်စောင့် အစိုးရဟာ ကျောင်းသား သမဂ္ဂများရဲ့ ရပ်တည်ခွင့်ကိုလည်း တဖြည်းဖြည်း ကန့်ကွက်ပိတ်ပင်ချုပ်ချယ်လာပါပြီ။

ကျောင်းသားသမဂ္ဂဆိုတာ ကိုလိုနီခေတ်မှာ ကတည်းက ဗြိတိသျှအစိုးရက တရားဝင် ရပ်တည်ခွင့် ပြုခဲ့တာဖြစ်တယ်။ ရန်ကုန်တက္ကသိုလ် အက်ဥပဒေအရ တကသကို ရန်ကုန်တက္ကသိုလ် ဖွဲ့စည်းပုံထဲမှာ ထည့်သွင်း ထားခဲ့တယ်။ တက္ကသိုလ် အုပ်ချုပ်ရေး ကောင်စီထဲမှာ တကသ ကိုယ်စားလှယ် ၂ ဦး ပါဝင်ခွင့် ရှိခဲ့တယ်။ သမဂ္ဂ အဆောက်အအုံ UNION ပြုပြင် ထိန်းသိမ်းရေး စရိတ်ကို တက္ကသိုလ် ပြုပြင်ရေး အဖွဲ့က ကျခံပေးရတယ်။ တက္ကသိုလ်ရုံးက တာဝန်ယူပြီး သမဂ္ဂ ဝင်ကြေးကို နှစ်စဉ် ကောက်ခံပေးခဲ့တယ်။ တကသ ရွေးကောက်ပွဲတွေကို ရန်ကုန် တက္ကသိုလ်က ဆရာ၊ ဆရာမတွေက ဦးစီး ကျင်းပပေးခဲ့တယ်။

ကျောင်းသား သမဂ္ဂနဲ့ ကျောင်းသား လှုပ်ရှားမှုများဟာ မြန်မာ့လွတ်လပ်ရေး တိုက်ပွဲအတွင်းမှာ လွတ်လွတ်လပ်လပ် ပါဝင်ခွင့် ရခဲ့တာဖြစ်တယ်။

ဒါပေမဲ့ လွတ်လပ်ရေး ရပြီးတဲ့အခါမှာတော့ ပထမဦးစွာ ဖဆပလအစိုးရက ကျောင်းသား သမဂ္ဂများကို ပိတ်ပင်တားဆီးဖို့ အမိန့်အာဏာနဲ့ ကြိုးပမ်းလာခဲ့တယ်။ ၁၉၅၆ တုန်းက ဖဆပလအစိုးရက ကျောင်းသား သမဂ္ဂတွေကို ဖျက်သိမ်းဖို့ အမိန့်ထုတ်ခဲ့ဖူးတယ်။

အခု ၁၉၅၈၊ ဗိုလ်ချုပ်နေဝင်း စစ်တပ်အစိုးရ တက်လာတဲ့ အခါမှာတော့ ကျောင်းသား သမဂ္ဂများ အပေါ်မှာ ပိုပြီး ဖိနှိပ် ကန့်သတ် ချုပ်ချယ် လာပါတော့တယ်။

၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၂၃ မှာ တကာသက ကျောင်းသားထု အစည်းအဝေး ခေါ်ယူပါတယ်။ အကြောင်းရင်းတွေထဲမှာ အောက်တိုဘာ ကျောင်းပိတ်ရက်အတွင်း ရပ်ဝေးနယ်ဝေး မပြန်နိုင်ကြတဲ့ ကျောင်းသားတွေ အဆောင်နေခွင့် ကိစ္စ ပါသလို၊ ပိုပြီး အဓိကကျတဲ့ အကြောင်းကတော့ ကျောင်းပိတ်ရက်အတွင်း တက္ကသိုလ် အရန်တပ်ရင်း (UTC) ကို ခုတုံးလုပ်ပြီး တက္ကသိုလ်နယ်မြေထဲမှာ စစ်အခြေခံစခန်း လာဖွင့်တာကို ကန့်ကွက်ဖို့ပဲဖြစ်တယ်။ အစည်းအဝေးပြီးတာနဲ့ ကျောင်းသားတွေဟာ တက္ကသိုလ်နယ်မြေအတွင်း လှည့်လည် ဆန္ဒပြကြပါတယ်။ ဒီလို တကာသရဲ့ ဆန္ဒပြပွဲနဲ့ ပတ်သက်ပြီး အစိုးရက ပါမောက္ခချုပ်ကို ထုချေလွှာ တောင်းပါတော့တယ်။ ကျောင်းသားတွေက ပါမောက္ခချုပ်ကို ဝမ်းနည်းကြောင်း ပြောပြီး တောင်းပန်ခဲ့ကြပါတယ်။

တဆက်တည်းမှာပဲ စစ်အစိုးရဟာ မတရားတဲ့ ကျောင်းဆောင် စည်းကမ်းတွေကို ထုတ်ပြန် လာပါတော့ တယ်။ တက္ကသိုလ် ကောင်စီမှာ ပါဝင်တဲ့ တကာသ ကိုယ်စားလှယ် ၂ ဦးကို ဖြုတ်ပစ်နိုင်ဖို့ အစိုးရက ရန်ကုန် တက္ကသိုလ် အက်ဥပဒေကို တဖက်သတ် ပြင်ဆင်ပစ်လိုက်ပါပြီ။ ဒါကို တကာသ က အပြင်းအထန် ကန့်ကွက် ရှုတ်ချခဲ့တာပါပဲ။

အဲဒီလို အိမ်စောင့် စစ်အစိုးရလက်ထက် ၁၉၅၉-၆၀ ပညာသင်နှစ်အတွက် တကာသ ရွေးကောက်ပွဲ ဖြစ်လာပါတယ်။ ဒီတခါ ရွေးကောက်ပွဲဟာ လွတ်လပ်ရေး ရပြီးတဲ့နောက်ပိုင်း သမဂ္ဂသမိုင်းမှာ နိုင်ငံရေး၊ စည်းရုံးရေးအရ အလွန်ခက်ခဲ ပြင်းထန်ခဲ့တယ်လို့ ဆိုပါတယ်။ အစိုးရ ကျောထောက်နောက်ခံ ပြုထားတဲ့ 'ရဲခေါင်' ကျောင်းသား အင်အားစုနဲ့ တိုးတက် တော်လှန်တဲ့ 'တပ်ဦး' ကျောင်းသား အင်အားစုတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြတာပါ။

ဒီရွေးကောက်ပွဲမှာ ကျောင်းသား ညီညွတ်ရေးတပ်ဦးက အနိုင်ရရှိသွားခဲ့ပါတယ်။ အိမ်စောင့်အစိုးရ၊ စစ်အစိုးရရဲ့ မလိုမုန်းထား၊ ဖိနှိပ်မှုတွေကြားမှာပဲ ဒူးမထောက်၊ လက်မမြှောက်တဲ့ မကြောက်တရားနဲ့ ခွပ်ဒေါင်းအလံတွေ တရဲရဲ တလူလူ လွင့်ပျံ နေခဲ့ပါတော့တယ်။



*၁၉၅၉ ခု၊ စက်တင်ဘာလ ၂၅ ရက်နေ့က ယုဒသန် ခန်းမ၌ တကာသ ဥက္ကဋ္ဌဟောင်းနှင့်နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးနုက တကာသ ဥက္ကဋ္ဌ ကိုလှတင်အားကျမ်းသစ္စာကျိန်ဆို ပေးနေစဉ် ၁၉၅၉၊ ဒီမိုကရေစီရေး ကျောင်းသားထု အခွင့်အရေး ပြည်တွင်းငြိမ်းချမ်းရေးနှင့်အမျိုးသားရေးအသွင်ကျောင်းသားလှုပ်ရှားမှုများနှင့် စစ်ပုလိပ် ၅၀၀ ကျော်ဖြင့်တကာသ အဆောက်အဦကိုဝိုင်းကာဘာကာသ ဥက္ကဋ္ဌနှင့် အမှုဆောင်များကိုဖမ်းဆီးစဉ်။*

## အပိုင်း (၁၀)၊ ၁၉၆၀၊ ပါလီမန် ရွေးကောက်ပွဲနှင့် ကျောင်းသားသမဂ္ဂ

*မတ် ၂၁၊ ၂၀၀၉*



၁၉၅၈၊ ဗိုလ်ချုပ်နေဝင်း အိမ်စောင့်အစိုးရ တက်လာပြီးတဲ့နောက်မှာ ဒီစစ်အစိုးရဟာ ဥပဒေတွင်း ဒီမိုကရေစီနိုင်ငံရေး အင်အားစုနဲ့ ကျောင်းသား လှုပ်ရှားမှုတွေကို အတင်းအဓမ္မ ဖိနှိပ် ချုပ်ချယ်လာပါတယ်။

လွတ်ရေးရပြီးခေတ် ကျောင်းသား သမဂ္ဂနဲ့ ကျောင်းသား လှုပ်ရှားမှုများရဲ့ သမိုင်းဟာ ကိုလိုနီခေတ် ကျောင်းသား သမဂ္ဂနဲ့ ကျောင်းသား လှုပ်ရှားမှုတွေရဲ့ အဆက် ဖြစ်တယ်။ ကိုလိုနီခေတ် ကျောင်းသား သမဂ္ဂနဲ့ ကျောင်းသား လှုပ်ရှားမှုတွေရဲ့ နိုင်ငံရေး အစဉ်အလာကို ဆက်ခံတဲ့ ကိုယ်စားပြုတဲ့ သမိုင်း။

၁၉၆၀ လောက်အထိ ရောက်လာတဲ့ ကျောင်းသား သမဂ္ဂနဲ့ ကျောင်းသား လှုပ်ရှားမှုများရဲ့ သမိုင်းဟာ တကယ်တော့ နယ်ချဲ့ဆန့်ကျင်ရေး၊ ကိုလိုနီ လက်သစ် လက်ဟောင်း ဆန့်ကျင်ရေး၊ အမျိုးသား ညီညွတ်ရေးနဲ့ လွတ်လပ်ရေး ထိန်းသိမ်းရေးအတွက် ပြည်သူလူထုနဲ့အတူ တိုက်ပွဲဝင်ခဲ့တဲ့ သမိုင်းလို့ ဆိုရမယ်။

ဒီ့အပြင် ကမ္ဘာစစ် ဆန့်ကျင်ရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး၊ ပြည်တွင်းစစ် ရပ်စဲရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးတို့အတွက် ပြည်သူလူထုနဲ့အတူ တိုက်ပွဲဝင်ခဲ့တာဟာလည်း ကျောင်းသား သမဂ္ဂနဲ့ ကျောင်းသားလှုပ်ရှားမှုများရဲ့ အရေးကြီးတဲ့ သမိုင်းပါပဲ။

ကျောင်းသားသမဂ္ဂနဲ့ ကျောင်းသား လှုပ်ရှားမှုများရဲ့ ရေခံမြေခံဟာ (၁) ကျောင်းသားထုရဲ့ ပညာသင်ကြားရေး ဘဝနဲ့ (၂) မိဘပြည်သူတွေရဲ့ စားဝတ်နေမှု ဘဝတွေကနေ သန္ဓေတည် ပေါက်ဖွားလာတာ ဖြစ်တယ်။

လွတ်လပ်ရေး ရပြီးတဲ့နောက် ဖဆပလအစိုးရ၊ စစ်အာဏာသိမ်း အိမ်စောင့် အစိုးရတွေဟာ ပညာရေးစနစ် တိုးတက်အောင် လုပ်ဆောင် မပေးနိုင်ခဲ့ပါဘူး။ ကျောင်းသားသမဂ္ဂဟာ ကမောက်ကမ ပညာရေးစနစ်ကို ဖျက်သိမ်းပြီး ပထမအနေနဲ့ အမျိုးသား လက္ခဏာဆောင်တဲ့ ဝိဇ္ဇာနည်းကျတဲ့၊ ခေတ်မီ လူကြိုက်များတဲ့ ပညာရေးစနစ် တည်ဆောက်ရေး၊ ဒုတိယအနေနဲ့ ကျောင်းသားထုကြီးရဲ့ ပညာသင်ကြားမှုနဲ့ နေထိုင်မှု အခြေအနေ တိုးတက်ကောင်းမွန်ရေး၊ ဒါတွေ အတွက် တိုက်ပွဲဝင်ခဲ့ကြတာပါ။

ပညာသင်ကြားရေး ဘဝနဲ့ တဖက်တည်းမှာပဲ မိဘပြည်သူတွေရဲ့ စားဝတ်နေရေးမှု ဘဝတွေဟာ ကျောင်းသားတွေဟာ ကျောင်းသားတွေအပေါ် ရိုက်ခတ်စမြဲပါ။ တနည်းအားဖြင့် ခေတ်ပြိုင် ပြည်တွင်း ပြည်ပ နိုင်ငံရေး၊ စီးပွားရေး အခြေအနေတွေကို ကျောင်းသားသမဂ္ဂဟာ ကျော်လွှားသွားလို့ မရပါဘူး။

ဒါကြောင့်ပဲ ကျောင်းသား သမဂ္ဂဟာ မြန်မာ့နိုင်ငံရေး၊ မြန်မာ့လူထု တိုက်ပွဲတွေမှာ တပ်ဦးက ခေါင်းဆောင်ခဲ့တဲ့ အခါ ခေါင်းဆောင်ခဲ့တယ်။ ရင်ပေါင်တန်း လိုက်သင့်တဲ့အခါ လိုက်ခဲ့တယ်။ နောက်က ထက်ကြပ်မကွာ လိုက်ရမယ့် အခါ တသဝေမတိမ်း လိုက်ခဲ့တယ်။

၁၉၅၈၊ ဗိုလ်ချုပ်နေဝင်း စစ်တပ်က ဖဆပလ အစိုးရလက်ထဲကနေ ပထမ အကြိမ် စစ်အာဏာ သိမ်းတာကို ပထမဆုံး အပြင်းအထန် ဆန့်ကျင် ကန့်ကွက်ခဲ့တာဟာ ကျောင်းသားသမဂ္ဂပါပဲ။

၁၉၆၀၊ ဖေဖော်ဝါရီ ပထမပတ်ထဲမှာတော့ အာဏာသိမ်း စစ်အစိုးရက ပါလီမန် ဒီမိုကရေစီ ရွေးကောက်ပွဲ ပြန်လည် ကျင်းပပေးပါတယ်။ ဒီရွေးကောက်ပွဲဟာ ကြီးမားပြင်းထန်တဲ့ ရွေးကောက်ပွဲ ဖြစ်ခဲ့တယ်။

ဒီရွေးကောက်ပွဲမှာ ဦးနု ဦးဆောင်တဲ့ ပြည်ထောင်စုပါတီက အနိုင်ရရှိသွားပါတယ်။ ဦးနု ဝန်ကြီးချုပ် လုပ်ပြီး 'ပထစ' အစိုးရ ဖွဲ့ပါတယ်။ ကျောင်းသားသမဂ္ဂဟာ ဝန်ကြီးချုပ်ဦးနုရဲ့ ပထစအစိုးရကို ကြိုဆို ထောက်ခံခဲ့ပါတယ်။

ဒါပေမဲ့ ပထစ အစိုးရဟာ ရွေးကောက်ပွဲ အနိုင်ရခဲ့တဲ့ အရှိန်အာဏာနဲ့ ကျောင်းသားသမဂ္ဂရဲ့ လုပ်ပိုင်ခွင့်တွေ ကို ဝင်ရောက်စွက်ဖက် ချယ်လှယ်လာပါတော့တယ်။ ကျောင်းသားတွေက သူတို့ ထောက်ခံထားတဲ့ ပထစ အစိုးရနဲ့

ကျောင်းသားထုအကြား နားလည်မှု၊ အထင်အမြင် လွဲမှားမှု မဖြစ်စေချင်လို့ ပထစအစိုးရနဲ့ တွေ့ဆုံ ဆွေးနွေးခဲ့ပေမဲ့ ပထစအစိုးရက နောက်ဆုတ်မပေးခဲ့ဘူး။

ပထစဟာ တက္ကသိုလ်ကောင်စီမှာ ပါဝင်ခွင့်ရှိတဲ့ ကျောင်းသားကိုယ်စားလှယ် ၂ ဦး နေရာ ရွေးချယ်တဲ့ ကိစ္စမှာ ကျောင်းသားသမဂ္ဂက အဆိုပြုတဲ့ ကျောင်းသား ၂ ဦးနဲ့ အပြိုင် ပထစ ကိုယ်စားလှယ် ၂ ဦးကို ဝင်ရောက် ယှဉ်ပြိုင်စေခဲ့တော့တာပါပဲ။

ဒါပေမဲ့ ဒီရွေးချယ်ပွဲမှာ ပထစက အဆိုတင်သွင်းတဲ့ ကိုယ်စားလှယ်တွေ ရှုံးနိမ့်ပြီး ကျောင်းသားသမဂ္ဂရဲ့ ကိုယ်စားလှယ်တွေ အနိုင်ရခဲ့တယ်။ ပထစ အစိုးရရဲ့ ဝင်ရောက်စွက်ဖက်မှု မအောင်မြင်ခဲ့ဘူး။

ဒီ ၁၉၆၀ ပြည့်နှစ် အတွင်းမှာပဲ ပြည်နယ် အသီးသီးက တိုင်းရင်းသား လူမျိုးပေါင်းစုံ ကျောင်းသား အများကို ကိုယ်စားပြုတဲ့ 'လူမျိုးစု ကျောင်းသားများ အဖွဲ့ချုပ်' ကို ဖွဲ့စည်း ထူထောင်လိုက်ပါတယ်။

ဒီအတောအတွင်းမှာ ၁၉၄၇၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြန်လည် ပြင်ဆင်ရေးဆွဲပြီး၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနဲ့ ပတ်သက်တဲ့ ရှမ်းတိုင်းရင်းသား လူမျိုးစု ကိုယ်စားလှယ်တွေရဲ့ 'ရှမ်းမူ' ကို ရန်ကုန်တက္ကသိုလ် ကျောင်းသားများ သမဂ္ဂ (တကသ) နဲ့ လူမျိုးစု ကျောင်းသားများ အဖွဲ့ချုပ်တို့ကြားမှာ အကြေအလည် ဆွေးနွေးမှုတွေ ဖြစ်ပေါ်လာပါတယ်။

ဒီကာလမှာပဲ ပထစ အစိုးရ ပညာရေးဝန်ကြီးဌာနက ကျောင်းခေါ်ချိန် ၇၅ ရာခိုင်နှုန်း စနစ်နဲ့ ၉ တန်း၊ ၁၀ တန်း၊ တန်းခွဲ – တန်းချ အမိန့်တွေကို ထုတ်ပြန်လိုက်တဲ့အခါ ကျောင်းသားသမဂ္ဂများက ဦးဆောင်ပြီး တပြည်လုံးမှာ တခဲနက် ကန့်ကွက် ဆန္ဒပြခဲ့ကြပါတယ်။ အစိုးရဘက်က အလျှော့မပေးခဲ့ပါဘူး။

၁၉၆၀ နှစ်ကုန်လောက်မှာ ကူမင်တန် တရုတ်ဖြူတွေရဲ့ နောက်ဆုံးအကြိမ် ကျူးကျော် ဝင်ရောက်တဲ့အမှု ပေါ်ပေါက်လာခဲ့ပါတယ်။ ဥပဒေတွင်း ဒီမိုကရေစီအင်အားစုများနဲ့ ကျောင်းသားသမဂ္ဂတို့က တရုတ်ဖြူ ကျူးကျော်မှုနဲ့ နယ်ချဲ့ ဆန့်ကျင်ရေး ကော်မတီဖွဲ့ပြီး ဆန္ဒပြ ကန့်ကွက်ခဲ့ကြပါတယ်။ ပထစ အစိုးရက ဒီဆန္ဒပြပွဲတွေကို မီးသတ်ပိုက်၊ မျက်ရည်ယို ဗုံးတွေနဲ့ သာမက သေနတ်နဲ့ပါ ပစ်ခတ် ဖြိုခွဲလို့ ရဟန်းငယ်တပါး ပျံလွန်တော်မူခဲ့ရပါတယ်။

အဲဒီလို နိုင်ငံရေး နောက်ခံကားချပ်မှာပဲ ဗမာ နိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂများ အဖွဲ့ချုပ် (ABFSU) ရဲ့ (၆) ကြိမ်မြောက် ဆဋ္ဌမ ကွန်ဂရက်ကို ခေါ်ယူ ကျင်းပခဲ့ပါတယ်။ ဒီကွန်ဂရက်က ဗကသများ အဖွဲ့ချုပ် (ABFSU) ကို မြန်မာနိုင်ငံရဲ့ 'အမျိုးသား ကျောင်းသားများ သမဂ္ဂ' National Union of Students (NUS) အဖြစ် ဆုံးဖြတ် သတ်မှတ် ခဲ့တယ်။ ရုပ်ရှင်မင်းသားကြီး မြတ်လေးနဲ့ စန္ဒရား ချစ်ဆွေတို့ ကေသီပန် တီးဝိုင်းက ရေးစပ်သီကုံးပေးတဲ့ လက်ရှိ ဗကသများ အဖွဲ့ချုပ် သီချင်းကို အတည်ပြုခဲ့တယ်။

မြန်မာနိုင်ငံ ကျောင်းသားလှုပ်ရှားမှုကို ကိုယ်စားပြုနေတဲ့ ဗကသများ အဖွဲ့ချုပ်ဟာ နိုင်ငံတကာ ကျောင်းသားများသမဂ္ဂ International Union of Students (IUS) အမှုဆောင် ကော်မတီမှာ ဒုတိယ ဥက္ကဋ္ဌနေရာ ပေးအပ်ခြင်း ခံရတဲ့ အစဉ်အလာ ရှိခဲ့ပါတယ်။

ဒီနေ့လက်ရှိ နအဖ စစ်အုပ်စု လက်အောက်မှာ ကိုမင်းကိုနိုင်တို့ အပါအဝင်၊ ထောင်ဒဏ် ၁၀၄ နှစ် ချခံထားရတဲ့ အထက်ဗမာပြည် ဗကသ ကျောင်းသား ကိုဖိုလ်မင်းယုကိုတို့၊ ကိုကျော်ကိုကိုတို့ မျိုးဆက် အဆက်ဆက်ဟာ ဗကသရဲ့ ဒီ တိုးတက် တော်လှန်တဲ့ အစဉ်အလာကို မမှိတ်မသုန် ဆက်ခံခဲ့ကြတာပဲ မဟုတ်လား။

သူတို့အားလုံးကို အလေးပြုလိုက်ပါတယ်။

## အပိုင်း (၁၁)၊ ၁၉၆၂၊ ဇူလိုင်လ (၇) ရက် အရေးအခင်း

*ဧပြီ ၁၈၊ ၂၀၀၉*

၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့မှာ ဗိုလ်ချုပ်ကြီး နေဝင်း စစ်တပ်က ပထစ အစိုးရ လက်ထဲကနေ ဒုတိယအကြိမ် စစ်အာဏာ သိမ်းလိုက်တဲ့ အခါမှာတော့ ပါလီမန် ဒီမိုကရေစီ စနစ်လည်း အပြီးတိုင် ချုပ်ငြိမ်းခဲ့ရပါတော့တယ်။

စစ်တပ်ဟာ "တော်လှန်ရေးကောင်စီ" နာမည်ခံပြီး တိုင်းပြည်ကို ချုပ်ကိုင်လိုက်ပါပြီ။ တော်လှန်ရေး ကောင်စီ အာဏာသိမ်းတာကို ကျောင်းသားသမဂ္ဂ၊ တိုင်းရင်းသားအဖွဲ့ တချို့၊ လူငယ်အဖွဲ့ တချို့နဲ့ ဆရာကြီး သခင် ကိုယ်တော်မှိုင်း ဦးစီးတဲ့ ကမ္ဘာ့ ငြိမ်းချမ်းရေး ကွန်ဂရက် (မြန်မာနိုင်ငံ) တို့က အဓိက ဆန့်ကျင်ခဲ့ကြပါတယ်။ ဝိဓူရ သခင် ချစ်မောင်တို့ရဲ့ ပမညတ အဖွဲ့ကတော့ တော်လှန်ရေး ကောင်စီကို ထောက်ခံ ကြိုဆိုခဲ့ကြတာပါ။

ဗကသ ကျောင်းသား ခေါင်းဆောင်တွေ ကြားမှာလည်း သဘောထား ကွဲသွားပါတယ်၊ ဥက္ကဋ္ဌ ကိုခင်မောင်အုန်းနဲ့ အီးစီ (EC) ၄ ဦးက စစ်အာဏာသိမ်းတဲ့ တော်လှန်ရေးကောင်စီကို ထောက်ခံလိုက်တယ်။ ဒုတိယ ဥက္ကဋ္ဌ ကိုသက်၊ အထွေထွေ အတွင်းရေးမှူး ကိုတင်ထွန်း၊ အမှုဆောင် ဘိုကလေး ကိုလှရွှေတို့ အီးစီ (EC) ၆ ဦး ကတော့ စစ်အာဏာသိမ်းမှုကို ကန့်ကွက် ရှုတ်ချခဲ့ကြပါတယ်။

ဗကသ၊ တကသ၊ ရကသ ကျောင်းသား သမဂ္ဂကြီး ၃ ခု စုစည်းပြီး တော်လှန်ရေး ကောင်စီ စစ်အာဏာ သိမ်းမှုကို အကြီးအကျယ် ကန့်ကွက် ဆန္ဒပြကြပါတယ်။

အာဏာသိမ်း စစ်အစိုးရဟာ မေလ က စပြီး အဆောင်နေ ကျောင်းသားများကို ချုပ်ကိုင်တဲ့ ကျောင်းဆောင် စည်းကမ်း ၂၂ ချက်ကို ထုတ်ပြန်လိုက်ပါတယ်။ တက္ကသိုလ် ကောင်စီနဲ့ ဗဟို ကျောင်းသားဆောင် ကော်မတီမှာ ပါဝင် နေတဲ့ သမဂ္ဂ ကိုယ်စားလှယ်တွေကို ထုတ်ပစ်လိုက်တယ်။ တက္ကသိုလ်ရုံးက သမဂ္ဂ ဝင်ကြေး ကောက်ခံပေးနေတာကို ရပ်ဆိုင်းခိုင်းလိုက်တယ်။

စစ်အစိုးရဟာ မေလ ၁၀ ရက်နေ့မှာ ဝန်ကြီးချုပ် ဦးနု အဓိပတိ အဖြစ် ပါဝင်တဲ့ တက္ကသိုလ် ကောင်စီ ပုဂ္ဂိုလ် ၄၀ အဖွဲ့ကို ဖျက်သိမ်းလိုက်ပြီး မေလ ၁၇ ရက်နေ့မှာ အဓိပတိအဖြစ် ဗိုလ်မှူးချုပ် သန်းဖေ ဦးဆောင်တဲ့ ၅ ဦး ကောင်စီကို ဖွဲ့စည်း လိုက်ပါတယ်။

ဇူလိုင်လ ၃ ရက်နေ့ သမဂ္ဂအဆောက်အအုံ UNION မှာ ကျောင်းသားထုအစည်းအဝေး ခေါ်ပါတယ်။ ဒီအစည်းအဝေးက ကမောက်ကမ ပညာရေးစနစ် ဖျက်သိမ်းရေးနဲ့ မတရားတဲ့ အဆောင်စည်းကမ်းတွေကို ဖျက်သိမ်း ပေးဖို့ တောင်းဆိုကြ ပါတယ်။

နောက်တနေ့ ဇူလိုင်လ ၄ ရက်နေ့မှာတော့ တော်လှန်ရေး ကောင်စီက "မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် ပါတီ" (မဆလ) ကို ဖွဲ့စည်း ထူထောင် လိုက်ပါတော့တယ်။ ဇူလိုင် ၆ ရက်နေ့မှာ စစ်အစိုးရက တက္ကသိုလ် ဆီးနိတ်အဖွဲ့နဲ့ ကျောင်းဆောင် ကော်မတီတွေကို သူတို့ စိတ်တိုင်းကျ ပြင်ဆင် ဖွဲ့စည်းလိုက်ပြန်ပါတယ်။

ဒီလို စစ်အုပ်စုရဲ့ လုပ်ရပ်တွေကို ကျောင်းသား သမဂ္ဂတွေက လက်မခံပါဘူး။ ၁၉၆၂ ခုနှစ်၊ ဇူလိုင် ၇ ရက် နေ့လည်ပိုင်းမှာ တကသ အစည်းအဝေးလုပ်တော့ တကသ ဥက္ကဋ္ဌ ကိုဗဆွေလေးက "အခု တက်လာတဲ့ တော်လှန်ရေး အစိုးရဟာ ပညာရေးစနစ် ပြုပြင်ပြောင်းလဲဖို့ မလုပ်ဘဲ တင်းကျပ်တဲ့ စည်းကမ်းတွေ တဖက်သတ် ထုတ်ပြန်လာတာ ဟာ မှုအရ မမှန်ပါဘူး" လို့ အဖွင့် မိန့်ခွန်း ပြောပါတယ်။

ပြီးတော့ ကျောင်းသားတွေဟာ ကြွေးကြော်သံတွေ ကြွေးကြော်၊ နီရဲတဲ့ ခွပ်ဒေါင်းအလံတွေ လွှင့်ထူပြီး ရန်ကုန် တက္ကသိုလ်ဝင်းထဲမှာ ဆန္ဒပြကြပါတယ်။ ဆန္ဒပြပွဲ အပြီးမှာတော့ ဗကသ ဥက္ကဋ္ဌ ကိုသက်က "ဒီတိုက်ပွဲအတွက် အကောင်းဆုံး လက်နက်ဟာ ကျောင်းသား ညီညွတ်ရေးပဲ၊ ကျောင်းသားထု ညီညွတ်ရေးကို မရမနေ တည်ဆောက်ပြီး၊ ကျောင်းသား သမဂ္ဂရဲ့ ခွပ်ဒေါင်း အောင်လံ အောက်မှာ စုစည်း ညီညွတ်ပြီး ဆက်လက် တိုက်ပွဲဝင်သွားကြပါစို့" လို့ နိဂုံးချုပ်မိန့်ခွန်း ပြောခဲ့ပါတယ်။

ဆန္ဒပြပွဲအပြီး မွန်းလွဲ ၂ နာရီ လောက်မှာ စစ်ထောက်လှမ်းရေးနဲ့ ရဲ ၂၀၀ ကျော်က ကျောင်းသား ခေါင်းဆောင်တွေကို ဝင်ဆွဲပါတော့တယ်။ ကျောင်းသားထုဘက်က မခံမရပ်နိုင်ဖြစ်ပြီး တကသမှာ တခဲနက် ပြန်လည် စုစည်းလိုက်ကြပါတယ်။

ညနေ ၄ နာရီလောက်မှာ စစ်တပ်နဲ့ အဓိကရုဏ်း နှိမ်နင်းရေး ရဲတွေ ရောက်လာပြီး မျက်ရည်ယို ဗုံးတွေနဲ့ အပြင်းအထန် လူစုခွဲပါတယ်။ ကျောင်းသားတွေက နောက်ဆုတ်မသွားပါဘူး။ ဆက်လက် ဆန္ဒပြ ကြွေးကြော် နေကြ ပါတယ်။

ညနေ ၅ နာရီခွဲလောက်မှာ ရဲတွေကို ပြန်လည် ရုပ်သိမ်းလိုက်ပြီး စစ်ကားကြီး ၂ စီးစာ စစ်သားတွေက ပြောင်းလဲ နေရာယူလိုက်ကြပါပြီ။ နောက်တော့ စစ်တပ်က ဂျီသရီး၊ ဂျီဖိုး မောင်းပြန် သေနတ်တွေနဲ့ ကျောင်းသားထု စုဝေးနေတဲ့ မန္တလေးဆောင်၊ ရာမညဆောင်နဲ့ အဓိပတိ လမ်းတလျှောက် တရကြမ်း ပစ်ခတ် နှိမ်နင်းပါတော့တယ်။

စပစ်တဲ့ အချိန်က ညနေ ၆ နာရီခွဲလောက် ရှိပါပြီ။ ပစ်တဲ့ စစ်တပ်က သနက (၄) ဖြစ်ပြီး၊ ပစ်ချက်က ၃ မိနစ် ပစ် ၂ မိနစ် နား၊ ၃ မိနစ် ပစ် ဖြစ်တယ်။ အဲဒီတုန်းက ပစ်မိန့်ပေးတဲ့သူကတော့ ရှစ်လေးလုံး အရေးတော်ပုံမှာ ပြုတ်သွားတဲ့ သမ္မတ ဦးစိန်လွင်ပါပဲ။

ကွပ်ကဲရေးရုံးကို မြန်မာ့အသံမှာ ဖွင့်လှစ်ထားရှိပြီး ဗိုလ်မှူးကြီး ကျော်စိုး၊ ဦးသန်းစိန်၊ ဒေါက်တာ လှဟန်၊ ဗိုလ်မှူးကြီး ဘနီ၊ ရဲချုပ် ဦးဘအေး၊ ရန်ကုန် တက္ကသိုလ် ပါမောက္ခချုပ် ဦးကာတို့က အခြေ အနေကို ကွပ်ကဲခဲ့တယ်လို့ ဆိုပါတယ်။

အဲဒီအနေအထားမှာ ကျောင်းသား ခေါင်းဆောင်တွေ တာဝန် ခွဲဝေပြီး တချို့ တက္ကသိုလ် နယ်မြေထဲကနေ ရှောင်ထွက်သွားကြပါတယ်။ ကျန်ခဲ့တဲ့ ကျောင်းသား ခေါင်းဆောင် ဘိုကလေး ကိုလှရွှေတို့က ကျောင်းသားထုကြီးကို ဆက်ပြီး ဦးဆောင်နေပါတယ်။

စစ်တပ်ရဲ့ ပစ်ခတ် ဖြိုခွင်းမှုကြောင့် ကျောင်းသားတွေ ရာချီပြီး ကျဆုံးခဲ့ရတယ်။ စစ်တပ်ဟာ မသေမရှင် ကျောင်းသားတွေ အပါအဝင် သေဆုံးသွားတဲ့ ကျောင်းသားတွေရဲ့ အလောင်းတွေကို ဖျောက်ဖျက်ပစ်လိုက်ပါတယ်။

ဒဏ်ရာရနေတဲ့ ကျောင်းသား တဦး ဖြစ်တဲ့ မြောင်းမြမြို့သား ကိုကျော်ဝင်းဟာ မန္တလေးဆောင် နံရံမှာ သူ့ကိုယ်က ထွက်တဲ့ သွေးနဲ့ "၇ ရက် ဇူလိုင် မမေ့ကြနဲ့" လို့ ရေးလိုက်ပါတယ်။

နောက်နေ့ ဇူလိုင် ၈ ရက် အရုဏ်ဦး နံနက် လင်းအားကြီး ၄ နာရီလောက်မှာတော့ စစ်တပ်ဟာ မြန်မာ့ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းမှာ အရေးပါတဲ့ သမဂ္ဂ အဆောက်အအုံ UNION ကို ဒိုင်းနမိုက်နဲ့ ဖောက်ခွဲ ဖျက်ဆီး ပစ်လိုက်ကြပါတော့တယ်။

ဒဏ်ရာနဲ့ ခိုနားနေတဲ့ မြောင်းမြ ကိုကျော်ဝင်း အပါအဝင် အခြား ကျောင်းသား အများအပြားလည်း သမဂ္ဂ အဆောက်အအုံနဲ့ အတူ ပါသွားကြပါတော့တယ်။ ပေါက်ကွဲသံကြီးဟာ ဘယ်လောက်တောင် ပြင်းထန်သလဲ ဆိုရင် ကမာရွတ် လှည်းတန်းတဝိုက် တုန်ခါသွားတဲ့အပြင် အဓိပတိ လမ်းပေါ်က ပလက်ဖောင်း ကျောက်ပြားကြီးတွေတောင် အများအပြား ကြေမွ ပျက်စီးသွားခဲ့ပါတယ်။




အဲဒီနေ့ နံနက် ၈ နာရီ ရေဒီယိုက သတင်း ကြေညာတော့ ဗိုလ်ချုပ်ကြီး နေဝင်း က *"ဓား ဓားချင်း၊ လှံ လှံချင်း၊ face to face ရင်ဆိုင်ဖို့ပဲ"* ဆိုတဲ့ မိန့်ခွန်းနဲ့ တိုင်းပြည်ကို စိန်ခေါ် စော်ကားခဲ့တာပါ။

အဲဒီနေ့က စပြီး ရန်ကုန် တက္ကသိုလ်ကြီးကို ရက် အကန့်သတ် မရှိ ပိတ်ပစ်လိုက်ပါတယ်။ လွမ်းမောဖွယ် တက္ကသိုလ် နယ်မြေဟာ သုသာန် တစပြင်လို တိတ်ဆိတ် ငြိမ်သက်ခဲ့ရပါပြီ။

စစ်အစိုးရရဲ့ ဒီလူမဆန်တဲ့ လုပ်ရပ်ကို တတိုင်းပြည်လုံးက ဆန့်ကျင် ရှုတ်ချခဲ့ကြပါတယ်။ ဒါပေမဲ့ ဝမ်းနည်းစရာ ကောင်းတာက **ဗိုလ်ရှု သခင်ချစ်မောင်ဦးစီးတဲ့ ပမညတအုပ်စုက ဆဲဗင်း ဂျူလိုင် လှုပ်ရှားမှုကို တိတ်တဆိတ် ရှုတ်ချ ခဲ့တယ်ဆိုတဲ့အချက်ပါပဲ။**

ဘာပဲဖြစ်ဖြစ်၊ ကျနော့် စိတ်ထဲမှာတော့ ဆဲဗင်းဂျူလိုင် အကြောင်း ရေးထားတဲ့ ဆရာအောင်ပြည့်ရဲ့ "ပြုံမှာ လေလား မိုးရဲ့" ဝတ္ထုကို အမှတ်တရ ကြေကွဲ နေမိပါတော့တယ်။

**အပိုင်း (၁၂)၊ ၁၉၆၃၊ ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် ကျောင်းသားသမဂ္ဂ**
*မေ ၂၅၊ ၂၀၀၉*

၁၉၆၂ ခုနှစ်၊ ဆဲဗင်းဂျူလိုင် အရေးအခင်းမှာ ကိုယ်တိုင်ပါဝင် ခေါင်းဆောင်ခဲ့တဲ့ ဘိုကလေး ဦးလှရွှေက ၁၉၈၈ ရှစ်လေးလုံး အရေးတော်ပုံ အတွင်း ၂၈ ရက်၊ ၈ လ၊ ၈၈ ဗကသများ အဖွဲ့ချုပ် ပြည်လည် ဖွဲ့စည်းရေး ညီလာခံ မိန့်ခွန်းမှာ -

"၁၉၆၂ ခုနှစ်မှာ စစ်တပ်က ဒုတိယအကြိမ် အာဏာ သိမ်းခဲ့တယ်။ ကျောင်းသား သမဂ္ဂများက ပထမဆုံး တပ်ဦးက ထွက်ပြီး ဆန့်ကျင်ခဲ့ကြတယ်။ ဒါကြောင့် သမိုင်းတွင် ကျန်ရစ်မယ့် ဇူလိုင်လ ၇ ရက် ကျောင်းသား အရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့ရတယ်။ ကျောင်းသားတွေ ရာချီပြီး အသတ်ခံရတယ်။ ရာချီပြီး အဖမ်းခံခဲ့ရတယ်။ ရာချီပြီး ဝရမ်းပြေးဘဝ ရောက်ခဲ့ကြရတယ်။ ရာချီပြီး ရာသက်ပန် ကျောင်းထုတ် ခံခဲ့ကြရတယ်။ သမဂ္ဂများ တရားဝင် ရပ်တည်မှုကို ဖျက်သိမ်းခံရတယ်။ ဗကသ၊ တကသ၊ ရကသ စတဲ့ ဗဟို ကျောင်းသား သမဂ္ဂ ခေါင်းဆောင်များနဲ့ မြို့နယ်ပေါင်း ၂၀၀ ကျော်က မြို့နယ် ကျောင်းသား ခေါင်းဆောင် မြောက်များစွာ အသက်စွန့်သွားကြ၊ အချို့ ထောင်ထဲမှာ၊ ကိုကိုးကျွန်းမှာ လူဖြစ်ရှုံးသည်အထိ ညှဥ်းပန်း ခံခဲ့ကြရတယ်" လို့ ပြောဆိုခဲ့ပါတယ်။

ဆဲဗင်းဂျူလိုင် တိုက်ပွဲဝင် ကျောင်းသားဟောင်းကြီး တဦးဖြစ်တဲ့ ပဒိုမန်းရှာကလည်း "စစ်အုပ်စုသည် မတရားမှုကို ဆန့်ကျင်သည့် လူငယ် ကျောင်းသားများ၏ တော်လှန်ရေး စိတ်ဓာတ်ကို နှတ်ပယ်ပစ်ရန်၊ လူငယ် ကျောင်းသားများကို ကျွန်ပညာရေးစနစ် ကျင့်သုံးပြီး ကျွန်သဘောက်လို ဖိနှိပ် ကျွန်ပြုထားရန် ကြိုးပမ်းခဲ့သည်။ သို့သော် လူငယ် ကျောင်းသားများ၏ လွတ်လပ်မှု၊ တရားမျှတမှုကို မြတ်နိုးသည့် စိတ်ဓာတ်ကို နှတ်ပယ် ဖျက်ဆီးခြင်းငှာ မစွမ်းနိုင်ချေ။ ဇူလိုင် ၇ ရက်၏ စိတ်ဓာတ်သည် အစဉ် ရှင်သန်နေမည်သာ ဖြစ်သည်" လို့ ရေးခဲ့ဖူးတာကိုလည်း ကျနော် ပြန်အမှတ်ရလာပါတယ်။

ဗိုလ်ချုပ်ကြီး နေဝင်း တော်လှန်ရေး ကောင်စီ အစိုးရဟာ ကျောင်းသားတွေကို အစုလိုက် အပြုံလိုက် သတ်ပြီး ပြည်သူတွေကို စစ်ကျွန်ဇာတ်သွင်းဖို့ လက်နက်အားကိုးနဲ့ မြန်မာ့နိုင်ငံရေး ဇာတ်ခုံပေါ်ကို ခေတ်သစ် ဖက်ဆစ်တွေ အဖြစ်နဲ့ တက်လာကြပါပြီ။ စစ်အုပ်စုဟာ ကျောင်းသား သမဂ္ဂများကို မတရား ပိတ်ပင်လိုက်ပါပြီ။

သမဂ္ဂများ တရားဝင် ရပ်တည်ခွင့် မရတဲ့ကာလမှာ သမဂ္ဂများကိုယ်စား **"ကျောင်းသား အခွင့်အရေး ကာကွယ်မှု ကော်မတီ"**၊ SAC (Student Affairs Committee) ကို ဖွဲ့စည်း လှုပ်ရှားခဲ့ကြရတယ်။ SAC ရဲ့ ဥက္ကဋ္ဌက ဦးတင်မောင်ဝင်းပါ။

ဆဲဗင်းဂျူလိုင် အရေးတော်ပုံနောက်ပိုင်း ကျောင်းသား လှုပ်ရှားမှုတွေကို SAC ကျောင်းသား အခွင့်အရေး ကာကွယ်မှု ကော်မတီကပဲ တာဝန်ယူ လုပ်ဆောင်ခဲ့ပါတယ်။ SAC က ဆဲဗင်း ဂျူလိုင် (၆) လပြည့် နေ့မှာ ကျောင်းသားတွေ ရာကျော် ကျဆုံးခဲ့တာကို ရည်စူးပြီး **"ရာကျော်"** ကျောက်တိုင် စိုက်ထူကြပါတယ်။

ဒီကျောက်တိုင်ကို ဗိုလ်အောင်ကျော်ကျောက်တိုင်နဲ့ ဘေးချင်းယှဥ်ပြီး ရန်ကုန်စက်မှုတက္ကသိုလ် ကျောင်းသားတွေက ညတွင်းချင်း အပြီး စိုက်ထူခဲ့ကြတာပါ။ ကျောက်တိုင်က အောက်ခြေအကျယ် ၆၂ လက်မ၊ အမြင့် ၇ ပေ၊ ၇ လက်မ ရှိပါတယ်။

ရာကျော်ကျောက်တိုင် ဖွင့်ပွဲမှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက **"အဆောက်အအုံ ကိုသာ ဖြိုလို့ရမယ်။ အမောင်တို့ရင်ထဲက သမဂ္ဂ စိတ်ဓာတ်ကိုတော့ဘယ်သူမှ ဖြိုလို့ မရပါဘူး"** လို့ မိန့်ခွန်း ပြောခဲ့ပါတယ်။

၁၉၆၃၊ ဧပြီလထဲမှာ စစ်အစိုးရက အထွေထွေ လွတ်ငြိမ်း ချမ်းသာခွင့် အမိန့် ထုတ်ပြန်တယ်။ ဇွန်လ ဒုတိယ ပတ်ထဲကျတော့ ပြည်တွင်း ငြိမ်းချမ်းရေး အတွက် တွေ့ဆုံ ဆွေးနွေးဖို့ တော်လှန်ရေးကောင်စီက တောတွင်း လက်နက်ကိုင် အင်အားစုတွေကို ဖိတ်ခေါ်တဲ့ ကြေညာချက် ထွက်လာပါတယ်။

နိုင်ငံရေး အနေအထားအရ ထိန်းသိမ်းခံထားရတဲ့ ကျောင်းသား ခေါင်းဆောင် တချို့ ပြန်လွတ်မြောက်လာပြီး ဗကသ၊ တကသ၊ ရကသ ကျောင်းသား သမဂ္ဂကြီး ၃ ခု ပြန်လည် ရပ်တည်လို့ ရလာပါတယ်။

၁၉၆၃၊ ဇူလိုင်လ ၇ ရက်၊ ဆဲဗင်းဂျူလိုင် တနှစ်ပြည့်တဲ့အခါမှာတော့ ဖြိုဖျက်ခံရတဲ့ သမဂ္ဂ အဆောက်အအုံ UNION နေရာမှာ အလျားပေ ၂၀၀၊ အနံပေ ၂၀ ယာယီ သမဂ္ဂ အဆောက်အအုံကို ဝါးခြမ်းနဲ့ ပြန်လည် တည်ဆောက် ခဲ့ကြပါတယ်။

ဆဲဗင်းဂျူလိုင် တနှစ်ပြည့် အခမ်းအနားကို ဗကသများ အဖွဲ့ချုပ်က ကြီးမှူး ကျင်းပခဲ့တယ်။ အခမ်းအနားမှာ ဇူလိုင်လ ၇ ရက် အရေးတော်ပုံနဲ့ ပတ်သက်တဲ့ တောင်းဆိုချက်တွေ၊ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး တိုက်ပွဲနဲ့ ပတ်သက်တဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်ခဲ့ကြတယ်။

၁၉၆၃၊ နိုဝင်ဘာလမှာ တက္ကသိုလ် ကောလိပ်တွေ ပြန်ဖွင့်ပါတယ်။ ဒီအချိန်မှာပဲ တော်လှန်ရေး ကောင်စီနဲ့ တောတွင်း လက်နက်ကိုင် တော်လှန်ရေး အင်အားစုတွေရဲ့ ပြည်တွင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ဖြစ်ပေါ် လာပါတယ်။

ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် ဥပဒေတွင်း ဒီမိုကရေစီ အင်အားစုများအားလုံး ပါဝင်ဖွဲ့စည်းထားတဲ့ "ပြည်သူ့ ကော်မတီကြီး" အတွင်းမှာ ကျောင်းသားသမဂ္ဂနဲ့ ကျောင်းသားခေါင်းဆောင်တွေ ပါဝင် တာဝန်ယူခဲ့ကြတာပါ။

၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက် ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့မှာ ကျင်းပတဲ့ ၆ ခရိုင်၊ ငြိမ်းချမ်းရေး ဆန္ဒပြပွဲမှာ ကျောင်းသားသမဂ္ဂ ခေါင်းဆောင်တဲ့ တက္ကသိုလ်နဲ့ အထက်တန်း ကျောင်းသားထုတရပ်လုံး သိန်းချီပြီး ပါဝင် ဆန္ဒပြကြ ပါတယ်။ ၆ ခရိုင်၊ ငြိမ်းချမ်းရေး ဆန္ဒပြပွဲကြီးကို လူ ၅ သိန်းနီးပါး တက်ရောက်ခဲ့တယ်လို့ ဆိုပါတယ်။

ဒါပေမဲ့ နိုဝင်ဘာလ ၁၄ ရက်နေ့မှာတော့ ပြည်တွင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပျက်ပြား သွားခဲ့ရပါတော့တယ်။ ဗိုလ်ချုပ်ကြီး နေဝင်း တော်လှန်ရေး ကောင်စီ အစိုးရဘက်က တဖက်သတ် ရပ်ဆိုင်းပစ်လိုက်တာပါပဲ။

စစ်အစိုးရဟာ အဲဒီနေ့ကပဲ စပြီး ဒီမိုကရေစီ အင်အားစုတွေကို အစုလိုက် အပြုံလိုက် ဖမ်းဆီးပါတော့တယ်။ တနိုင်ငံလုံးက ဒီမိုကရေစီ လိုလားတဲ့ နိုင်ငံရေးသမားတွေ၊ စာရေးဆရာ၊ သတင်းစာဆရာတွေ၊ ကျောင်းသား ခေါင်းဆောင်တွေ ၃,၀၀၀ နီးပါး အဖမ်းခံကြရပါပြီ။ ဒီအထဲမှာ ဆရာ ဒဂုန်တာရာနဲ့ အခြား တိုးတက်တဲ့ စာရေးဆရာ၊ သတင်းစာဆရာတွေလည်း ပါသွားပါတယ်။

ဗကသ ဥက္ကဌ ကိုသက်၊ တကသ ဥက္ကဌ ကိုဗဆွေလေး၊ လူထုဦးလှ လူထုဒေါ်အမာတို့ရဲ့သား ရဲဘော်စိုးဝင်းတို့ အပါအဝင် ကျောင်းသားတွေ အများအပြား တောခိုသွားခဲ့ရပါတယ်။


ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပျက်ပြားသွားတာနဲ့ တပြိုင်နက် စစ်အစိုးရဟာ ဆဲဗင်းဂျူလိုင် အထိမ်းအမှတ် ယာယီ သမဂ္ဂ အဆောက်အအုံနဲ့ ရာကျော် ကျောက်တိုင်တို့ကို ထပ်မံ ဖြိုဖျက် ပစ်လိုက်ပြန်ပါတော့တယ်။

၆၂၊ ဇူလိုင်လ ၇ ရက် UNION အဆောက်အအုံ ဖုံးခွဲခံရပြီး နောက်မှာ တော်လှန်ရေး ကောင်စီဝင် ဗိုလ်မှူးချုပ် အောင်ကြီးက *"သမဂ္ဂ အဆောက်အအုံသစ်ကို ရွှေအုတ်နဲ့ ပြန်ဆောက်ပေးပါမယ်"* လို့ သတင်းထောက်တွေကို ပြောခဲ့တဲ့ စကား၊ ၁၉၈၈ ရှစ်လေးလုံး အရေးတော်ပုံကြီးအတွင်းမှာ သမ္မတ ဒေါက်တာမောင်မောင်က *"သမဂ္ဂ အဆောက်အအုံသစ်ကြီးကို ပျော်ပျော်ပါးပါး အုတ်မြစ်ချကြတာပဲ့"* လို့ပြောခဲ့တဲ့ စကားတွေကို ဘယ်သူမှ မမေ့ကြ သေးပါဘူး။



" … … … ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားသွားခဲ့ရပါတော့တယ်ဗိုလ်ချုပ်ကြီးနေဝင်း တော်လှန်ရေး ကောင်စီ အစိုးရဘက်ကတဖက်သတ် ရပ်ဆိုင်းပစ်လိုက်တာပါပဲ။… … … စစ်အစိုးရဟာအဲဒီနေ့ကပဲ စပြီး ဒီမိုကရေစီ အင်အားစုတွေကိုအစုလိုက် အပြုံလိုက် ဖမ်းဆီးပါတော့တယ်… … … "

## အပိုင်း (၁၃)၊ ၁၉၇၀၊ ရန်ကုန်တက္ကသိုလ်နှစ် (၅၀) ပြည့် ရွှေရတုသဘင်
*ဧပြီ ၁၁၊ ၂၀၀၉*



၁၉၆၃၊ နိုဝင်ဘာ ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပျက်ပြားသွားတဲ့အခါ မြန်မာ့နိုင်ငံရေး အခြေအနေလည်း တဆစ်ချိုးပြောင်းလဲသွားပါတော့တယ်။

၁၉၆၄၊ မတ်လမှာ တော်လှန်ရေးကောင်စီ စစ်အုပ်စုက အမျိုးသား စည်းလုံး ညီညွတ်ရေး ဥပဒေ ဆိုတာကို ထုတ်ပြန်ပြီး နိုင်ငံရေးပါတီ လူထုလူတန်းစား အဖွဲ့အစည်း အသီးသီးကို တဖက်သတ် ဖျက်သိမ်းပစ်ခဲ့ပါတယ်။

၁၉၆၄၊ ဇူလိုင်လ ၂၃ ရက်နေ့မှာတော့ **"ဆရာ မသေခင် ငြိမ်းချမ်းရေးရတာ မြင်သွားချင်တယ်"** လို့ တဖွဖွ ပြောခဲ့တဲ့ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ကွယ်လွန်သွားခဲ့ပါပြီ။ ပြည်တွင်း ငြိမ်းချမ်းရေးကတော့ အလှမ်းဝေးနေဆဲပါပဲ။

၁၉၆၇ မှာ ပြည်တွင်း ဆန်ရှားပါးမှုဖြစ်ပြီး စစ်အုပ်စုက လူထုကို အာရုံပြောင်းတဲ့အနေနဲ့ တရုတ် ဗမာ အဓိကရုဏ်းကို တမင် ဖန်တီးခဲ့ပါတယ်။ ရုပ်ရှင် မင်းသားကြီး ဦးထွန်းဝေနဲ့ ဦးမြတ်လေးတို့ ဒီ တရုတ် ဗမာ အရေးအခင်းမှာ အဖမ်းခံခဲ့ကြရပါတယ်။

ဗကသ၊ တကသ၊ ရကသ ကျောင်းသားသမဂ္ဂကြီး ၃ ခုလည်း အခက်အခဲ အကြပ်အတည်း အမျိုးမျိုးကြားထဲကနေ ၁၉၆၇ လောက်အထိ ရှန်းကန် ရပ်တည်ခဲ့ရပါတယ်။ ကျောင်းသားသမဂ္ဂနဲ့ ကျောင်းသား တိုက်ပွဲတွေထဲမှာ ပေါ်ပေါက်လာခဲ့တဲ့ ကျောင်းသား ခေါင်းဆောင်တွေကို ကြည့်ရင်

(၁) လက်ဝဲ နိုင်ငံရေး အရောင်အသွေး ရှိတဲ့ အုပ်စု၊
(၂) တိုင်းရင်းသားလူမျိုးစု ကျောင်းသားတွေကို ကိုယ်စားပြုတဲ့ အုပ်စု၊
(၃)ကျောင်းသားလှုပ်ရှားမှု ကျောင်းသား သမဂ္ဂ အမာခံတွေ ဖြစ်တဲ့ သမဂ္ဂဝင်များ၊

တက်ကြွ လှုပ်ရှားသူများ (Unionist) (Activist) အုပ်စု ဆိုပြီး ၃ မျိုး တွေ့ရပါတယ်။ ဒီ ၃ မျိုးစလုံး ထဲမှာ ကျောင်းသူတွေလည်း ပါပါတယ်။ (၁၉၅၀-၅၇၊ တကသ အမှုဆောင် ကျောင်းသားခေါင်း ဆောင်တဦး ဖြစ်ခဲ့တဲ့ ဒေါ်ခင်ခင်တိုးဟာ အခု အမေရိကန်နိုင်ငံမှာ နေထိုင်လျက် ရှိပါတယ်။)

၁၉၆၇၊ ဧပြီလမှာတော့ တတိယအုပ်စုဖြစ်တဲ့ သမဂ္ဂဝင်များနဲ့ တက်ကြွစွာ လှုပ်ရှားတဲ့ ကျောင်းသား ခေါင်းဆောင်တွေ အများအပြား ဖမ်းဆီးခံလိုက်ရတဲ့အတွက် ကျောင်းသား သမဂ္ဂရဲ့ ပုံမှန်လုပ်ငန်းများ ၁၉၆၇ ခုနှစ်၊ အောက်တိုဘာလောက်မှာ ရပ်ဆိုင်းသွားခဲ့ပါပြီ။

ဗိုလ်ချုပ်ကြီး နေဝင်း စစ်အစိုးရဟာ ပညာရေးစနစ် တိုးတက် ကောင်းမွန်အောင် လုပ်ဖို့ထက် ကျောင်းသား လှုပ်ရှားမှုတွေ ဖြစ်ပေါ်မလာအောင် ထိန်းချုပ်ရေးကိုပဲ ဦးတည်ခဲ့တယ်။ စစ်အစိုးရ ပညာရေးစနစ်ဟာ ကျောင်းသားတွေကို ဘဝအာမခံချက် မပေးနိုင်ဘူး၊ ပညာတတ် အလုပ်လက်မဲ့တွေ ပေါ်များလာတယ်။ ပြည်သူလူထုရဲ့စီးပွားရေး လူမှုရေး အခြေအနေတွေက ကြပ်တည်းသထက် ပိုကြပ်တည်းလာခဲ့တယ်။ ဒီတော့ ဥပဒေတွင်း ဥပဒေပ နိုင်ငံရေး အခြေအနေတွေ ပိုမို တင်းမာလာပါတော့တယ်။

ဒီလိုအချိန်မှာ မြေအောက်ဆင်းသွားတဲ့ ကျောင်းသားခေါင်းဆောင်တွေဟာ "သမဂ္ဂ ပြန်လည် တည်ဆောက်ရေးနှင့် ကျောင်းသားအရေး ဆောင်ရွက်မှု ကော်မတီ" ကို လျှို့ဝှက်စွာ ဖွဲ့စည်း လှုပ်ရှားခဲ့ကြပါတယ်။

တော်လှန်ရေး ကောင်စီ လက်ထက် မြန်မာ့နိုင်ငံရေးရဲ့ ထူးခြားချက်က ဥပဒေတွင်း ဒီမိုကရေစီရေး တိုက်ပွဲတွေဟာ လက်ဝဲ နိုင်ငံရေး အင်အားစုတွေရဲ့ ခေါင်းဆောင်မှုအောက်မှာ ရှိနေတာပါပဲ။ တစ်ဖက်မှာ ဥပဒေပမှာ ဗမာပြည် ကွန်မြူနစ်ပါတီ (ဗကပ) နဲ့ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးတွေ အားကောင်း မောင်းသန် ရှိနေကြတာဖြစ်တယ်။

လက်နက်ကိုင် တော်လှန်ရေးနဲ့ ဥပဒေတွင်း တိုက်ပွဲ ချိတ်ဆက် ဖြစ်နေတာကို စစ်အစိုးရက မကြိုက်ပါဘူး။ ဒီနှစ်ခုရဲ့ အဓိက ကွင်းဆက်ဟာ ကျောင်းသား သမဂ္ဂနဲ့ ကျောင်းသား ခေါင်းဆောင်တွေပဲ ဖြစ်တယ်လို့ စစ်အုပ်စုက ယူဆတယ်။ ဒါ့ကြောင့် ကျောင်းသား လှုပ်ရှားမှုတွေကို အပြတ်အသတ် ဖိနှိပ်တယ် ခြေမှုန်းတယ်။ ကျောင်းသား ခေါင်းဆောင်တွေကို ရက်ရက်စက်စက် သုတ်သင်ပစ်တယ်။ ဥပမာ လက်နက်ကိုင် တော်လှန်ရေး လုပ်ဖို့ တောခိုသွားတဲ့ ၁၉၆၂၊ တကာသ ဥက္ကဋ္ဌ ကိုဗဆွေလေးကို ကျူပျော်ပန်းတောကြီး တိုက်ပွဲမှာ ခလရ (၃၆) တပ်ရင်းက ဒဏ်ရာနဲ့ အရှင် ဖမ်းမိသွားတဲ့အခါ ချက်ချင်းပဲ ပစ်သတ်လိုက်တဲ့ သမိုင်း ရှိပါတယ်။

၁၉၆၉၊ ဒုတိယ ကိုကိုးကျွန်း အပို့ခံရတဲ့အထဲမှာ ဆရာဗန်းမော်တင်အောင်၊ ဆရာမြသန်းတင့်၊ အဘ လေထီး ဦးအုန်းမောင်တို့နဲ့အတူ ကျောင်းသားသမဂ္ဂ ခေါင်းဆောင်တွေ ၄၁ ယောက် ပါသွားပါတယ်။ ကိုကိုးကျွန်း ဖျက်သိမ်းရေး ရက်ပေါင်း ၅၅ ရက်ကြာ အစာငတ်ခံတိုက်ပွဲမှာ အကျဉ်းသား ၈ ဦး ကျဆုံးခဲ့ရတယ်။

ဒီအထဲမှာ ပြည်ခရိုင် ကျောင်းသား ခေါင်းဆောင် ကိုချစ်ဆွေနဲ့  မန္တလေး တက္ကသိုလ် ကျောင်းသားသမဂ္ဂ ခေါင်းဆောင် ကိုလေးမောင် (မြင်းခြံ) တို့ အသက် ပေးလှူခဲ့ကြတာပါ။ ကျောင်းသား သမဂ္ဂ (တရားဝင်) မရှိတော့ပေမဲ့ ကျောင်းသားထုရဲ့ စစ်အာဏာရှင် စနစ် ဆန့်ကျင်ရေး လှုပ်ရှားမှုဟာ လူထုကြားမှာ ပုံစံ အမျိုးမျိုးနဲ့ မကြာခဏ ဖြစ်ပေါ်နေခဲ့ပါတယ်။

၁၉၆၉ ခုနှစ်၊ ရန်ကုန်မှာ (၅) ကြိမ်မြောက် အရှေ့တောင် အာရှ ကျွန်းဆွယ် အားကစားပွဲ ကျင်းပပါတယ်။ စစ်အစိုးရက ရန်ကုန် တက္ကသိုလ် ဘွဲ့နှင်းသဘင် ခမ်းမမှာ အလေးမပွဲတွေ မဖွယ်မရာ လာလုပ်လို့ ကျောင်းသားနဲ့ ပြည်သူတွေ တခဲနက် ကန့်ကွက်ဆန္ဒပြခဲ့ကြပါတယ်။ ဒီကျွန်းဆွယ်အရေးအခင်းမှာ တက္ကသိုလ် ကောလိပ် အသီးသီးက ကျောင်းသားတွေ အများအပြား ကျောင်းထုတ်ခံရ ဖမ်းဆီး ထောင်ချခံရပါတယ်။

ဒီလိုနဲ့ ၁၉၇၀ ပြည့်နှစ်ထဲမှာ ရန်ကုန် တက္ကသိုလ်ကြီးရဲ့ နှစ်ငါးဆယ်ပြည့် ရွှေရတုသဘင် ရောက်ရှိလာခဲ့ပါတယ်။ ၁၉၂၀ မှာ ပထမ တက္ကသိုလ် သပိတ်ကြီးနဲ့ စခဲ့တဲ့ လွတ်လပ်ရေးကြိုးပမ်းမှု အစဉ်အလာ ကြီးမားလှတဲ့ ရန်ကုန် တက္ကသိုလ်ကြီးရဲ့ ၁၉၃၆၊ ဒုတိယသပိတ်၊ ၁၉၃၈၊ တတိယသပိတ်၊ ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၇ ရက် အရိပ်တွေဟာ ရွှေရတုသဘင်မှာ ထင်ဟပ်လာခဲ့ပါတော့တယ်။

ရန်ကုန်တက္ကသိုလ် နှစ်ငါးဆယ်ပြည့်တဲ့ ၁၉၇၀ မှာပဲ တနှစ်တည်း ကျရောက်တဲ့ နှစ်ငါးဆယ်ပြည့် အမျိုးသားနေ့ ရွှေရတုသဘင်မှာ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းက *"နာစရာရှိရင် လွမ်းစရာနဲ့ဖြေ"* လို့ ပြောလိုက်တဲ့ စကားကလည်း ခံခဲ့ရတဲ့ ကျောင်းသားတွေနဲ့ ပြည်သူတွေအဖို့ ဘယ်လိုမှ လက်မခံနိုင်စရာ ဖြစ်နေတဲ့ အချိန်ပါ။

ရန်ကုန် တက္ကသိုလ် ရွှေရတုသဘင်ပွဲဟာ မျိုးဆက်သစ် ကျောင်းသားတွေနဲ့ အတိုင်းအတာ တခုအထိ စည်ကားခဲ့တာတော့ မှန်ပါတယ်။ ဒါပေမဲ့ ကမ္ဘာမကြေ ဥဒါန်းမပြေနိုင်တဲ့ ကျောင်းသားတွေက ဒီရွှေရတုသဘင်ပွဲတော်မှာ ၁၉၆၂ ခုနှစ်၊ ဆဲဗင်းဂျူလိုင် အရေးတော်ပုံ သမိုင်းကြောင်း စာစောင်တွေ ရိုက်နှိပ်ပြီး သေနင်္ဂဗျူဟာမြောက် ဖြန့်ဝေလိုက်ကြပါတော့တယ်။

စစ်အုပ်စုဟာ လတ်တလော အခြေအနေကို မထိန်းသိမ်းနိုင်ခဲ့ပါဘူး။ သူတို့လုပ်နိုင်တာက ရွှေရတုသဘင်ပွဲ မပြီးခင်မှာပဲ တက္ကသိုလ် ကောလိပ်တွေကို ချက်ချင်း ပိတ်ပစ်လိုက်တာပါပဲ။ ဒီ ရွှေရတုသဘင် အရေးအခင်းမှာလည်းပဲ ကျောင်းသားတွေ အများအပြား ဖမ်းဆီး ထောင်ချခံရ ကျောင်းထုတ်ခံခဲ့ကြရပါတယ်။

ဘာပဲဖြစ်ဖြစ် ရန်ကုန် တက္ကသိုလ်ကြီးရဲ့ နှစ်ငါးဆယ်ပြည့်တဲ့ အချိန်မှာလည်း ကျောင်းသားတွေဟာ ခွပ်ဒေါင်းစိတ်ဓာတ် ခွပ်ဒေါင်းသွေးနဲ့ စစ်အာဏာရှင် အုပ်စိုးမှုကို ဆက်လက် တိုက်ပွဲဝင်နေတာကို အမိတက္ကသိုလ်ကြီးက ကျေနပ် ဂုဏ်ယူနေမှာကတော့ မြေကြီးလက်ခတ် မလွဲပါပဲ။

## အပိုင်း (၁၄)၊ ၁၉၇၄၊ ဇွန်လ အလုပ်သမားအရေးအခင်းနှင့်ကျောင်းသားများ
*မေ ၂၊ ၂၀၀၉*

တော်လှန်ရေး ကောင်စီ လက်အောက် ၁၉၇၀ ပြည့်လွန်၊ မြန်မာနိုင်ငံရေးမှာ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး၊ ဥပဒေတွင်း ဒီမိုကရေစီ လှုပ်ရှားမှုတွေ ဆက်တိုက် ဆိုသလို ဖြစ်ပေါ်လာခဲ့ပါတယ်။ မဆလခေတ်မှာ ပထမဆုံး ပြင်းပြင်းထန်ထန်နဲ့ ထင်ထင်ရှားရှား ဖြစ်ခဲ့တဲ့ လူထု တိုက်ပွဲကတော့ ၁၉၇၄ ခုနှစ်၊ ဇွန်လ အလုပ်သမား အရေးအခင်း ပါပဲ။

မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် ပါတီ (မဆလ) တဖြစ်လဲ တော်လှန်ရေး ကောင်စီ စစ်အစိုးရဟာ ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလထဲမှာ သူတို့ စိတ်ကြိုက် ရေးဆွဲထားတဲ့ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေကို ပြည်လုံးကျွတ် ဆန္ဒ ခံယူပွဲ ပြုလုပ်ပါတယ်။

ဒီပွဲမှာ မဆလဟာ နိုင်ငံရေး နားမလည်တဲ့ အနုပညာသည်တွေ၊ တတ်သိ ပညာရှင်တွေကို ခုတုံးလုပ် အသုံး ချပြီး လူထုလည်ပင်း ဓားထောက်ကာ သူတို့ ဥပဒေကို တဖက်သတ် အတည်ပြု လိုက်ကြပါတယ်။ ဒါဟာ မြန်မာ့ နိုင်ငံရေးမှာ ပြည်သူလူထု ဆန္ဒအမှန် မဟုတ်တဲ့ ၁၉၇၄၊ စစ်တပ် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေ ပေါ်ထွက်လာခဲ့တာ ပါပဲ။

အဲဒီ အခြေအနေမှာ တတိုင်း တပြည်လုံး၊ တိုင်းရင်းသား ပြည်သူ တရပ်လုံးရဲ့ ဘဝ အထွေထွေဟာ အတော့်ကို ချွတ်ချုံ ကျနေခဲ့ပါပြီ။ ဆင်းရဲ ကျပ်တည်းတဲ့ ဒဏ်ကို အောက်ခြေ လူထုက အလူးအလဲ ခံနေရတဲ့ အချိန်ပါ။ အထူးသဖြင့် မြို့နေ အလုပ်သမားတွေရဲ့ ဘဝဟာ ရင်နင့်စရာ အဖြစ်ဆိုးတွေနဲ့ ရင်ဆိုင် တိုးနေရပါပြီ။

အဲဒီလို လူထုရဲ့ အထွေထွေ အကျပ်အတည်း ကြားမှာပဲ ၁၉၇၄ ခုနှစ်၊ မတ်လထဲမှာ ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံ တက္ကသိုလ်၊ ရာဇူး (RASU) (ယခု ရန်ကုန် တက္ကသိုလ်) အနီးမှာ ရှိတဲ့ ကမာရွတ် ရဲစခန်း မီးရှို့မှု ပေါ်ပေါက်လာ ခဲ့ပါတယ်။

အဖြစ်အပျက်ကတော့ အဆောင်နေ ကျောင်းသား တဦးကို ခါးပိုက်နှိုက်နဲ့ မှားပြီး ရဲက ဖမ်းလိုက်တာက စတာပါ။ ကမာရွတ် ရဲစခန်းမှာ ရဲတွေက အဲဒီ ကျောင်းသားကို ရိုက်နှက် စစ်ဆေးကြတယ်။ ဒါကို ကျောင်းသား ထုကြီးက မခံမရပ်နိုင် ဖြစ်ပြီး ကမာရွတ် ရဲစခန်းကို ဝိုင်း၊ ရိုက်နှက် စစ်ဆေးတဲ့ ရဲတွေကို ဖော်ထုတ် အရေးယူပေးဖို့ တောင်းဆို ဆန္ဒပြကြပါတယ်။

စခန်းမှူးနဲ့ အာဏာပိုင်တွေဘက်က အရေးယူ ဆောင်ရွက်ပေးမှု မရှိတဲ့ အပြင် ကျောင်းသားတွေ အပေါ် မချေမငံ ဆက်ဆံတဲ့ အတွက် ကျောင်းသားထုကြီးက ကမာရွတ် ရဲစခန်းကို မီးရှို့ ဖျက်ဆီး ပစ်လိုက်ကြပါတော့တယ်။

ကမာရွတ်ရဲစခန်း မီးရှို့မှုဖြစ်ပြီး သိပ်မကြာလိုက်ပါဘူး၊ ၁၉၇၄ ခုနှစ်၊ မေလနဲ့ ဇွန်လတွေအတွင်းမှာ တနိုင်ငံလုံး အတိုင်းအတာနဲ့ အလုပ်သမားတွေရဲ့ အုံကြွမှုကြီးတွေ ဆက်တိုက် ပေါ်ပေါက် လာပါတော့တယ်။

အစောဆုံး ပေါ်ထွက်လာတဲ့ အလုပ်သမားထု ဆန္ဒပြပွဲတွေကတော့ ၁၉၇၄ ခုနှစ်၊ မတ်လ ပလိပ်ချည်မျှင်နဲ့ အထည်စက်ရုံ၊ ဧပြီလ မန္တလေးမြို့က အစိုးရပိုင် သစ်စက်တွေမှာ ဖြစ်ပါတယ်။

မေလထဲ ရောက်တော့ ၁၃ ရက်နေ့ မြစ်ငယ် မီးရထား တွဲပြင် စက်ရုံနဲ့ ရွာသစ်ကြီး ချည်မျှင်နဲ့ အထည်စက်ရုံ၊ မေလ ၁၇ ရက် မိတ္ထီလာ ဆည်မြောင်း ဦးစီးဌာန စက်မှု လုပ်ငန်း၊ မေလ ၁၈ ရက် မန္တလေး ကုန်းလမ်း ပို့ဆောင်ရေး ကုန်စည်ဌာနခွဲ အဲဒီနေရာ အသီးသီးမှာ အလုပ်သမား သပိတ်တွေ ဆက်တိုက် ပေါ်ထွက်လာပါတယ်။

၁၉၇၄ ခုနှစ်၊ ဇွန်လထဲမှာ မြစ်ငယ် မီးရထား စက်ခေါင်းရုံက စလိုက်တဲ့ အလုပ်သမား သပိတ်ဟာ တနိုင်ငံလုံး ကို ပျံ့နှံ့ ကူးစက်သွားပြီး နိုင်ငံလုံး ဆိုင်ရာ အထွေထွေ အလုပ်သမား သပိတ်ကြီးအဖြစ် ရောက်ရှိသွားခဲ့ပါတယ်။

မန္တလေး မြစ်ငယ် အစ၊ ချောက် ရေနံချောင်း စစ်ကိုင်း အလယ်၊ ရန်ကုန် သံလျင် အဆုံး၊ တပြည်လုံးက စက်ရုံ အလုပ်ရုံပေါင်း ၁၂၈ ခု၊ သပိတ်မှောက် ဆန္ဒပြခဲ့ကြတဲ့ တိုက်ပွဲပါပဲ။

ဇွန်လ ၆ ရက် ရန်ကုန် အလုပ်သမား တိုက်ပွဲမှာ အလုပ်သမားတွေ ဘက်က အလုပ်သမားထုနဲ့ ပြည်သူ တရပ်လုံး အတွက် ကုန်ဈေးနှုန်း ကျဆင်းရေး၊ ဆန် လုံလောက်စွာ ရရှိရေး၊ လုပ်ငန်းခွင် အန္တရာယ် ကင်းရှင်းရေး၊ နေစရာ အိမ်ခန်း ရရှိရေး၊ လစာ တိုးမြှင့်ရေး စတဲ့ အလုပ်သမား အခွင့်အရေးတွေကိုပဲ တရားဝင် တောင်းဆိုခဲ့ကြတာ ဖြစ်တယ်။

**အလုပ်သမားတွေဟာ မဆလ စစ်တပ်ဆီက အာဏာကို လုနေတာ မဟုတ်ဘူး ဆိုတဲ့ အချက်ကို အလုပ် သမားခေါင်းဆောင်တွေကအစိုးရကို ရှင်းပြခဲ့ကြတယ်။**

ဒါပေမဲ့ မဆလ စစ်အုပ်စုက အလုပ်သမား သပိတ်ကြီးကို လက်နက်နဲ့ အကြမ်းဖက် ဖြိုခွဲခဲ့ပါတယ်။ ရန်ကုန်မြို့ သမိုင်း ချည်မျှင်နဲ့ အထည်စက်ရုံက အလုပ်သမားတွေ၊ ဆင်မလိုက် သင်္ဘောကျင်းက အလုပ်သမားတွေ အများအပြား သေကြေ ဒဏ်ရာ ရခဲ့ကြပါတယ်။

ဒီတိုက်ပွဲမှာ အလုပ်သမား ခေါင်းဆောင် ၁၄၇ ဦး ဖမ်းဆီးခံရပြီး ထောင်ဒဏ် ၇ နှစ်ကနေ ၁၅ နှစ်အထိ အပြစ်ပေး ခံခဲ့ရပါတယ်။ အလုပ်သမား တော်တော်များများလည်း အလုပ်ဖြုတ် ခံကြရပါတယ်။

မဆလ အစိုးရဟာ အလုပ်သမား သပိတ်ကို ကွန်မန်ဒိုတပ်တွေ သုံးပြီး နှိမ်နင်းခဲ့တာပါ။ စားစရာ ဆန် တောင်းနေတဲ့ အလုပ်သမားတွေကို စစ်တပ်က ကဲ ဟော့ မင်းတို့ ဆန်တော့ မရဘူး၊ ကျည်ဆံပဲရမယ် ဆိုပြီး ပစ်ခတ် ချေမှုန်း၊ ဘက်နက် လှံစွပ်နဲ့ အတင်း တက်ထိုးခဲ့တဲ့ ဖြစ်ရပ်ပါ။


ဇွန်လ ၆ ရက်၊ ဇွန်လ ၇ ရက် အလုပ်သမား သပိတ်ကို ပစ်ခတ် ဖြိုခွဲနေတဲ့ မောင်းပြန် သေနတ်သံတွေ၊ ပေါက်ကွဲသံတွေကို တက္ကသိုလ် နယ်မြေထဲကလည်း အတိုင်းသား ကြားနေခဲ့ရပါတယ်။ သေနတ်နဲ့ ပစ်သတ် ခံနေရတဲ့ အလုပ်သမားတွေထဲမှာ ကျောင်းသား မိဘ တချို့လည်း ပါပါတယ်။

အလုပ်သမားတွေ ဆိုတာလည်း ပြည်သူထဲက ပြည်သူတွေပါပဲ။ ပြည်သူရဲ့ဒုက္ခကို ဘယ်တုန်းကမှ မျက်ကွယ် ပြုရိုး ထုံးစံ မရှိတဲ့ ကျောင်းသားတွေဟာ သွေးမြေ အကျခံပြီး တိုက်ပွဲဝင်နေတဲ့ အလုပ်သမားတွေကို ကူညီဖို့ ခွပ်ဒေါင်း အလံကို လွှင့်ထူ လိုက်ကြပါတယ်။ တက္ကသိုလ် ကျောင်းသားတွေ လမ်းမပေါ် ထွက်လာပြီး မဆလ စစ်အာဏာရှင် စနစ် ဆန့်ကျင်ရေး ကြွေးကြော်သံတွေ တခဲနက် ကြွေးကြော် လိုက်ကြပါပြီ။

မဆလ အစိုးရဟာ အလုပ်သမား တိုက်ပွဲထဲကို ကျောင်းသားတွေ ပူးပေါင်း ပါဝင်လာပြီ ဆိုတာနဲ့ ချက်ချင်း ဆိုသလို တက္ကသိုလ် ကောလိပ်တွေကို ရက် အကန့်အသတ် မရှိ ပိတ်ပစ်လိုက်ပြီး အဆောင်နေ ကျောင်းသားတွေကို အမိန့်နဲ့ တက္ကသိုလ် နယ်မြေထဲကနေ ထွက်ခွာ ခိုင်းပါတော့တယ်။

အလုပ်သမား တိုက်ပွဲတွေကတော့ ချက်ချင်း သွေးအေးမသွားဘဲ ဇွန်လ ၁၀ ရက် အမှတ် (၃) သစ်စက်၊ ဇူလိုင် ၁ ရက် ကြို့ကုန်း ဘီပီအိုင် စက်ရုံတို့မှာ ဆက်လက် ဖြစ်ပွားခဲ့ပါသေးတယ်။

၁၉၇၄၊ ဇွန်လ ၆ ရက် အလုပ်သမား လှုပ်ရှားမှု တိုက်ပွဲ ချေမှုန်း ခံခဲ့ရပေမယ့် အလုပ်သမားထုနဲ့ ပြည်သူ တရပ်လုံးရဲ့ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး စိတ်ဓာတ်တွေကတော့ ကြွံကြွံခံနေဆဲပါပဲ။



*၁၉၇၁ ခုနှစ်၊ (၅၀) ကြိမ်မြောက်အမျိုးသားအောင်ပွဲနေ့ ရွှေရတုသဘင်အထိမ်းအမှတ်တွေ့ဆုံပွဲသို့ တက်ရောက်လာကြသောဥ ၂၀၊ ကျောင်းသားသပိတ်ခေါင်းဆောင်များ။*
*ရှေ့တန်းထိုင်လျက်(ဝဲမှ ယာ) - ဥက္ကဋ္ဌ ဦးလူဖေဝင်း၊ဦးသိမ်းမောင်၊နာယက ဦးဘဘော၊ဆာမောင်ကြီး၊ဦးအောင်ဇံဝေ။*

## အပိုင်း (၁၅)၊ ၁၉၇၄၊ ဦးသန့် စျာပန (ပထမပိုင်း)

*မေ ၉၊ ၂၀၀၉*

၁၉၇၄၊ ဇွန်လ ၆ ရက် အလုပ်သမား အရေးအခင်း ပြီးတဲ့နောက်မှာ ထပ်ဖြစ်လာတဲ့ အရေးအခင်းကတော့ ၁၉၇၄၊ ဒီဇင်ဘာ ဦးသန့် စျာပန အရေးအခင်းပဲ ဖြစ်ပါတယ်။

၁၉၇၄၊ မဆလ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေအောက်မှာ စစ်တပ် အုပ်စိုးမှုရဲ့ ဒဏ်ကို ကျောင်းသားထုနဲ့ အလုပ်သမား လယ်သမား ပြည်သူတရပ်လုံး ခါးစည်းခံနေကြရပါပြီ။

ဒီလို အချိန်မှာပဲ မြန်မာနိုင်ငံသား ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့် ၁၉၇၄၊ နိုဝင်ဘာ ၂၅ ရက်နေ့ အမေရိကန်နိုင်ငံ နယူးယောက်မြို့မှာ ကွယ်လွန်သွားပါတယ်။ ကုလသမဂ္ဂ အဖွဲ့ကြီးက ဦးသန့်ကို အကြီးကျယ် အခမ်းနားဆုံး နောက်ဆုံး ဂါဝရ ပြုကြပါတယ်။ ကျန်ရစ်သူ မိသားစု ဆန္ဒအရ မိခင်တိုင်းပြည် မြန်မာပြည်မှာ သင်္ဂြိုဟ်ဖို့ ဦးသန့်ရုပ်ကလာပ်ဟာ ဒီဇင်ဘာ ၁ ရက်နေ့မှာ ရန်ကုန်မြို့ကို ရောက်ရှိလာပါတယ်။

မဆလ အစိုးရရဲ့ စီစဉ်ချက်အရ ဦးသန့် ရုပ်ကလာပ်ကို ကျိုက္ကဆံကွင်းမှာပဲ မထင်မရှား မဏ္ဍပ်ငယ်နဲ့ ထားရပါတယ်။ ဒီဇင်ဘာ ၅ ရက်နေ့ နေ့လယ် ၁ နာရီမှာ ကြံတောသင်္ချိုင်းသို့ ပို့ဆောင် သင်္ဂြိုဟ်မယ်လို့ အစိုးရက ကြေညာပါတယ်။

ဦးသန့် ဆိုတာ ကမ္ဘာ့အလယ်မှာ မြန်မာ့ဂုဏ်ကို ဆောင်ခဲ့တဲ့ ပုဂ္ဂိုလ် ဖြစ်ရုံသာမက တတိယ ကမ္ဘာစစ်ကို တားဆီးပြီး ကမ္ဘာ့ငြိမ်းချမ်းကို ကာကွယ် စောင့်ရှောက်သွားခဲ့တဲ့သူလည်း ဖြစ်ပါတယ်။

နိုင်ငံတော် စျာပနအဖြစ်နဲ့တောင် တခမ်းတနား ဂုဏ်ပြုသင်္ဂြိုလ်သင့်တဲ့ ဒီလို ကြီးကျယ်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကြီး တဦးရဲ့ နောက်ဆုံးခရီးမှာ ဦးနေဝင်း တဖြစ်လဲ ဗိုလ်ချုပ်ကြီး နေဝင်းက ကြံတောသုဿန်က သူ့ဇနီး ဒေါ်ခင်မေသန်းဂူ အနီးမှာ ဂူသွင်း သင်္ဂြိုဟ်ဖို့ အမိန့်ပေးတာကို ကျောင်းသားထုနဲ့ ရဟန်း သံဃာ ပြည်သူ တရပ်လုံးက မကျေနပ်ကြပါဘူး။ ဝမ်းနည်းကြ ခံပြင်းကြ ဒေါသထွက်ကြ ဖြစ်နေကြပါတယ်။

ဒီဇင်ဘာ ၅ ရက်နေ့ ဦးသန့် စျာပန ပို့ဆောင်ဖို့ တက္ကသိုလ် ကောလိပ်ပေါင်းစုံက ကျောင်းသားတွေ ရန်ကုန် တက္ကသိုလ်မှာ စုရပ် လုပ်လိုက်ကြပါတယ်။ အဲ့ဒီနေ့မှာ ကျောင်းသားတွေစီးဖို့ ဘတ်စ်ကားတွေ ငှားလို့မရအောင် စစ်အုပ်စုက လုပ်ပစ်လိုက်ပါတယ်။ ဒါ့ကြောင့် ကျောင်းသားတွေက ရန်ကုန် တက္ကသိုလ် နယ်မြေကနေ ကျိုက္ကဆံ ကွင်းကို ခြေကျင် ချီတက်လာကြပါတယ်။

စည်းကမ်းရှိရှိ ညီညီညွတ်ညွတ်နဲ့ တက္ကသိုလ် ကောလိပ်ပေါင်းစုံက ကျောင်းသားတွေ ပေါင်းစည်းမိသွားကြပါပြီ။ ဒါဟာ ၁၉၆၂၊ ဆဲဗင်း ဂျူလိုင် အရေးအခင်း နောက်ပိုင်း ကျောင်းသားထု ပထမဆုံး အင်အား ပြန်လည် စုစည်းနိုင်ခဲ့ခြင်းပါပဲ။

ထောင်သောင်းမကတဲ့ ပြည်သူလူထုကြီးက ကျိုက္ကဆံကွင်းထဲ တန်းစီဝင်လာတဲ့ ကျောင်းသားတွေကို လက်ခုပ်သြဘာတီးပြီး တခဲနက် ကြိုဆိုကြပါတယ်။ ကျောင်းသားတွေဟာ ဦးသန့်ရုပ်ကလပ်ကို ဝိုင်းရံ နေရာယူလိုက်ပါတယ်။

မဆလ စစ်အုပ်စုရဲ့ လုပ်ရပ်ကို မကျေမနပ် ဖြစ်နေတဲ့ ပြည်သူလူထုကြီးကလည်း ကျောင်းသားတွေကို ဝိုင်းရံလိုက်ပါပြီ။ ဒီအချိန်မှာပဲ **"ငြိမ်းချမ်းရေး ဖခင်ကြီး ဦးသန့် အတွက် ဂူဗိမာန် ရရှိရေး - ဒို့အရေး ဒို့အရေး"** ဆိုတဲ့ ကြွေးကြော်သံတွေ ကျောင်းသားတွေ ပြည်သူတွေကြားမှာ အဆက်မပြတ် ထွက်ပေါ် လာပါတော့တယ်။

နောက်ဆုံးမှာ ဦးသန့် ရုပ်ကလာပ်ကို တက္ကသိုလ်နယ်မြေသို့ သယ်ဆောင်ပြီး ထိုက်တန်တဲ့ စျာပန အခမ်းအနားနဲ့ ငြိမ်းချမ်းရေး ဂူဗိမာန် တည်ဆောက်မည်ဖြစ်ကြောင်း ပရိသတ်ကို ကြေညာလိုက်တဲ့ အခါမှာတော့ ပြည်သူလူထုကြီးရဲ့ တခဲနက်သော သြဘာသံတွေ ထွက်ပေါ် လို့ လာပါတော့တယ်။

ဦးသန့် ရုပ်ကလာပ်ကို ထိန်းချုပ်ထားတဲ့ အစိုးရ အာဏာပိုင်တွေဟာ သိန်းချီတဲ့ လူအုပ်ကြီးကို မလွန်ဆန်နိုင်တော့လို့ အသာတကြည်ပဲ နောက်ဆုတ် ပေးသွားကြပါတော့တယ်။

ကျောင်းသားခေါင်းဆောင်တွေက ဦးသန့် မိသားစုကို ခွင့်ပန်ပြီး ဦးသန့် ရုပ်ကလာပ်ကို တက္ကသိုလ် နယ်မြေဆီ သယ်ဆောင်လာကြပါတယ်။ ဆရာစံလမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ တက္ကသိုလ်ရိပ်သာလမ်း လမ်းတလျှောက် လူအုပ်ကြီးတွေက ရုပ်ကလပ်ကို ဦးခိုက် ကြိုဆိုနေကြပါတယ်။ ရုပ်ကလာပ်ကို ရန်ကုန် တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမမှာ ယာယီ ထားရှိတာပါ။ ရဟန်းရှင်လူ ပြည်သူအပေါင်းက ဦးသန့် ရုပ်ကလာပ်ကို ခြိမ့်ခြိမ့်သဲသဲ လာရောက် ဂါဝရ ပြုကြပါတယ်။

ကျောင်းသား ကိုယ်စားလှယ်တွေက ဘွဲ့နှင်းသဘင် ခန်းမ (ဗဟို) ကော်မတီ နဲ့ မန္တလေးဆောင် ကော်မတီ ဆိုပြီး ယာယီ စျာပန ကော်မတီ (၂) ခု ဖွဲ့စည်းလိုက်ကြပြီး ဦးသန့်ကို နိုင်ငံတော် စျာပန အဖြစ် ပြုလုပ်ပေးဖို့ နိုင်ငံတော် ကောင်စီကို အကြောင်းကြားစာ ပို့လိုက်ပါတယ်။ ဒီဇင်ဘာလ ၆ ရက် ညနေ ၄ နာရီ ထိုးတဲ့အထိ မဆလ စစ်အစိုးရ

ဆီက ပြန်ကြားချက် တစုံတရာ မရရှိဘူး ဆိုရင် ကျောင်းသားတွေက ပြည်သူလူထုရဲ့ အကူအညီနဲ့ မိမိတို့ဘာသာ ဈာပန အခမ်းအနား ပြုလုပ်ပြီး ငြိမ်းချမ်းရေး ဂူဗိမာန် တည်ဆောက်မည်ဖြစ်ကြောင်း အဲ့ဒီ အကြောင်းကြားစာမှာ ဖော်ပြထားပါတယ်။

အစိုးရဘက်က ဒီစာကို လစ်လျူရှုလိုက်တဲ့ အတွက် ကျောင်းသားတွေက ဆဲဗင်းဂျူလိုင် ရင်ပြင် ဗုံးခွဲခံခဲ့ရတဲ့ သမဂ္ဂ အဆောက်အဦ နေရာကို ရှင်းလင်းပြီး အုတ်ဂူနဲ့ ဂူဗိမာန် တည်ဆောက်ဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။


အုတ်ဂူနဲ့ ဂူဗိမာန်ကို ရန်ကုန် စက်မှုတက္ကသိုလ် ကျောင်းသားတွေက တာဝန်ယူပြီး ဗိသုကာပုံစံထုတ် တည်ဆောက်တာပါ။ တက္ကသိုလ် ကောလိပ်နဲ့ အထက်တန်း၊ အလယ်တန်း ကျောင်းသားတွေက တတပ်တအား ပါဝင်လုပ်အားပေးကြပါတယ်။

ဒီဇင်ဘာ ၇ ရက်နေ့မှာတော့ မဆလ စစ်အုပ်စုက ဦးသန့်ကို ကန်တော်မင် ပန်းခြံမှာ နေရာပေးမည် ဖြစ်ကြောင်း၊ ကျောင်းသားများကိုလည်း အရေးယူဖမ်းဆီးမည် မဟုတ်ကြောင်း ဦးသန့် မိသားစုထံ စာထုတ်ပြန်လာပါတယ်။

အဲဒီည ဘွဲ့နှင်းသဘင် ခန်းမမှာ ယာယီ ဈာပန ကော်မတီ ၂ ရပ် အစည်းအဝေး လုပ်ပါတယ်။ ဒီအစည်းအဝေးမှာ ဦးသန့် ရုပ်ကလာပ်ကို မိသားစုဆန္ဒ (အမှန်က အစိုးရဆန္ဒ) အတိုင်း ကန်တော်မင် ပန်းခြံမှာ သင်္ဂြိုဟ်မည် သို့မဟုတ် ကျောင်းသားထုနှင့် ပြည်သူ့ဆန္ဒအရ ဆဲဗင်းဂျူလိုင် ရင်ပြင်မှာ သင်္ဂြိုဟ်မည် ဆိုတဲ့ အဆို ၂ ရပ် မဲခွဲဆုံးဖြတ်ကြတဲ့အခါ မိသားစုဝင်များနဲ့ ဘွဲ့နှင်းသဘင် ခန်းမ (ဗဟို) ကော်မတီဝင် အချို့ရဲ့ မဲအများစုနဲ့ ကန်တော်မင် အဆိုက အနိုင်ရသွားပြီး မန္တလေးဆောင် ကော်မတီရဲ့ ဒုတိယ အဆို ရှုံးနိမ့်သွားပါတယ်။

မြန်မာ့အသံ ရေဒီယိုကနေ ဒီဇင်ဘာလ ၈ ရက် မွန်းတည့် ၁၂ နာရီ ဦးသန့် ဈာပန အခမ်းအနား စတင်မယ်လို့ ကြေညာလိုက်ပါပြီ။

ကျောင်းသားတွေ ပြည်သူတွေ ချွေးနဲ့ တည်ဆောက်ခဲ့ရတဲ့ အုတ်ဂူကလည်း နှစ်ရက်တည်းနဲ့ တည်ဆောက်လို့ ပြီးခဲ့ပါပြီ။ ဦးသန့်ရုပ်ပုံ ပန်းချီကားချပ်ကြီး နောက်ခံနဲ့ အုတ်ဂူမှာ သာသနာ့အလံ၊ ကုလသမဂ္ဂအလံနဲ့ ခွပ်ဒေါင်းအလံ အလံသုံးလက် ယှဉ်တွဲ လွင့်ပျံနေပါတော့တယ်။



U Thant's coffin resting on the site of the former Rangoon University Students' Union building flanked by the flags of (from left) Burmese Buddhism, the U.N. & the banned fighting peacock flag of the All-Burma Students' Union

## အပိုင်း (၁၆)၊ ၁၉၇၄၊ ဦးသန့် စျာပန (ဒုတိယပိုင်း)
*ဇူလိုင် ၁၁၊ ၂၀၀၉*

ဒီဇင်ဘာ ၈ ရက်၊ ဒီနေ့ဟာ ဦးသန့်ရုပ်ကလာပ်ကို မိသားစု ဆန္ဒအရ ကန်တော်မင် ပန်းခြံကို ပို့ဆောင် မြှုပ်နှံရတော့မယ့်နေ့။

ဦးသန့်ရဲ့နောက်ဆုံးခရီးကို ဂါရဝပြု လိုက်ပါပို့ဆောင်ကြမယ့် ကျောင်းသားပြည်သူ သံဃာထုကြီးရဲ့ ပေါင်းစည်း ညီညွတ်မှုကတော့ တက္ကသိုလ်နယ်မြေ တခုလုံး လူပင်လယ်လှိုင်းထလို့ နေပါတော့တယ်။

ဘွဲ့နှင်းသဘင် ခန်းမဝန်းကျင်တဝိုက်၊ အဓိပတိ လမ်းမကြီးတလျှောက် နေရာတိုင်းဟာ ရင်ခုန် လှုပ်ရှားဖွယ် ဖြစ်နေပါတယ်။

မွန်းတည့် ၁၂ နာရီ စျာပန ပို့ဆောင်မယ့် အစီအစဉ်အရ ဦးသန့်ရုပ်ကလာပ်ကို ဘွဲ့နှင်းသဘင် ခန်းမထဲကနေ သမဂ္ဂ ရင်ပြင်ဆီကို ပြည့်ကျပ်နေတဲ့ လူအုပ်ကြီး ကြားထဲက ခဲရာခဲဆစ် သယ်ဆောင်လာပါပြီ။

ဦးသန့်ရုပ်ကလာပ်ကို ကန်တော်မင်ပန်းခြံ မသယ်ဆောင်ခင် ကျောင်းသားနဲ့ ပြည်သူတွေ ချွေးနဲ့တည်ဆောက် ခဲ့ရတဲ့ သမဂ္ဂရင်ပြင်က အုတ်ဂူပေါ်မှာ ခေတ္တတင်ပြီး ဂါရဝပြုဖို့ မန္တလေးဆောင် ကော်မတီက ဦးသန့် မိသားစုနဲ့ ဘွဲ့နှင်း သဘင် ခန်းမ (ဗဟို) ကော်မတီတို့ထံမှာ မေတ္တာရပ်ခံ ခွင့်တောင်းထားပါတယ်။

သမဂ္ဂရင်ပြင်က ဂူမှာ နိုင်ငံခြားသံတမန်တွေ၊ နိုင်ငံတကာ သတင်းထောက်တွေလည်း အများအပြား ရောက်ရှိ နေကြတာပါ။ သာသန အလံ၊ ခွပ်ဒေါင်း အလံ၊ ကုလသမဂ္ဂ အလံ အလံ ၃ လက် ယှဉ်တွဲ လွှင့်ထူထားတဲ့ ဦးသန့်ရုပ်ပုံ ပန်းချီကားချပ်ကြီး နောက်ခံနဲ့ အဲဒီ အုတ်ဂူပေါ်မှာ ဦးသန့်ရုပ်ကလာပ်ကို တင်၊ လူထု ပရိသတ်ကြီးက ဂါရဝ ပြုကြပြီးလို့ စျာပန အစီအစဉ်အတိုင်း ကန်တော်မင်ပန်းခြံသို့ ဆက်လက်ပို့ဆောင်ဖို့ ကြေညာလိုက်တဲ့ အခါမှာတော့ "ဦးသန့် ရုပ်ကလာပ်ကို သမဂ္ဂဝင်း အတွင်းကနေ ဘယ်ကိုမှ ထုတ်မသွားရဘူး" ဆိုတဲ့ အသံတွေ တခဲနက် ဆူညံ ထွက်ပေါ်လာ ပါတော့တယ်။ ကျောင်းသားနဲ့ ပြည်သူလူထုကြီးဟာ လှုပ်လှုပ်ရှားရှား ဖြစ်သွားပါပြီ။ သံဃာတော်တွေလည်း နိုးနိုးကြားကြား ဖြစ်ကုန်ပါပြီ။ ဦးသန့်ရဲ့ ကျန်ရစ်သူ မိသားစုနဲ့ မဲခွဲဆုံးဖြတ်ရလို့သာ ကန်တော်မင်းပန်းခြံကို ပို့ဖို့ သဘော တူခဲ့ရပေမဲ့ ဦးသန့်ကို ဒီ တက္ကသိုလ်နယ်မြေမှာပဲ ထာဝရ မြှုပ်နှံ သင်္ဂြိုဟ်လိုကြောင်း ကျောင်းသားတွေက ထုတ်ဖော် ကြွေးကြော်လာကြပါတော့တယ်။

ဦးသန့် မိသားစုဝင် တယောက်က မန္တလေးဆောင်ပေါ်က အသံချဲ့စက်နဲ့ ပရိသတ်ကြီးကို မေတ္တာရပ်ခံ စကား ပြောပါသေးတယ်။ ဒါပေမဲ့ ကျောင်းသားတွေကြားမှာ သဘောထား ၂ မျိုး ကွဲခဲ့လို့ ပရိသတ်တွေလည်း သဘောထား ကွဲသွားကြပါတယ်။

ဒီအချိန်မှာပဲ မန္တလေးဆောင် ကော်မတီဘက်က ဦးသန့် ရုပ်ကလာပ်ကို ကျောင်းသားနဲ့ ပြည်သူတွေ တည်ဆောက်ထားတဲ့ သမဂ္ဂရင်ပြင်က အုတ်ဂူမှာပဲ ထာဝရမြှုပ်နှံဖို့ ဆုံးဖြတ်ကြောင်း ကြေညာလိုက်တဲ့ အခါမှာတော့ ပရိသတ်ကြီးက တခဲနက် သြဘာပေး ထောက်ခံလိုက်ကြပါတော့တယ်။

ဦးသန့် ရုပ်ကလာပ်ကို ကျောင်းသားတွေ ပခုံးပြောင်းယူပြီး အုတ်ဂူထဲ ထည့်သွင်း သင်္ဂြိုဟ်လိုက်ပါပြီ။ ပန်းရံ ဆရာက ဂူကို ပိတ်ပြီးတဲ့အခါမှာတော့ "အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီ" ဆိုတဲ့ ဥဒါန်း ကျူးရင့်သံတွေ တက္ကသိုလ် နယ်မြေတခုလုံး ပဲ့တင် မြည်ဟိန်းသွားပါပြီ။

ကျောင်းသားတွေက ကုလသမဂ္ဂ အလံတော်ကို အုတ်ဂူပေါ်မှာ လွှမ်းခြုံ လိုက်ကြပါတယ်။

အဲဒီနေ့ ညဘက် မြန်မာ့အသံကနေ စစ်အစိုးရက ကျောင်းသားတွေဟာ ဦးသန့် မိသားစုဆန္ဒကို ငြင်းပယ်ပြီး တက္ကသိုလ်နယ်မြေထဲမှာ ဦးသန့်ကို သင်္ဂြိုဟ်ကြောင်း သတင်း ကြေညာခဲ့ပါတယ်။

ကျောင်းသားနဲ့ ပြည်သူတွေဟာ ဦးသန့်ရဲ့ ငြိမ်းချမ်းရေး ဂူဗိမာန်ကို ဆက်လက် တည်ဆောက်ကြပါတယ်။ ဦးသန့် အုတ်ဂူကို ကာကွယ် စောင့်ရှောက်ဖို့ အသေခံ တပ်ဖွဲ့ ဖွဲ့ပါတယ်။ ခွပ်ဒေါင်းအလံ နဖူးစည်းနီနီတွေနဲ့ ကျောင်းသားလေးတွေက အုတ်ဂူကို ခြံရံ စောင့်ကြပ်နေကြပါတယ်။

မဆလ စစ်အစိုးရကလည်း အချိန်နဲ့အမျှ ရေဒီယို သတင်းစာတွေကနေ ကျောင်းသားတွေကို ရှုတ်ချတိုက် ခိုက်နေပါတယ်။

၁၉၇၄၊ ဇွန်လ ၆ ရက် အလုပ်သမားအရေးအခင်း သွေးစွန်းပြီးလို့ ၆ လအကြာမှာ ဦးသန့် စျာပန အရေးအခင်း ဖြစ်လာတာမို့ လူထုရဲ့ မကျေနပ်မှုတွေဟာ ဒီနေရာမှာ ပေါင်းစည်း ပေါက်ကွဲကုန်ကြပါပြီ။

တက္ကသိုလ်နယ်မြေထဲမှာ နိုင်ငံရေး ဟောပြောပွဲတွေလည်း ခြိမ့်ခြိမ့်သဲသဲနဲ့ပါ။ လူထုရဲ့ နိုင်ငံရေး ရေချိန် ကလည်း ရန်ပုံငွေအတွက် ရွှေ ငွေ ကျောက်သံပတ္တမြား လက်ဝတ် လက်စားတွေ ချွတ်လှူတဲ့အထိ ဖြစ်နေပါပြီ။

ဒီဇင်ဘာလ ၁၀ ရက် မွန်းလွဲပိုင်းမှာတော့ မဆလ စစ်တပ်က တက္ကသိုလ်နယ်မြေကို ပိတ်ဆို့ပြီး ကျောင်းသားတွေကို နှိမ်နင်းဖြိုခွဲဖို့ တိတ်တဆိတ် စီမံနေပြီဆိုတဲ့ သတင်း ကျောင်းသားတွေက ရလိုက်ပါတယ်။ ဒါကြောင့် ကျောင်းသားခေါင်းဆောင်တွေက တက္ကသိုလ် နယ်မြေထဲ ရောက်နေတဲ့ အထက်တန်း၊ အလယ်တန်း ကျောင်းသားငယ်လေးတွေ အမျိုးသမီးနဲ့ သက်ကြီး ရွယ်အိုတွေကို တက္ကသိုလ် နယ်မြေထဲကနေ အချိန်မီ ပြန်ထွက်ဖို့ မေတ္တာရပ်ခံ စီစဉ်ပေးရပါတယ်။ တချို့ကတော့ ပြန်မထွက်ချင်ကြပါဘူး။

ည ၁၀ နာရီ လုံခြုံရေးဂိတ် ပိတ်လိုက်ချိန်မှာတော့ လူအုပ်က ကျောင်းသား ပြည်သူ စုစုပေါင်း ၂ သောင်းလောက် တက္ကသိုလ်ထဲမှာ ကျန်နေပါတော့တယ်။

စစ်တပ်ဟာ သန်းခေါင်ယံအချိန် မတိုင်မီကတည်းက တက္ကသိုလ် ကျောင်းဝင်းကို လေးဘက်လေးတန်က ပိတ်ဆို့ထားလိုက်ပါပြီ။

နောက်တနေ့ ဒီဇင်ဘာ ၁၁ ရက် နံနက် လင်းအားကြီး ၂ နာရီ ဆန္ဒပြ ကျောင်းသား ပြည်သူတွေ အိပ်မောကျနေတဲ့ အချိန်မှာ စစ်တပ်ဟာ အဓိပတိ လမ်းထိပ်က ခြသေ့်တံခါးကြီးကို ကရိန်းနဲ့ ဆွဲဖြုတ်ပစ်လိုက်ပြီး စစ်သားတွေ အလုံးအရင်းနဲ့ ကျောင်းဝင်းအတွင်း ဝင်ရောက် စီးနင်းကြပါတော့တယ်။

ကျောင်းဝင်းအနှံ့ ဆလိုက်မီးမောင်းကြီးတွေ ထိုးပြီး စစ်သားတွေက သံချပ်ကာ ကားတွေ၊ မျက်ရည်ယိုဗုံးတွေ၊ နံပတ်တုတ်တွေ၊ မောင်းပြန်သေနတ်တွေနဲ့ ရိုက်နှက်ပစ်ခတ်ပြီး လူအုပ်ကို အစိတ်စိတ် အမွှာမွှာ ဖြစ်အောင် ဖြိုခွဲပါတော့တယ်။


ဘူဒိုဇာ မြေတူးစက်တွေနဲ့ ဦးသန့်အုတ်ဂူကို ဖြိုဖျက်ပြီး ရုပ်ကလာပ်ကို ပြန်ဖော်ယူကြပါတယ်။ ရုပ်ကလာပ်ကို ညတွင်းချင်းပဲ ကန်တော်မင်ပန်းခြံကို သယ်သွားပြီး အဲဒီက အုတ်ဂူမှာ ထည့်သွင်း သင်္ဂြိုဟ်လိုက်ပါတယ်။

စစ်တပ်ရဲ့ ရက်ရက်စက်စက် နှိမ်နင်း ဖြိုခွင်းမှုကြောင့် ကျောင်းသားတချို့ သေဆုံးပြီး အများအပြား ဒဏ်ရာရခဲ့ကြပါတယ်။ တက္ကသိုလ်နယ်မြေဟာ ဒုတိယအကြိမ် သွေးစွန်းခဲ့ရပြန်ပါပြီ။ စစ်တပ်ဟာ ပိတ်မိနေတဲ့ ကျောင်းသားတွေ၊ ပြည်သူတွေ၊ သံဃာတွေကို အတင်းအဓမ္မ ဖမ်းဆီး ချုပ်နှောင်ပြီး စစ်ကားကြီးတွေ အစီးပေါင်း များစွာနဲ့ အင်းစိန်ထောင်ကို ပို့နေတာဟာ နံနက် ၈ နာရီ ထိုးတဲ့အထိ တိုင်အောင်ပါပဲ။

မဆလ စစ်တပ်ရဲ့ လုပ်ရပ်ကို မကျေနပ်တဲ့ လူအုပ်ကြီးဟာ အဲဒီနေ့ နံနက်မှာပဲ ရန်ကုန်မြို့ထဲက မဆလ ပါတီယူနစ် ရုံးတွေ၊ ရဲစခန်းတွေ၊ ရုပ်ရှင်ရုံတွေကို မီးရှို့ ဖျက်ဆီးပြီး တန်ပြန် အကြမ်းဖက် ဆန္ဒပြခဲ့ကြပါတော့တယ်။

ဒီအရေးအခင်းမှာ ကျောင်းသားတွေ ပြည်သူတွေ သံဃာတွေ အများအပြား ဖမ်းဆီး ထောင်ချခံခဲ့ရပါတယ်။

ဦးသန့် အရေးအခင်းနဲ့ ပတ်သက်လို့ အဲဒီတုန်းက မန္တလေးဆောင် ကော်မတီမှာ တာဝန်ယူခဲ့သူ တဦးဖြစ်သူ အခု KNU ဗဟိုကော်မတီ ဗိုလ်မှူး စောလှငွေရဲ့ "ဦးသန့် အရေးအခင်းဟာ သန့်စင်တဲ့ နိုင်ငံရေး လှုပ်ရှားမှု (White Politics) ဖြစ်တယ်။ ဦးသန့် အရေးအခင်းကို အစဉ်သဖြင့် ရှေ့ဆီကို တူရူလည်နေတဲ့ ဘီးတဘီး အနေနဲ့ ပုံခိုင်းရရင် အလယ်ဝင်ရိုးဟာ ကျောင်းသားထုရဲ့ စိတ်ဓာတ်နဲ့ သိက္ခာပါပဲ" ဆိုတဲ့ ပြန်ပြောင်း ရေးသားချက်ကို ကျနော် အမှတ်ရနေဆဲပါ။



*၁၉၆၂ ခု၊ ဇူလိုင်လ ၇ ရက်နေ့က မန္တလေးဆောင်နှင့်အမရဆောင်နှစ်ခုကြားမှဆန္ဒပြ ကြွေးကြော်နေကြသော ကျောင်းသားများအားဆူပူမှု မပြုရန် ဒု-ဗိုလ်မှူးကြီးစိန်လွင် (နောင်တွင် ရန်ကုန်မြို့မှသားသတ်သမားအမည်ဖြင့် ကမ္ဘာကျော်ခဲ့သူ) သွားရောက် ပြောကြားနေပုံ။*

## အပိုင်း (၁၇)၊ ၁၉၇၅၊ ရွှေတိဂုံ အထွေထွေသပိတ်

*ဇူလိုင် ၁၉၊ ၂၀၀၉*

၁၉၇၄၊ ဒီဇင်ဘာ ဦးသန့် အရေးအခင်း ဖြစ်လို့ တက္ကသိုလ် ကောလိပ်တွေ ရက်ရှည် ပိတ်ထားခဲ့ရာကနေ ၁၉၇၅ ခုနှစ်၊ မေလထဲမှာတော့ ကျောင်းတွေ ပြန်ဖွင့်ခဲ့ပါတယ်။

ကျောင်းသားတွေရဲ့ ရင်ထဲမှာ ဦးသန့်အရေးအခင်းကို မဆလစစ်အစိုးရက အကြမ်းဖက် နှိမ်နင်းဖြိုခွဲခဲ့တာတွေ မေ့ဖျောက်လို့ မရသေးပါဘူး။ ကျောင်းသားတွေရဲ့ စိတ်ထဲမှာ စစ်အစိုးရအပေါ် နာကြည်း မုန်းတီးတဲ့ ခံစားချက်တွေ တဖွားဖွား တောက်လောင်နေတဲ့ အချိန်ပါ။ တိုင်းပြည်ကလည်း စစ်အုပ်စု လက်အောက်မှာ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ စာပေ ယဉ်ကျေးမှု စတဲ့ ဘက်ပေါင်းစုံမှာ ချွတ်ခြုံကျနေခဲ့ပါပြီ။

မေလကုန်လောက်မှာတော့ ပညာရေးတက္ကသိုလ် ကျောင်းသားတွေရဲ့ နိုင်ငံတော် ကောင်စီရုံး ခဲပေါက်မှု ဖြစ်လာပါတယ်။ ပြဿနာက ညဘက် မြို့ထဲက ပြန်လာတဲ့ ကျောင်းသားတွေကို ဟံသာဝတီ အဝိုင်းနားမှာ ရှိတဲ့ နိုင်ငံတော်ကောင်စီရုံး ဂိတ်စောင့် စစ်တပ်က ရန်စ စော်ကားလို့ ဖြစ်ရတာပါ။ မကျေနပ်တဲ့ ကျောင်းသားထုက အဲဒီ ဂိတ်တံခါးနဲ့ ကင်းတဲကို ခဲနဲ့ ဝိုင်းထုပြီး ဖြိုဖျက်ပစ်လိုက်ကြပါတယ်။

ဇွန်လဆန်းမှာတော့ မဆလ စစ်အစိုးရ နိုင်ငံတော် ကောင်စီဝင် ဒေါက်တာ လှဟန်၊ ပညာရေးဝန်ကြီး ဒေါက်တာခင်မောင်ဝင်းတို့ အဖွဲ့ဟာ တက္ကသိုလ်တွေကို လှည့်ပြီး ကျောင်းသားတွေနဲ့ တွေ့ဆုံ ဆွေးနွေးဖို့ လုပ်လာပါတယ်။ ကျောင်းသား အုံကြွမှု ပေါ်ပေါက်မလာအောင် ကျောင်းသားတွေကို တဖက်လှည့်နဲ့ ဖြေသိမ့် ဖြိုခွဲဖို့ ကြံစည်တဲ့ သဘောပါပဲ။

ဒါပေမဲ့ စက်မှု တက္ကသိုလ်မှာ တပွဲပဲ လုပ်လိုက်ရပါတယ်။ တက္ကသိုလ် ကျောင်းသားထုက လက်မခံဘဲ ဆူပူ အော်ဟစ် ဆန့်ကျင် တုန့်ပြန်မှုကြောင့် နောင် ပွဲတွေ အလိုလို ပျက်သွားရပါတယ်။

ဒီလိုနဲ့ ဇွန်လ ၆ ရက်နေ့ "၁၉၇၄၊ ဇွန်လ ၆ ရက် အလုပ်သမား အရေးအခင်း" တနှစ်ပြည့်တဲ့နေ့၊ ကျောင်းသား တွေနဲ့ အလုပ်သမားတချို့ ပူးပေါင်းပြီး နှစ်ပတ်လည် အထိမ်းအမှတ် မဆလ ဆန့်ကျင်ရေး သပိတ်ကို အစပြုလိုက် ကြပါပြီ။

သပိတ်အစမှာ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမမှာ သပိတ်စခန်း ဖွင့်လိုက်ကြပါတယ်။ တက္ကသိုလ် ကောလိပ်ပေါင်းစုံက ကျောင်းသားတွေ စုဝေးပြီး တိုက်ပွဲ ဦးစီးကော်မတီ ဖွဲ့လိုက်ပါတယ်။ ခွပ်ဒေါင်းအလံတွေဟာ တက္ကသိုလ် နယ်မြေနဲ့ ရန်ကုန်မြို့ထဲမှာ လွင့်ပျံသွားပါပြီ။

ကျောင်းသားထုနဲ့ အလုပ်သမားထုဟာ ရန်ကုန်မြို့ထဲကို ချီတက်ပြီး မဟာဗန္ဓုလ ပန်းခြံ လွတ်လပ်ရေး ကျောက်တိုင်ရှေ့မှာ ဦးနေဝင်းနဲ့ ဦးစန်းယုတို့ ရုပ်ကလာပ်တွေကို မီးရှို့ ဆန္ဒပြကြပါတယ်။

၁၉၇၄၊ ဇွန်လ အလုပ်သမား အရေးအခင်း အပြီးမှာတုန်းက သမိုင်းမှာရှိတဲ့ စက်ရုံ အလုပ်ရုံတွေနဲ့ သမိုင်းဝင်း ထဲက တက္ကသိုလ် ကျောင်းသား အဆောင်တွေ ဆက်နေတဲ့ လမ်းပေါ်မှာ စစ်အစိုးရက အုတ်တံတိုင်း ခတ်ပြီး ပိတ်ပစ်ခဲ့ ပါတယ်။ အခု ၁၉၇၅၊ ဇွန်လ ၆ ရက် နှစ်ပတ်လည် အထွေထွေ သပိတ်ကြီးဖြစ်တော့ ချင်းတိုင်းရင်းသား ကိုတင်မောင်ဦး ဦးဆောင်တဲ့ ကျောင်းသားထုက မေခဆောင် နောက်ဘက်က ဒီအုတ်တံတိုင်း နေရာကို ဖြိုချ ပစ်လိုက်ကြပါတယ်။

ဒီတိုက်ပွဲဟာ မဆလ စစ်အုပ်စုကို ပြောင်စိန်ခေါ်ပြီး တိုက်တဲ့ နိုင်ငံရေး အနှစ်သာရ ပြည့်ဝတဲ့ အထွေထွေ သပိတ်တိုက်ပွဲပါပဲ။ ဇွန်လ ၉ ရက်နေ့မှာတော့ သပိတ်အင်အားစုကြီးဟာ စည်းကမ်းတကျနဲ့ ပြည်လမ်းမကြီးအတိုင်း အင်းစိန်ထောင်ကြီးဆီကို ချီတက်လာကြပါတယ်။ လမ်းတလျှောက် ၁၉၇၄ ခုနှစ်၊ ဇွန်လ အလုပ်သမား အရေးအခင်းနဲ့ ဒီဇင်ဘာလ ဦးသန့် အရေးအခင်းတွေတုန်းက အဖမ်းခံထားရတဲ့ အလုပ်သမားတွေ၊ ကျောင်းသားတွေကို ပြန်လွှတ်ပေး ဖို့ ကြွေးကြော်သံတွေ တိုင်လာကြပါတယ်။

အင်းစိန်ထောင်ကို ဝိုင်းပြီး ကြွေးကြော်သံတွေ အော်နေတဲ့ ကျောင်းသား အလုပ်သမားတွေကို ရန်သူ မဆလက မဟန့်တားနိုင်ခဲ့ပါဘူး။ ထောင်ထဲက ရဲဘော်တွေကလည်း ပြန်ပြီး အော်ဟစ် ကြွေးကြော်ကြပါတယ်။

အဲဒီနေ့မှာပဲ မဆလ စစ်အစိုးရက တက္ကသိုလ် ကောလိပ်တွေကို ရက်အကန့်အသတ်မရှိ ပိတ်လိုက်ကြောင်း ကြေညာပါတော့တယ်။

ကျောင်းပိတ်လိုက်တဲ့ အတွက် ကျောင်းသားတွေဟာ ဇွန်လ ၁၀ ရက်နေ့မှာ ဘွဲ့နှင်းသဘင် ခန်းမက သပိတ် စခန်းကို ရွှေတိဂုံဘုရားပေါ် ပြောင်းရွှေ့လိုက်ကြပါတယ်။ ရွှေတိဂုံဘုရား ရင်ပြင်က ၁၉၂၀၊ ပထမ တက္ကသိုလ်သပိတ် အထိမ်းအမှတ် ကျောက်တိုင်မှာ အထွေထွေ သပိတ် အင်အားစုက နေရာ ယူလိုက်ကြပါတယ်။

ရွှေတိဂုံ အထွေထွေ သပိတ်စခန်းမှာ ကျောင်းသားတွေ၊ အလုပ်သမားတွေ ပူးပေါင်း တိုက်ပွဲဝင်နေတဲ့ တချိန်တည်းမှာပဲ မန္တလေး တက္ကသိုလ်၊ မကွေးနဲ့ မော်လမြိုင် ကောလိပ် အသီးသီးမှာလည်း အစိုးရ ဆန့်ကျင်ရေး ဆန္ဒပြပွဲတွေ ပေါ်ပေါက်လာခဲ့ပါတယ်။

အဲဒီလို စစ်ကျွန်အဖြစ်မှာ ဘယ်တော့မှ နှံ့နစ်မခံဘူး ဆိုတဲ့ ခွပ်ဒေါင်းစိတ်ဓာတ်နဲ့ ကျောင်းသားတွေဟာ အုတ်နံရံကို ခေါင်းနဲ့ တိုက်ပြီး ဖြိုနေရတဲ့ အချိန်မှာ ပဲခူးရိုးမနဲ့ တိုင်းရင်းသားနယ်မြေတွေက လက်နက်ကိုင် တော်လှန်ရေးတွေ ဒီရေကျချိန် ဖြစ်လာတာမို့ ကျောင်းသားထုဟာ ကိုယ့်အားကိုယ်ကိုး ထီးတည်း ခုခံနေရတဲ့ အခြေအနေ ဖြစ်နေပါတယ်။

ကျောင်းသား သမဂ္ဂ ပြန်လည် ဖွဲ့စည်းရေးကနေ မဆလ စစ်အာဏာရှင်စနစ် ဖြုတ်ချရေး အထိ ရွှေတိဂုံ အထွေထွေ သပိတ်စခန်းမှာ ကြံ့ကြံ့ခံ တောင်းဆို တိုက်ပွဲဝင်နေတဲ့ ကျောင်းသား၊ အလုပ်သမား အင်အားစုကို မဆလ စစ်အစိုးရက ကြာရှည် လှုပ်ရှားခွင့် မပြုတော့ပါဘူး။

ရွှေတိဂုံ အထွေထွေ သပိတ်စခန်းဖွင့်ပြီးလို့ တရက်အကြာ ဇွန်လ ၁၁ ရက်နေ့ နံနက် လင်းအားကြီး ၄ နာရီမှာ စစ်တပ်နဲ့ လုံထိန်းရဲတွေ ရွှေတိဂုံဘုရားပေါ် တက်လာပြီး ကျောင်းသားနဲ့ အလုပ်သမားတွေကို ရိုက်နှက်ဖမ်းဆီးပြီး ချက်ချင်းပဲ အင်းစိန်ထောင်ထဲကို တန်းပို့လိုက်ပါတော့တယ်။

အသက် ၁၂၊ ၁၃ နှစ် အရွယ် အလယ်တန်း၊ အထက်တန်း ကျောင်းသားငယ်လေးတွေ အပါအဝင် ကျောင်းသားပေါင်း ၃၀၀ လောက် ရွှေတိဂုံ သပိတ်စခန်းမှ အဖမ်းခံခဲ့ရပါတယ်။

အဖမ်းခံရတဲ့ ကျောင်းသားတွေဟာ အင်းစိန်ထောင်ကို ဖမ်းခေါ်လာတဲ့ လမ်းတလျှောက် စစ်ကားကြီးတွေ၊ အချုပ်ကားတွေပေါ်ကနေ "အမေကမွေး၊ ထောင်ကကျွေး"၊ "အင်းစိန်ထောင်ကြီး ထပ်ချဲ့ ထပ်ချဲ့"၊ "ရေကြည်အိုင်လည်း ထပ်ချဲ့ ထပ်ချဲ့"၊ "အရေးတော်ပုံ အောင်ရမည်" စတဲ့ ကြွေးကြော်သံတွေ တက်တက်ကြွကြွ အော်ဟစ်ရင်း လိုက်ပါသွားခဲ့ကြတာပါ။

ခေတ်အဆက်ဆက် ကျောင်းသားတွေရဲ့ မကြောက်မရွံ့ သမဂ္ဂစိတ်ဓာတ်နဲ့ ခွပ်ဒေါင်းသွေးနဲ့ ရဲရဲရှေ့ကို ချီခဲ့ကြတဲ့ သမိုင်းတွေကို ကျနော်တို့ အောက်မေ့ ဂုဏ်ပြုကြပါစို့လား။



၂၀၊ ၁၂၊ ၆၂ တွင် ရန်ကုန် တက္ကသိုလ်၌ဗိုလ်အောင်ကျော်နေ့အခမ်းအနားကို ယခုကဲ့သို့ကြီးကျယ်ခမ်းနားစွာကျင်းပခဲ့ကြသည်။

## အပိုင်း (၁၈)၊ ၁၉၇၆၊ မတ်လ မှိုင်းရာပြည့် အရေးအခင်း

***ဇူလိုင် ၂၅၊ ၂၀၀၉***

၁၉၇၄၊ မဆလစစ်အစိုးရ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အတည်ပြုခဲ့ပြီးတဲ့နောက်ပိုင်းမှာ ကျောင်းသား၊ အလုပ်သမား ပြည်သူတွေရဲ့ မဆလဆန့်ကျင်ရေး တိုက်ပွဲတွေ ဆက်တိုက်ဆိုသလို ဖြစ်ပေါ်လာခဲ့ပါတယ်။

၁၉၇၄၊ ဇွန်လ အလုပ်သမား အရေးအခင်း၊ ၁၉၇၄၊ ဒီဇင်ဘာလ ဦးသန့် အရေးအခင်းနဲ့ ၁၉၇၅၊ ဇွန်လ ရွှေတိဂုံ အထွေထွေ သပိတ်တို့ ဆက်တိုက် ဖြစ်ခဲ့ပြီးတဲ့နောက် ထပ်မံ ပေါ်ပေါက်လာတဲ့ တိုက်ပွဲကတော့ ၁၉၇၆၊ မတ်လ မှိုင်းရာပြည့် အရေးအခင်းပါပဲ။

၁၉၇၅၊ ဇွန်လ ရွှေတိဂုံ အထွေထွေ သပိတ်ကြောင့် ရက်ရှည်ပိတ်ထားတဲ့ တက္ကသိုလ် ကောလိပ်တွေ ၁၉၇၆၊ ဇန်နဝါရီလထဲမှာ အစိုးရက ပြန်ဖွင့်လိုက်ပါတယ်။ ကျောင်းသားထုနဲ့ အစိုးရကြား ဆက်ဆံရေး တင်းမာနေတဲ့ ကြားကပဲ အာဏာပိုင်တွေဘက်က ကျောင်းလခနဲ့ အဆောင်ကြေးတွေကို အရင်နှစ်တွေကထက် နှစ်ဆ တိုးမြှင့်လိုက်ပါတယ်။

ကျောင်းသားထုကြားမှာ အထွေထွေ မကျေနပ်မှုတွေနဲ့ လှုပ်လှုပ်ရွရွ ဖြစ်လာတဲ့အချိန်ပါ။ "တပေါင်း"၊ "ရေပူစီးကြောင်း" စတဲ့ ကျောင်းသားတွေရဲ့ အစိုးရ ဆန့်ကျင်ရေး စာကူးစက် ကဗျာစာအုပ်တွေ ပလူပျံလာပါတယ်။

၁၉၇၆ ခုနှစ်ဟာ ငြိမ်းချမ်းရေး ဗိသုကာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ မွေးနေ့ နှစ်တရာပြည့် ဖြစ်ပါတယ်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း နှစ်တစ်ရာ ပြည့်ကျင်းပဖို့ သခင်လေးမောင်တို့ ဦးစီးတဲ့ ရာပြည့်ကော်မတီကို ပုဂ္ဂလိက တရာနဲ့ ဖွဲ့စည်းခဲ့ပါတယ်။

သို့သော် ဒီကော်မတီထဲကို ဦးနေဝင်း ဝင်ပါလာပြီး ဖိအားပေးတာတွေ၊ တင်းကျပ်တာတွေ လုပ်လာတဲ့အတွက် ဆရာ ဒဂုန်တာရာတို့လို၊ ဆရာ ဗန်းမော်တင်အောင်တို့လို ပုဂ္ဂိုလ်တွေ ဒီရာပြည့် ကော်မတီထဲက နှုတ်ထွက်သွားကြပါတယ်။ ရာပြည့်ကော်မတီ အနေနဲ့လည်း ဆရာကြီးမှိုင်း ရာပြည့်ပွဲကို လက်တွေ့ အကောင်အထည်ဖော်ဖို့ ခက်လာပါတော့တယ်။

ဒါပေမဲ့ တက္ကသိုလ် ကျောင်းသားထုကြားမှာတော့ ဆရာကြီးရဲ့ နှစ်တရာပြည့် မွေးနေ့ကို မဖြစ်မနေ ရအောင် လုပ်ဖို့ စီစဉ်ထားကြပါပြီ။ ဆရာကြီးမှိုင်းဟာ ၁၈၇၆ ခုနှစ်၊ မတ်လ ၂၃ ရက်ဖွား ဆိုတော့ ဆရာကြီးရဲ့ ရာပြည့်က ၁၉၇၆၊ မတ်လ ၂၃ ရက်မှာ ကျရောက်တာပါ။

တက္ကသိုလ်များ (ရန်ကုန်) က ကျောင်းသားတွေ စုဝေးတိုင်ပင်ပြီး ဆရာကြီးမှိုင်း ရာပြည့်ပွဲကို ၁၉၇၆၊ မတ်လ ၂၃ ရက်ကနေ တပတ် သတ်မှတ်လိုက်ကြပါတယ်။ ကျောင်းသား ခေါင်းဆောင်တွေက "ရင်ဖွင့်သံနိဒါန်း" ဆိုပြီး လက်ကမ်းစာစောင်တစ်ခု လုပ်ကြပါတယ်။ ဒီစာစောင်မှာ ရွှေတိဂုံဘုရား တောင်ဘက်မုခ်၊ ကန်တော်မင်ပန်းခြံက ဆရာကြီးမှိုင်း အုတ်ဂူကို ချီတက်မယ့် လမ်းကြောင်းပြ မြေပုံ ဖော်ပြထားတယ်။ တပြည်လုံးက ကျောင်းသားထုကို ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမမှာ လာရောက် စုစည်းပြီး ကျောင်းသား အခွင့်အရေး တောင်းဆို တိုက်ပွဲဝင်ဖို့ လှုံ့ဆော်ထားပါတယ်။

ဒီလိုနဲ့ ဆရာကြီး မှိုင်းရာပြည့်နေ့ မတိုင်ခင် တရက်အလို မတ်လ ၂၂ ရက်နေ့မှာတော့ ၁၉၇၅၊ ရွှေတိဂုံ အထွေထွေသပိတ်အပြီးမှာ တောခိုသွားပြီး လျှို့ဝှက် ပြန်ဝင်လာတဲ့ ကျောင်းသား ခေါင်းဆောင် ချင်းတိုင်းရင်းသား ကိုတင်မောင်ဦးကို အစိုးရက လက်နက်နဲ့အတူ ဖမ်းဆီးရမိသွားပါတယ်။ သူ့ကို ဝင်ဖမ်းတဲ့ စံရိပ်ငြိမ်က အပြင်ဆောင် တခုမှာပဲ မှိုင်းရာပြည့်အတွက် လုပ်ထားတဲ့ အလံတွေ၊ နဖူးစည်းတွေ၊ ရင်ဖွင့်သံနိဒါန်း စာစောင်တွေပါ အစိုးရဘက်က သိမ်းဆည်း ရမိသွားပါတယ်။

မဆလရဲ့ မြန်မာ့အသံက ဒီသတင်းကြေညာလိုက်ပြီး ကျောင်းသားတွေရဲ့ မှိုင်းရာပြည့်ပွဲကို သေးသိမ်အောင် ရှုတ်ချ တိုက်ခိုက်ပါတယ်။ အစိုးရက ရန်ကုန်တိုင်း တတိုင်းလုံး လမ်းပေါ်မှာ လူ ၅ ဦးထက် ပိုမစုရ ဆိုတဲ့ ပုဒ်မ (၁၄၄) ထုတ်ပြန်လိုက်ပါတယ်။

မတ်လ ၂၃ ရက်နေ့ ဆိုက်ရောက်လို့လာပါပြီ။ နောက်မဆုတ်တဲ့ တက္ကသိုလ်များ (ရန်ကုန်) က ကျောင်းသား ထုဟာ မှိုင်းရာပြည့် ချီတက်ပွဲအတွက် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမမှာ လာရောက် ပေါင်းစည်းမိနေကြပါပြီ။

နေ့လည် (၁၁) နာရီမှာ ကျောင်းသားတွေဟာ ဆရာကြီးမှိုင်း အုတ်ဂူကို စတင် ချီတက်ကြပါတယ်။ ကျောင်းသားတွေ ချီတက်ရာ ပြည်လမ်း မြန်မာ့အသံရှေ့၊ ဦးဝိစာရလမ်းတလျှောက်၊ ကန်တော်မင်ပန်းခြံ ဆရာကြီးမှိုင်း ဂူအထိ စစ်သားတွေဟာ သေနတ်ချင်းထိပြီး အသင့်စောင့် ပေးနေကြပါတယ်။ ကျောင်းသားတွေ လက်ထဲမှာတော့ ဆရာကြီးမှိုင်းရဲ့ သင်္ကေတ (၄) ခုဖြစ်တဲ့ ကဒေါင်း - တူတံစဉ် - ချိုးဖြူနဲ့ စာအုပ် ပိုစတာကြီးတွေ၊ သမဂ္ဂ ခွပ်ဒေါင်းအလံတွေပဲ ပါပါတယ်။

စစ်သားတွေ၊ သေနတ်တွေ၊ သံဆူးကြိုးတွေ၊ ပုဒ်မ (၁၄၄) တွေကြားကနေ ကျောင်းသားတွေဟာ "ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေး - ဒို့အရေး၊ ဒို့အရေး"၊ "ငြိမ်းချမ်းရေးကို ဖျက်ဆီးသူ - ဒို့ရန်သူ" လို့ ကြွေးကြော်ရင်း ချီတက်နေကြတာပါ။ စစ်တပ်ကလည်း ကျောင်းသားတန်းကြီးကို ရုပ်ရှင် ရိုက်စက်တွေနဲ့ အသေးစိတ် လိုက်ရိုက်နေပါတယ်။

ဆရာကြီးမှိုင်းရဲ့ အုတ်ဂူကို ရောက်ပါပြီ။ ကျောင်းသားတွေက ဆရာကြီးကို အလေးပြုကြတယ်။ ဆရာကြီးရဲ့ မဟာလေးချိုးကြီး ကဗျာတွေကို ရွတ်ဆိုကြတယ်။ သဝဏ်လွှာတွေ၊ ဂုဏ်ပြုစာတမ်းတွေ ဖတ်ကြတယ်။ အားလုံး အေးအေးချမ်းချမ်းပါပဲ။ ငြိမ်းချမ်းစွာ ဂါရဝပြုပြီးရင် ကိုယ့်ကျောင်းကို ပြန်ကြဖို့ပါပဲ။

သို့သော် အဖမ်းခံလိုက်ရတဲ့ ကိုတင်လင်းဦးရဲ့နှမ (၉) တန်းကျောင်းသူ မလှမြိုင် အုတ်ဂူမှာ စကားပြောနေတုန်း စစ်ကားတစီးက ကျောင်းသားတွေကြားထဲကို အတင်း ဒရကြမ်း မောင်းဝင်လာပြီး ရန်စတဲ့သဘော လုပ်လိုက်ပါတယ်။

ဒီမှာတင် ကျောင်းသားထုဟာ သည်းမခံနိုင်တော့ဘဲ တိုက်ပွဲရဲ့ ကြွေးကြော်သံတွေကို ပြောင်းလိုက်ကြပါတော့တယ်။ ကျောင်းသား သမဂ္ဂ ဖွဲ့စည်းရေး၊ အဖမ်းခံ ကျောင်းသား အလုပ်သမားများ ပြန်လွှတ်ပေးရေး၊ ကျောင်းသား အလုပ်သမား ပေါင်းစည်းရေးတွေကို တောင်းဆို ကြွေးကြော် လိုက်ကြပါပြီ။

အဲဒီနေ့မှာပဲ မဆလ အစိုးရကတော့ သူလုပ်နေကျအတိုင်း တပြည်လုံးက တက္ကသိုလ် ကောလိပ် သိပ္ပံတွေ အားလုံးကို ရက်အကန့်အသတ် မရှိ ပိတ်ပစ်လိုက်ပြီး အဆောင်နေ ကျောင်းသားတွေ ၂၄ နာရီအတွင်း ထွက်ခွာရမယ်လို့ အမိန့် ထုတ်လိုက်ပါတော့တယ်။

ကျောင်းသားတွေကတော့ ဆရာကြီးမှိုင်း အုတ်ဂူကအပြန် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမမှာ သပိတ်စခန်း ဖွင့်လိုက်ကြပါတယ်။

ကျောင်းသားတွေဟာ ငြိမ်းချမ်းစွာပညာသင်ကြားခွင့်ကို လိုလားတဲ့သူတွေဖြစ်ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေး ဗိသုကာကြီးရဲ့ နှစ်တရာပြည့် မွေးနေ့ကို ငြိမ်းချမ်းစွာ ဆင်နွှဲချင်ကြတာပါ။ ဆရာကြီးမှိုင်း ဆိုတာ ကိုလိုနီ လက်အောက်မှာတုန်းက ဗြိတိသျှ အစိုးရရဲ့ ရန်သူ နံပါတ် (၁) ပါ။ ဗိုလ်ချုပ်အောင်ဆန်းက ရန်သူ နံပါတ် (၅) ပါ။ ဆရာကြီးမှိုင်းရဲ့ အမျိုးသား လွတ်လပ်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး ဂုဏ်ပုဒ်တွေကို မဆလ စစ်အုပ်စုက ဖော်ထုတ်ခွင့် မပြုပါဘူး။

နောက်တနေ့မှာတော့ စစ်တပ်က အလုံးအရင်းနဲ့ ဘွဲ့နှင်းသဘင်ခန်းမကို ဝင်ရောက်စီးနင်းပြီး ကျောင်းသားတွေကို အတင်းရိုက်နှက် ဖမ်းဆီးပါတော့တယ်။

နောက်နေ့ထုတ် စစ်အစိုးရ သတင်းစာတွေမှာ အဖမ်းခံရတဲ့ မှိုင်းရာပြည့် ခေါင်းဆောင် စက်မှုတက္ကသိုလ် ကျောင်းသား ကဗျာဆရာတွေဖြစ်ကြတဲ့ မောင်မှိုင်းလွင် (အင်း၀)၊ ဘုန်းနွယ်လင်း-ချည်ထည်နဲ့ ဝင်းမင်းထွေး (အမရပူရ) တို့ရဲ့ ဓာတ်ပုံတွေကို ဖော်ပြပြီး ကျောင်းသား လှုပ်ရှားမှုကို ပြစ်တင် ရှုတ်ချထားပါတယ်။


ဒီမှိုင်းရာပြည့် အရေးအခင်းဟာ မန္တလေး တက္ကသိုလ်၊ မော်လမြိုင်၊ တောင်ကြီး၊ ပုသိမ်၊ မကွေး ကောလိပ်တွေမှာ သာမကပဲ အင်းစိန်၊ ကလော၊ ချောက် စက်မှုလက်မှု သိပ္ပံတွေမှာပါ ဖြစ်ပေါ်ခဲ့တာပါ။ တပြည်လုံးက ကျောင်းသား အများအပြား ရာသက်ပန် ကျောင်းထုတ်ခံကြရပါတယ်။ ကျောင်းသား ၂၃၀ ကျော် အဖမ်းခံရပြီး နှစ်ရှည် ထောင်ဒဏ်တွေ ချမှတ်ခံရပါတယ်။

အခုဆိုရင် ဆရာကြီးမှိုင်း မွေးနေ့လည်း (၁၃၃) နှစ်တိုင် မြောက်ခဲ့ပါပြီ။ ဆရာကြီးမှိုင်း ကွယ်လွန်ခဲ့တာလည်း (၄၅) နှစ် ရှိခဲ့ပါပြီ။ ဘာပဲဖြစ်ဖြစ် ဆရာကြီးမှိုင်းရဲ့ သမိုင်း အစဉ်အလာကို ဆက်ခံတဲ့ ကျောင်းသားတွေကတော့ လွတ်လပ်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးအတွက် စစ်အာဏာရှင်စနစ်ကို ဆက်လက်ဆန့်ကျင် တိုက်ပွဲဝင်နေတုန်းပဲ မဟုတ်ပါလား။




ပဒုမ္မာကွင်း စျာပနမဏ္ဍာပ်၌ဆရာကြီး၏ရုပ်ကလပ်အားတပည့်သားမြေးများကကြည်ညိုဂါရဝ ပြုနေစဉ် (ဝဲပုံ) နှင့် ငြိမ်းချမ်းရေးဗိသုကာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည်ဤဂူဗိမ္မာန်၌ ထာဝရလဲလျောင်းနေပါသည်(ယာပုံ)။

**အပိုင်း (၁၉)၊ ၁၉၇၉၊ အောက်တိုဘာဗန်းမော်တင်အောင်ဈာပန**
*ဩဂုတ် ၉၊ ၂၀၀၉*




၁၉၇၆၊ မတ်လ ၂၄ ရက် မှိုင်းရာပြည့် အရေးအခင်းမှာ ကျောင်းသားပေါင်း ၂၃၀ ကျော် အဖမ်းခံရပြီး မဆလ စစ်ခုံရုံး တွေကနေ နှစ်ရှည် ထောင်ဒဏ် အသီးသီး ချမှတ်ခံခဲ့ရပါတယ်။

မဆလ အစိုးရက ကျောင်းသား လှုပ်ရှားမှုကို အခုလို ကြမ်းကြမ်း တမ်းတမ်း ဖိနှိပ်ကိုင်တွယ်ခဲ့ပေမဲ့လည်း၊ ကျောင်းသားတွေရဲ့ အစိုးရ ဆန့်ကျင်ရေး လှုပ်ရှားသူတွေကတော့ ရပ်တန့်မသွားဘဲ ဆက်လက် ပေါ်ပေါက်လာနေ ခဲ့ပါတယ်။

မှိုင်းရာပြည့် အရေးအခင်း ဂယက်က ငြိမ်သက်မသွားသေးပါဘူး။ ၁၉၇၆၊ မေလထဲမှာ ကျောင်းသားတွေရဲ့ အစိုးရ ဆန့်ကျင်ရေး လျှို့ဝှက် စာစောင်တွေဖြစ်တဲ့ **'အရှေ့လေ'** နဲ့ **'မီးမောင်း'** ဖြန့်ဝေတဲ့ အရေးအခင်းတွေ ထပ်ဖြစ် လာပါတယ်။ အဲဒီအချိန်ဟာ အဖမ်းခံထားရတဲ့ ချင်းကျောင်းသား ကိုတင်မောင်ဦးကို မဆလ စစ်ခုံရုံးက သေဒဏ်အမိန့် ချမှတ်လိုက်တဲ့ အချိန်ပါ။ ပြီးတော့ အဲဒီအချိန်က ဗိုလ်ကြီး ဘုန်းကျော်မြင့် ဦးဆောင်တဲ့ တပ်မတော် အရာရှိငယ်တွေရဲ့ ဦးနေဝင်းကို လုပ်ကြံပြီး နိုင်ငံတော်အာဏာ သိမ်းလိုက်ဖို့ ကြံစည်တဲ့ကိစ္စအမှု ပေါ်ပေါက်သွားပြီး ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး သူရတင်ဦးပါ၊ သတင်း ထိန်ချန်မှုနဲ့ အတူ အဖမ်းခံလိုက်ရတဲ့ အချိန်လည်း ဖြစ်နေပါတယ်။

ဇွန်လထဲမှာတော့ မဆလ စစ်အစိုးရက ကိုတင်မောင်ဦးကို အင်းစိန်ထောင်အတွင်းမှာ ကြိုးစင်တင်ပြီး သတ် ပစ်လိုက်ပါတယ်။ ကိုတင်မောင်ဦးဟာ လွတ်လပ်ရေး ရပြီးတဲ့နောက်မှာ ပထမဆုံး ကြိုးပေးခံရတဲ့ ကျောင်းသားခေါင်း ဆောင် ဖြစ်ပါသည်။ မဆလရဲ့ ၁၉၇၄ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေအောက်မှာ အစောဆုံး ကြိုးစင် တက်ရတဲ့ ကျောင်းသား သူရဲကောင်းပါပဲ။ (ဗိုလ်ကြီး ဘုန်းကျော်မြင့်လည်း အဲဒီ မရှေးမနှောင်းမှာပဲ ကြိုးပေးခံခဲ့ရပါတယ်)

ဒီ ၁၉၇၆ ခုနှစ်ထဲမှာပဲ ထင်ရှားတဲ့ ပြည်သူ့ စာရေးဆရာ တဦးဖြစ်သူ သခင်မြသန်း ကွယ်လွန်သွားပါတယ်။ သခင်မြသန်းစျာပနမှာ ထောင်အပြင်မှာကျန်ခဲ့တဲ့ ကျောင်းသားတွေက စျာပနပို့မယ့် ကားတန်းကြီးမှာ "တော်လှန်သော စာရေးဆရာ – သခင်မြသန်း" ဆိုတဲ့ ပိုစကာတွေ လိုက်လံကပ်ကြတဲ့ လှုပ်ရှားမှုတခု ပြုလုပ်ခဲ့ပါတယ်။ ၁၉၇၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ ဆဲဗင်းဂျူလိုင် အထိမ်းအမှတ် ခုနှစ်လေးလုံး (၇၇၇၇) လှုပ်ရှားမှု လှုံ့ဆော်တဲ့ စာစောင်တွေ ဖြန့်ဝေခဲ့ကြတယ်။ ၆၂ ခုနှစ်၊ ကျောင်းသားသမဂ္ဂ မျိုးဆက်တွေ၊ ၇၄၊ ၇၅၊ ၇၆ မျိုးဆက်သစ် ကျောင်းသားတွေ ပူးပေါင်းပြီး ပုံးခွဲခံခဲ့ရတဲ့ သမဂ္ဂ အဆောက်အအုံ ရင်ပြင်မှာ ခုနှစ် လေးလုံး အခမ်းအနားလုပ်ဖို့ ကြိုးစားခဲ့ကြတာပါပဲ။

၁၉၇၆-၇၇-၇၈ အင်းစိန်ထောင်ထဲမှာ ကျောင်းသား၊ အလုပ်သမားတွေရဲ့ အကျဉ်းသား အခွင့်အရေး တောင်းဆိုတဲ့ တိုက်ပွဲတွေ ဆက်တိုက် ပေါ်ထွက်ခဲ့ပါတယ်။ ပထမဆုံး တိုက်ပွဲကတော့ အကျဉ်းထောင် အာဏာပိုင်တွေဘက်က နိုင်ငံရေး အကျဉ်းသားတွေကို နှိမ်ချိုးလိုတဲ့ ရည်ရွယ်ချက်နဲ့ အဓမ္မ အလုပ်ကြမ်း လုပ်ခိုင်းလာတဲ့ အပေါ်မှာ ကျောင်းသားတွေက ဆန့်ကျင် ဆန္ဒပြတဲ့ တိုက်ပွဲပါပဲ။

ကျောင်းသားတွေ တောင်းဆိုတဲ့ အထဲမှာ ထောင်ထဲမှာ စာဖတ်ခွင့် ရရှိရေးလည်း ပါပါတယ်။ ဒီတိုက်ပွဲဟာ တွဲဖက်ထောင်ကနေ စခဲ့တာလို့ ဆိုပါတယ်။ နောက်တော့ နိုင်ငံရေး အကျဉ်းသားတွေ ဟိုပြောင်း ဒီရွှေ့ လုပ်ရင်း သုံးဆောင်မှာ တိုက်ပွဲ အကြီးအကျယ် ဖြစ်ပွားခဲ့တော့တာပါပဲ။ ထောင်အာဏာပိုင်တွေဘက်က အပြင်းအထန် နှိပ်ကွပ်လို့ ကျောင်းသား ၃၂ ယောက် အကြီးအကျယ် ဒဏ်ရာရခဲ့သလို ကျောင်းသားတွေကလည်း တန်ပြန် တိုက်ခိုက်တဲ့အတွက် အာဏာပိုင်တွေဘက်မှာလည်း ထိခိုက်ဒဏ်ရာ ရသွားခဲ့ပါတယ်။ အစာငတ်ခံ ဆန္ဒပြကြတဲ့ ကျောင်းသား ခေါင်းဆောင်တွေ၊ အလုပ်သမား ခေါင်းဆောင်တွေကို စစ်အစိုးရက အမှောင်တိုက်၊ စစ်ခွေးတိုက်၊ လက်ပါးတိုက်လို့ ခေါ်တဲ့ အနူတိုက်တွေထဲ ထည့်ပိတ်ပြီး နှိပ်စက် ညှဉ်းပန်းခဲ့ပါတယ်။

၁၉၇၈ ခုနှစ်ထဲ ရောက်တော့ စက်မှု တက္ကသိုလ် ကျောင်းသားတွေက ကြိုတင် လှုံ့ဆော်မထားဘဲ ဇူလိုင်လ ၃ ရက်နေ့မှာ အရေးအခင်း တခု စတင်လိုက်ကြပါတယ်။ ၆၂၊ ၇၄၊ ၇၅၊ ၇၆ ကျောင်းသား ခေါင်းဆောင်တွေ ပူးပေါင်းပြီး "အရေးတော်ပုံသမိုင်း" ဆိုတဲ့ ဆဲဗင်းဂျူလိုင်အရေးအခင်း အထိမ်းအမှတ်စာစောင် ဖြန့်ဝေနိုင်ခဲ့ကြပါတယ်။ အဲဒီ ၁၉၇၈ နှစ်လယ် အလွန်မှာ မြန်မာပြည် အကျဉ်းထောင် အသီးသီးမှာ ထိန်သိမ်းခံထားရတဲ့ ကျောင်းသားတွေ၊ အလုပ်သမားတွေ အများစု ရှေ့ဆင့် နောက်ဆင့် ဆိုသလို ပြန်လည် လွတ်မြောက်လာကြပါတယ်။

၁၉၇၈ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်နေ့မှာတော့ စာရေးဆရာ ဗန်းမော်တင်အောင် ကွယ်လွန်သွားရှာပါတယ်။ ဆရာ ဗန်းမော်တင်အောင်ရဲ့ သားနှစ်ယောက်ဖြစ်တဲ့ ကိုဗဟိန်းအောင်နဲ့ ကိုကျော်ဇောအောင်တို့ကလည်း အင်းစိန်ထောင်က ပြန်လွတ်ကာစ ဖြစ်တာမို့ အတူတူ ထောင်က လွတ်လာတဲ့ ကျောင်းသား ရဲဘော်တွေ၊ ထောင်အပြင်က ကျောင်းသား ရဲဘော်တွေဟာ ဆရာ ဗန်းမော်တင်အောင်ရဲ့ စျာပနမှာ လာရောက် စုစည်းမိသွားကြပါပြီ။ ဆရာ ဗန်းမော်တင်အောင် စျာပနဟာ ၁၉၇၆၊ မှိုင်းရာပြည့် အရေးအခင်း နောက်ပိုင်း ကျောင်းသား အင်အားစု အများဆုံး ပြန်လည်စုစည်းမိတဲ့ အခမ်းအနားလို့ ပြောနိုင်ပါတယ်။


ဆရာ ဗန်းမော်တင်အောင်ရဲ့ တိုက်ဖော်တိုက်ဖက်၊ ရေးဖော်ရေးဖက်တွေ ဖြစ်ကြတဲ့ ကိုကိုးကျွန်းပြန် ရဲဘော်ကြီးတွေ၊ ဆရာ ဒဂုန်တာရာတို့၊ ဆရာ ပါရဂူတို့လို စာရေးဆရာကြီးတွေနဲ့ အတူ၊ ကျောင်းသား အင်အားစုက ဆရာ ဗန်းမော်တင်အောင် စျာပနကို ဦးဆောင် စီစဉ် ကျင်းပခဲ့ကြတာပါပဲ။

၁၉၇၈ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်၊ ကြံတောသုသာန်က ဆရာ ဗန်းမော်တင်အောင် ရုပ်ကလာပ်ကို ဂူသွင်းသင်္ဂြိုဟ်တဲ့ အခမ်းအနားမှာ ကျောင်းသား တွေက လွတ်လပ်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး အတွက် ဆက်လက် တိုက်ပွဲဝင်သွားကြဖို့ ဆရာ ဗန်းမော် တင်အောင်ကို တိုင်တည်ပြီး အလေးအနက် အဓိဋ္ဌာန် ပြုခဲ့ကြပါတယ်။

ဆရာ ဗန်းမော်တင်အောင် အုတ်ဂူပေါ်မှာ ကမ္ပည်းထိုးထားတဲ့ **"လူတယောက်ရဲ့ တန်ဖိုးကို သူဖြတ်သန်းကျော်လွှားနေတဲ့ခေတ်ကြီးက သူ့ပခုံးပေါ် တင်ပေးလိုက်တဲ့သမိုင်းတာဝန်ကို သူဘယ်လောက် သယ်ပိုး ထမ်းဆောင်ခဲ့တယ်ဆိုတဲ့အချက်နဲ့တိုင်းတာရမှာပဲ"** ဆိုတဲ့ ဩဝါဒစကားတွေကတော့ အဖိနှိပ်ခံ ကျောင်းသားပြည်သူတွေ ရင်ထဲမှာ စွဲမြဲနေဆဲပဲလို ကျနော် ယုံကြည်နေမိပါတော့တယ်။

## အပိုင်း (၂၀)၊ ၁၉၈၈၊ ရှစ်လေးလုံးအရေးတော်ပုံ(ပထမပိုင်း)

*ဩဂုတ် ၁၆၊ ၂၀၀၉*




မဆလစစ်အုပ်စု ကြီးစိုးခဲ့တဲ့ ကာလကို နှစ်ပိုင်း ခွဲကြည့်နိုင်ပါတယ်။ ပထမ ကာလကို ၁၉၆၂ မှ ၁၉၇၄ အထိ သတ်မှတ် ရမယ်။ ၁၉၆၂ မှာ ဗိုလ်ချုပ်ကြီးနေဝင်း စစ်တပ်က တော်လှန်ရေး ကောင်စီ နာမည်နဲ့ အာဏာသိမ်းခဲ့တယ်။ ၁၉၇၄ မှာတော့ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ (မဆလ) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အတည်ပြုပြီး ဗိုလ်ချုပ်ကြီး နေဝင်းဆီကို အာဏာ လွှဲပြောင်းခဲ့တာပါပဲ။

အဲဒီ ၁၉၆၂-၁၉၇၄ ကာလအတွင်းမှာ ကျောင်းသားလှုပ်ရှားမှုတွေ ဆက်တိုက် ပေါ်ပေါက်ခဲ့တယ်။ အလုပ်သမား တိုက်ပွဲတွေပါ ဖြစ်ပေါ်လာခဲ့တယ်။ အစိုးရက ဒီတိုက်ပွဲတွေကို အပြင်းအထန် ဖိနှိပ်ချေမှုန်းခဲ့တယ်။

မဆလ စစ်အုပ်စု ကြီးစိုးတဲ့ ဒုတိယ ကာလအဖြစ် ၁၉၇၅ ကနေ ရှစ်လေးလုံး အရေးတော်ပုံကြီး ဖြစ်လာတဲ့ ၁၉၈၈ အထိ သတ်မှတ်နိုင်တယ်။ ဒီကာလအတွင်း ၈၈ မတိုင်မီ ကျောင်းသား၊ အလုပ်သမား လှုပ်ရှားမှုတွေကိုလည်း မဆလ အစိုးရက အပြင်းအထန် ဖိနှိပ်ချေမှုန်းပစ်ခဲ့တာပါပဲ။

မဆလ စစ်အုပ်စုရဲ့ လက်ထက်မှာ တိုင်းပြည်ဟာ ကမ္ဘာ့ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံ စာရင်းထဲ ဝင်သွားပါပြီ။ ပြည်သူလူထုရဲ့ ဘဝအထွေထွေဟာ ဘက်ပေါင်းစုံက ချွတ်ခြုံကျနေပါပြီ။ မဆလ ပါတီတွင်းက အာဏာလွန်ဆွဲပွဲတွေကလည်း တိုင်းပြည်ကို လက်တွန်းလှည်းကလေးနဲ့ တင်ပြီး ငရဲတွင်းထဲ ပို့နေသလိုပါပဲ။

ဒီလို အခြေအနေကြား ၁၉၈၇ နှစ်လယ်လောက်မှာ စစ်အစိုးရက ၇၅ ကျပ်တန်၊ ၂၅ ကျပ်တန် စတဲ့ ငွေစက္ကူအချို့ကို တရားမဝင် ငွေစက္ကူအဖြစ် ထုတ်ပြန်ကြေညာလိုက်ပါတယ်။ ပြည်သူတွေအဖို့ မြေပူရာကင်းမှောင့် ဖြစ်ရသလို၊ ကျောင်းသားတွေအတွက်လည်း ဘူးလေးရာဖရုံဆင့် ဖြစ်ကုန်ပါတယ်။ ကျောင်းသားနဲ့ ပြည်သူတွေက ငွေစက္ကူ မတရားဖျက်သိမ်းမှုကို ဆန့်ကျင် ဆန္ဒပြကြပါတယ်။ ကျောင်းသားထုက အစိုးရကို ဖြုတ်ချတဲ့ ကြေညာချက် ထုတ်ပြန်ပါတယ်။

ဒီအရေးဟာ ကျောင်းသား ပြည်သူတွေရဲ့ စားဝတ်နေမှု ဘဝ ရပ်တည်ရေး၊ ပညာသင်ကြားရေး၊ စီးပွားရေး လိုအပ်မှုနဲ့ တိုက်ရိုက် ပတ်သက်နေတာမို့ တော်တော်နဲ့ အေးမသွားပါဘူး။ အဲဒီလို အထွေထွေ အကျပ်အတည်းကြားမှာ ရှစ်လေးလုံး အရေးတော်ပုံကြီးကို စတင်ဖောက်ခွဲလိုက်တဲ့ ဖုန်းမော် အရေးအခင်း ဖြစ်ပေါ်လာခဲ့တော့တာပါပဲ။

၁၉၈၈ ခု၊ မတ်လ ၁၃ ရက်နေ့ ရန်ကုန် စက်မှုတက္ကသိုလ်မှာ ကျောင်းသားလှုပ်ရှားမှု စတင် ဖြစ်ပွားခဲ့ပါတယ်။ ရပ်ကွက်တွင်းက ဆိုးသွမ်း လူငယ်တစုရဲ့ ရန်စမှုကို မကျေနပ်တဲ့ ရန်ကုန် စက်မှုတက္ကသိုလ် ကျောင်းသားထုဟာ သက်ဆိုင်ရာ အာဏာပိုင်တွေက မှန်မှန်ကန်ကန် မဖြေရှင်းပေးတဲ့ အတွက် အုံကြွ ပေါက်ကွဲသွားခဲ့ပါတယ်။

ဒါကို မဆလ အစိုးရက ကျောင်းသားတွေ တမင်သက်သက် ဆူပူမှု ဖန်တီးတယ်ဆိုပြီး ရက်ရက်စက်စက် အကြမ်းဖက် နှိမ်နှင်းပစ်လိုက်ပါတယ်။

အစိုးရရဲ့ အကြမ်းဖက်မှုကြောင့် ကျောင်းသား ကိုဖုန်းမော် ကျဆုံးခဲ့ရပါတယ်။ နောက်မကြာခင် ကျောင်းသား ကိုစိုးနိုင် ဆေးရုံပေါ်မှာ ကွယ်လွန်ခဲ့ပါတယ်။ ကျောင်းသားထု ရင်ထဲမှာတော့ မကျေနပ်ချက်တွေက တဟုန်းဟုန်း တောက်လောင်နေပါပြီ။

မတ်လ ၁၆ ရက် ကိုဖုန်းမော် ဈာပန အမှတ်တရနေ့မှာတော့ မဆလ စစ်တပ်နဲ့ လုံထိန်းရဲတွေက အင်းလျားကန်ပေါင်မှာ ကျောင်းသားတွေကို လူမဆန်စွာ အကြမ်းဖက် နှိမ်နင်းသတ်ဖြတ်တဲ့ တံတားနီ အရေးအခင်း ထပ်မံဖြစ်ပွားခဲ့ပါတယ်။

ဖုန်းမော် အရေးအခင်း၊ တံတားနီ အရေးအခင်းတွေကနေ ကျောင်းသားတွေဟာ သက်ဆိုင်ရာ တက္ကသိုလ်အလိုက် ယာယီကျောင်းသားသမဂ္ဂတွေ ဖွဲ့စည်းပြီ စစ်အာဏာရှင်စနစ် ဆန့်ကျင် ဖြုတ်ချရေး တိုက်ပွဲအလံကို လွှင့်တင်လိုက်ကြပါပြီ။

မေလ ၁၄ ရက်နေ့ထုတ် သတင်းစာတွေမှာ "ရန်ကုန် စက်မှု တက္ကသိုလ် ကျောင်းသား အချို့နှင့် ကြို့ကုန်းအနောက်ရပ်ကွက် လူထုအချို့တို့ ဖြစ်ပွားသည့် အရေးအခင်းနှင့် ပတ်သက်သော စုံစမ်းရေး ကော်မရှင်၏ အစီရင်ခံစာ

ပါ တွေ့ရှိချက်အရ နိုင်ငံတော် ကောင်စီ၏ ထုတ်ပြန်ချက်" ဆိုပြီး ကျောင်းသားနဲ့ ပြည်သူကို ဖြောင်လိမ်ညာတဲ့ အဖြစ်မှန်ကို ဖုံးကွယ်ထားတဲ့ မဆလရဲ့ လိမ်ဆင်ကြီး ထွက်ပေါ်လာပါတယ်။

မဆလ အစိုးရက လူထုကို လှည့်စားဖို့ ဟန်ပြအနေနဲ့ ဝန်ကြီးချုပ် ဦးမောင်မောင်ခ၊ ပြည်ထဲရေး ဝန်ကြီးနဲ့ ရဲတပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်တို့ကို တာဝန်က ထုတ်ပယ်လိုက်ပါတယ်။ လူထုရဲ့ မကျေနပ်ချက်တွေကတော့ ဒီရေအလား တရိပ်ရိပ်နဲ့ တိုးပွားလာနေပါပြီ။

ဇွန်လ ၂၁ ရက်နေ့မှာတော့ ကျောင်းသားနဲ့ ပြည်သူတွေ သွေးမြေကျရပြန်တဲ့ မြေနီကုန်း အရေးအခင်း ထပ်မံဖြစ်ပွားခဲ့ပါတယ်။

ဒီတိုက်ပွဲကြောင့် မဆလဟာ ဇူလိုင်လထဲမှာ အရေးပေါ် ပါတီ ညီလာခံ ခေါ်ရပါတော့တယ်။ ဇူလိုင် ၂၃ ရက်နေ့ ညီလာခံမှာ မဆလ ဥက္ကဋ္ဌ ဦးနေဝင်းက ဖြစ်ပွားခဲ့တဲ့ မတ်လနဲ့ ဇွန်လ အရေးအခင်းများဟာ ပြည်သူနဲ့ ကျောင်းသားတွေက သူတို့ မဆလကို အယုံအကြည် မရှိကြောင်း ပြလိုက်တာဖြစ်ပြီး သူ့အနေနဲ့လည်း ဒီအရေးအခင်းတွေအတွက် သွယ်ဝိုက်တဲ့နည်းနဲ့ တာဝန် မကင်းကြောင်း ဝန်ခံ ပြောကြားခဲ့ရပါတော့တယ်။

ဒီညီလာခံက မဆလ အုပ်ချုပ်ခဲ့တဲ့ ၂၆ နှစ်အတွင်း တိုင်းပြည်ရဲ့ စီးပွားရေးဘဝ ချွတ်ခြုံကျခဲ့ရပါတယ်လို့လည်း ဝန်ခံခဲ့ရပါသေးတယ်။

မဆလ တပါတီ စစ်အာဏာရှင် စနစ်ကို ဘယ်လိုမှ လက်မခံချင်တော့တဲ့ ကျောင်းသားထုက ၈ ရက်၊ ၈ လ၊ ၈၈ - ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှာ ခွပ်ဒေါင်းအလံကို အမြင့်ဆုံးလွှင့်ပြီး တိုက်ပွဲကို နောက်တဆင့် အရှိန်အဟုန် မြှင့်လိုက်ကြပါတယ်။

တတိုင်းတပြည်လုံးမှာလည်း မဆလ တပါတီ အာဏာရှင် စနစ် ဆန့်ကျင်ဖြုတ်ချရေး လူထု ဆန္ဒပြပွဲတွေ လှည်းနေ လေ့အောင်း မြင်းဇောင်းမကျန် မြို့တကာအနှံ့၊ ရွာတကာအဆုံး အုံးအုံးကြွက်ကြွက် ပေါ်ပေါက်လာပါတော့တယ်။

ဩဂုတ်လလယ်လောက်မှာ စစ်တပ်က ကျောင်းသား ပြည်သူ၊ အပြစ်မဲ့ လူထုကို သေနတ်နဲ့ ရက်ရက်စက်စက် ပစ်ခတ် နှိမ်နင်းနေမှုတွေကို ချက်ချင်း ရပ်တန့်ပေးဖို့ မြန်မာနိုင်ငံ ရှေ့နေများ ကောင်စီဝင်တွေ လက်မှတ်ထိုးပြီး နိုင်ငံတော် ကောင်စီကို တင်လိုက်တဲ့စာ တိုက်ပွဲထဲ ပျံ့နှံ့သွားပါတယ်။

အဲဒီနောက် စာပေ အနုပညာရှင်တွေကလည်း ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ဦးခင်မောင်လတ်၊ ဒေါ်ခင်မျိုးချစ်၊ ဆရာမြသန်းတင့်၊ ဆရာဦးဝင်းတင်တို့ အပါအဝင် အားလုံး လက်မှတ်ရေးထိုးပြီး နိုင်ငံတော် ကောင်စီကို စာတင်ပါတယ်။

ကျောင်းသား ပြည်သူတွေက ဩဂုတ်လ ၈ ရက်ကနေ ၂၂ ရက်နေ့ အထိ စစ်တပ်က ရက်ရက်စက်စက် ပစ်ခတ်နှိမ်နင်းနေတဲ့ကြားက ရဲရဲရင့်ရင့် ဆက်လက်တိုက်ပွဲ ဆင်ခဲ့ကြတဲ့အတွက် သမ္မတ ဦးစိန်လွင် နုတ်ထွက်သွားရပါတော့တယ်။

မဆလဟာ အာဏာကို လက်ဆုပ်မဖြေသေးဘဲ အရေးပေါ် မဆလ ဗဟိုကော်မတီ အစည်းအဝေးနဲ့ အရေးပေါ် ပြည်သူ့လွှတ်တော် ခေါ်ခဲ့ပြီး ဒေါက်တာမောင်မောင်ကို သမ္မတ တင်လိုက်ပြန်ပါတယ်။

ဩဂုတ်လ ၂၈ ရက်နေ့ကတော့ သမိုင်းတွင်တဲ့ နေ့တနေ့ပါပဲ။

အဲဒီနေ့မှာ တိုက်ပွဲဝင်နေတဲ့ ရန်ကုန် တက္ကသိုလ် ကျောင်းသားများ သမဂ္ဂ (ရကသ) အပါအဝင် ယာယီကျောင်းသားသမဂ္ဂ အသီးသီး ပါဝင်တဲ့ ကွန်ဖရင့်ကို ရန်ကုန် တက္ကသိုလ် ဆဲဗင်းဂျူလိုင် ရင်ပြင်မှာ တခဲနက် ကျင်းပခဲ့ပါတယ်။ ဒီကွန်ဖရင့်က မင်းကိုနိုင်၊ ကိုကိုကြီး၊ မိုးသီးဇွန်တို့ ဦးဆောင်တဲ့ အမှုဆောင်ကော်မတီ ၄၀ ပါတဲ့ ABFSU ဗမာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသား သမဂ္ဂများ အဖွဲ့ချုပ်ကို အောင်မြင်စွာ ဖွဲ့စည်းလိုက်ပါတယ်။

ဖြစ်စဉ်အရ ဗကသများ အဖွဲ့ချုပ် (ABFSU) ရဲ့ နောက်ဆုံး ညီလာခံဖြစ်တဲ့ (၆) ကြိမ်မြောက် ညီလာခံကို ၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလမှာ ကျင်းပခဲ့တာဖြစ်လို့ အခု မင်းကိုနိုင်၊ ကိုကိုကြီး၊ မိုးသီးဇွန်တို့ ဦးဆောင်တဲ့ ညီလာခံဟာ (၇) ကြိမ်မြောက် အဖြစ် သမိုင်းဝင်ခဲ့ပါတယ်။

**"တပါတီ အာဏာရှင် စနစ် ဖြုတ်ချရေး- ဒို့အရေး၊ ဒို့အရေး"**

**"ပါတီစုံ ဒီမိုကရေစီ စနစ် ပေါ်ပေါက်ရေး- ဒို့အရေး၊ ဒို့အရေး"**

ဆိုတဲ့ ကြွေးကြော်သံတွေကြား၊ ဗိုလ်ချုပ်အောင်ဆန်း ဓာတ်ပုံတွေ တဝေဝေ၊ ခွပ်ဒေါင်းအလံတွေ တလူလူနဲ့ ယမ်းနံ့ သွေးနံ့ ဖုံးနေတဲ့ အဲဒီတုန်းက ဩဂုတ်လ မြင်ကွင်းတွေကို ကျနော် မြင်ယောင် အမှတ်ရနေဆဲပါပဲ။

## အပိုင်း (၂၁)၊ ၁၉၈၈၊ ရှစ်လေးလုံးအရေးတော်ပုံ(ဒုတိယပိုင်း)
*ဩဂုတ် ၃၀၊ ၂၀၀၉*



မြန်မာနိုင်ငံ အမျိုးသားလွတ်မြောက်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီ နဲ့ လူ့အခွင့်အရေး လှုပ်ရှားမှုသမိုင်းမှာ အစဉ်အလာ ကြီးမားခဲ့တဲ့ ကျောင်းသားသမဂ္ဂဟာ စစ်အစိုးရရဲ့ ဖိနှိပ်ချေမှုန်းမှုတွေအောက်မှာ ၁၉၇၆၊ မှိုင်းရာပြည့်နောက်ပိုင်း တိမ်မြုပ်နေခဲ့ရပေမဲ့ ၁၂ နှစ်ကြာတဲ့ အချိန် ၁၉၈၈၊ ရှစ်လေးလုံးအရေးတော်ပုံကြီးမှာတော့ ကျောင်းသား သမဂ္ဂ ပြန်လည် ပေါ်ထွန်းလာခဲ့ပါပြီ။

မင်းကိုနိုင်၊ ကိုကိုကြီး၊ မိုးသီးဇွန်တို့ ဦးဆောင်တဲ့ ဗကသ ဟာ ၈၈၊ ဒီမိုကရေစီ အရေးတော်ပုံမှာ တပ်ဦးက ပါဝင်ခဲ့တာကို တွေ့ရမယ်။ ဗကသရဲ့ ဦးဆောင်မှုနောက်မှာ ပြည်သူလူထု တရပ်လုံး တိုက်ပွဲဝင်လာကြတာပါ။

တတိုင်းတပြည်လုံးက မလိုလားတော့လို့ သပိတ်မှောက် ဆန္ဒပြနေတဲ့ကြားကပဲ မဆလဟာ စစ်အာဏာ တည်မြဲရေးကို သွေးရူးသွေးတန်း ဆက်လုပ်နေခဲ့ပါတယ်။ ဦးနေဝင်းက **"စစ်တပ် ဆိုတာ ပစ်ရင် တည့်တည့်ပစ်တယ်၊ ဘယ်တော့မှ မိုးပေါ်ထောင် မပစ်ဘူး"** ဆိုတဲ့ စကားနဲ့ ထွက်ခတ် ခတ်သွားပြီး ဦးစိန်လွင်ကို တင်ပေးခဲ့တယ်။

ဦးစိန်လွင်လက်ထက်မှာ ဩဂုတ်လ ဆန္ဒပြပွဲတွေကို စစ်တပ်က ရက်ရက်စက်စက်နှိမ်နင်းခဲ့ပါတယ်။ ဦးစိန်လွင် ပြုတ်သွားပြီး ဒေါက်တာမောင်မောင် သမ္မတ ဖြစ်လာတဲ့ အခါမှာ "ကျောင်းသားသမဂ္ဂ အဆောက်အအုံသစ်ကြီးကို ပျော်ပျော်ပါးပါး အုတ်မြစ်ချကြတာပေါ့" ဆိုပြီး ကျောင်းသားနဲ့ ပြည်သူတွေကို ပျားရည်နဲ့ ဝမ်းချခဲ့ပြန်ပါတယ်။

ဒါပေမဲ့ မရတော့ပါဘူး။ ရန်ကုန်၊ မန္တလေး အပါအဝင် နယ်မြို့ပေါင်း ၂၇၀ ကျော်မှာ လူထုရဲ့ မဆလ ဆန့်ကျင်ရေး အုံကြွမှုကြီး ပေါ်ပေါက်နေပါပြီ။ အစိုးရ ဌာနပေါင်းစုံက ဝန်ထမ်းပေါင်းစုံတွေလည်း သပိတ်ထဲ ပါလာကြ ပါပြီ။ အစိုးရ သတင်းစာတိုက်တွေကလည်း သပိတ်မှောက် ဆန္ဒပြ ပြည်သူလူထုရဲ့ သတင်းတွေကို ဝေဝေဆာဆာ ဖော်ပြနေကြပါပြီ။

ဆန္ဒပြပွဲ သပိတ်တိုက်ပွဲထဲ မပါတဲ့ အစိုးရဌာန ဆိုလို့ မဆလပါတီ ဗဟို ဌာနချုပ် တခုပဲ ကျန်တော့တဲ့ အခြေ အနေပါ။ နောက်ဆုံးမှာ တပ်မတော် ကြည်း၊ ရေ၊ လေ အင်အားစုတွေ ရဲ တပ်ဖွဲ့ဝင်တွေလည်း ကျောင်းသား ပြည်သူ တွေနဲ့အတူ ဆန္ဒပြ ချီတက်ပွဲတွေမှာ တက်ကြွစွာ ပါဝင်လာတာကို တွေ့နေရပါပြီ။

သမိုင်းအစဉ်အလာ၊ နိုင်ငံရေး အစဉ်အလာရှိတဲ့ ခေါင်းဆောင်ဟောင်းကြီးတွေလည်း ရဲရဲရင့်ရင့် လူထုတိုက်ပွဲ ထဲ ဝင်လာကြပါပြီ။ ဝန်ကြီးချုပ်ဟောင်းဦးနုက လူထုကို သင်ပုန်းချေကြပါ၊ လက်စားမချေပါနဲ့ ဆိုတဲ့ 'ချေ' နှစ်ချေ မိန့်ခွန်း ပြောလိုက်ပါတယ်။ ဗိုလ်ချုပ်ကြီး (ဟောင်း) သူရဦးတင်ဦးက ရန်ကုန် ဆေးရုံကြီးမှာ လူထုကို မိန့်ခွန်းပြောပါတယ်။

အရေးအခင်းအတွင်း ခေတ္တအထိန်းသိမ်းခံရတဲ့ ဦးအောင်ကြီးက အင်းစိန်ထောင်က လွတ်လွတ်ချင်း ဩဂုတ် ၂၅ ရက်နေ့ ညနေက စမ်းချောင်း ပဒုမ္မာကွင်းမှာ မိန့်ခွန်းပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကတော့ ဩဂုတ်လ ၂၆ ရက် ရွှေတိဂုံဘုရား အနောက်ဘက်မုခ်မှာ လူထုအစည်း အဝေး လုပ်ပြီး မိန့်ခွန်းပြောပါတယ်။ အဲဒီပွဲကို သပိတ်မှောက် ဆန္ဒပြ အင်အားစု ၅ သိန်းကျော် တက်ရောက်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ကို လူထုခေါင်းဆောင်အဖြစ် ထောက်ခံကြောင်း ကျောင်းသားတွေ ပြည်သူတွေက သက်သေပြ ခဲ့ကြပါတယ်။

အရေးအခင်းအတွင်း တောရောမြို့ပါမကျန် ပုဂ္ဂလိက သတင်းစာ၊ ဂျာနယ်၊ စာစောင်တွေ ပလူပျံအောင် ထွက် ပေါ်လာပြီး သပိတ်သတင်းတွေကို သူ့ထက်ငါ အင်တိုက်အားတိုက် ဖော်ပြခဲ့ကြပါတယ်။

ကျောင်းသားသမဂ္ဂက ဦးဆောင်ပြီး ရန်ကုန်မြို့ နေရာအနှံ့မှာလည်း အစာတော်ခံဆန္ဒပြပွဲတွေ တခဲနက် ကျင်းပ ကြပါတယ်။ ဆရာကြီး မင်းသုဝဏ်တို့လို သက်ကြီးရွယ်အိုတွေပါ မနေနိုင်တော့ဘဲ အဖြူ အစိမ်းဝတ် ကျောင်းသားငယ် လေးတွေရဲ့ အစာတော် ခံဆန္ဒပြပွဲကို ပါဝင် ထောက်ခံလာကြပါပြီ။

တပြည်လုံး ဒီမိုကရေစီ ဟောပြောပွဲတွေလည်း တခြိမ်းခြိမ်း ကျင်းပနေကြပါတယ်။ ရန်ကုန်မှာ ဝါရင့် နိုင်ငံရေး သမားကြီး၊ ကျောင်းသား ခေါင်းဆောင်ဟောင်းတွေ၊ တပ်မတော် တပ်မှူးဟောင်းတွေ၊ တတ်သိပညာရှင်တွေ၊ စာပေနဲ့ အနုပညာနယ်က ပုဂ္ဂိုလ်တွေ ဒီမိုကရေစီ ရရှိရေး၊ မဆလ ဆန့်ကျင်ရေး တရားတွေ ဟောပြောကြပါတယ်။

တိုက်ပွဲက တဖြည်းဖြည်း ရက်ရှည်လာပါတယ်။ မဆလ အစိုးရကလည်း အာဏာကို ကုတ်ကတ် ဖက်တွယ် ထားပါတယ်။ စက်တင်ဘာလထဲကို ရောက်လာတဲ့အခါ သပိတ်အင်အားစုတွေကို စုစုစည်းစည်း ထိန်းထားနိုင်ဖို့ လိုတယ်လို့ ကျောင်းသားသမဂ္ဂက တွက်မိပါတယ်။

ဒါကြောင့် စက်တင်ဘာလ ၆ ရက် ရန်ကုန် ဆေးရုံကြီးမှာ ဗဟို သပိတ်စခန်း ဖွင့်လှစ်လိုက်ပါတယ်။ အဲဒီမှာပဲ အထွေထွေ သပိတ်ကော်မတီ (General Strike Committee) GSC ကို ဖွဲ့စည်းပါတယ်။ အထွေထွေ သပိတ်ကော်မတီမှာ ရဟန်းပျိုများ သမဂ္ဂ၊ ကျောင်းသားသမဂ္ဂ၊ အလုပ်သမား၊ လယ်သမားသဂ္ဂများ၊ ရန်ကုန်တက္ကသိုလ် ဆရာများသမဂ္ဂ၊ ရန်ကုန် ရှေ့နေများသမဂ္ဂ၊ စာရေးဆရာသမဂ္ဂ စတဲ့ အဖွဲ့တွေကို အခြေခံပြီး ဖွဲ့စည်းတာ ဖြစ်တယ်။

GSC ဥက္ကဋ္ဌအဖြစ် ရဟန်းပျိုများသမဂ္ဂ ဥက္ကဋ္ဌ ဆရာတော် ဦးပြေညိန္ဒက တာဝန်ယူပြီး၊ အထွေထွေအတွင်းရေး မှူးကတော့ ဗကသ တွဲဖက်အတွင်းရေးမှူး ဖြစ်တဲ့ ကိုဇော်ထွန်းပါ။

GSC အထွေထွေ သပိတ် ကော်မတီက၊ (၁) အခြေခံ ဒီမိုကရေစီ အခွင့်အရေးများ ပေးရန်၊ (၂) မဆလ တပါတီ အာဏာရှင်စနစ် ဖျက်သိမ်းပေးရန်၊ (၃) ကြားဖြတ် အစိုးရတရပ် ဖွဲ့စည်းရန်နှင့်၊ (၄) ကြားဖြတ် အစိုးရက တာဝန်ခံပြီး အထွေထွေ ရွေးကောက်ပွဲ ကျင်းပပေးရန် စတဲ့ နိုင်ငံရေး တောင်းဆိုချက် ၄ ရပ်ကို ထုတ်ပြန် ကြေညာ ပါတယ်။

ရန်ကုန် ဆေးရုံကြီး ဗဟိုသပိတ်စခန်းမှာ ကျောင်းသား သမဂ္ဂ ကိုယ်စားလှယ် ၁၁၉ ဦး လက်မှတ် ရေးထိုးပြီး ဝန်ကြီးချုပ်ဟောင်း ဦးနု၊ ဗိုလ်ချုပ်ကြီးဟောင်း သူရဦးတင်ဦး၊ ဦးအောင်ကြီးနဲ့ ဒေါ်အောင်ဆန်းစုကြည် တို့ကို အထွေထွေ သပိတ်ကြီးရဲ့ လူထုကိုယ်စားလှယ် ခေါင်းဆောင်များ အဖြစ် တောင်းဆို အသိအမှတ် ပြုကြပါတယ်။

ကျောင်းသားတွေနဲ့ အဲဒီခေါင်းဆောင် ၄ ဦး ကြားဖြတ်အစိုးရ ဖွဲ့စည်းရေး ဆွေးနွေးပွဲတွေကိုလည်း အပူတပြင်း လုပ်နေကြပါတယ်။

စက်တင်ဘာလ ၉ ရက်နေ့မှာတော့ ဝန်ကြီးချုပ်ဟောင်း ဦးနုက ၁၉၄၇ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေအရ သူ့ရဲ့ ရပိုင်ခွင့်တွေကို ချုပ်ကိုင်ပြီး စင်ပြိုင်အစိုးရ ဖွဲ့လိုက်ကြောင်း ကြေညာပါတယ်။ သပိတ်မှောက် အင်အားစု အသီးသီးက ဦးနုရဲ့ စင်ပြိုင်အစိုးရကို ကောင်းကောင်း အာရုံ မစိုက်နိုင်ခဲ့ကြပါဘူး။ ဥပမာ – ကျောင်းသားသမဂ္ဂက ကြားနေတဲ့ ကြေညာချက် ထုတ်ပေမဲ့ စာရေးဆရာ သမဂ္ဂကတော့ အတိအလင်း ကန့်ကွက်ခဲ့တာမျိုး ရှိပါတယ်။

ဒီလိုအခြေအနေမှာ စစ်အစိုးရ ထောက်လှမ်းရေးတွေရဲ့ ပြည်သူ့တော်လှန်ရေးကို တန်ပြန်နှောင့်ယှက် ဖျက် ဆီးတဲ့ လုပ်ရပ်တွေ ဟိုက ဒီက ထွက်ပေါ်လာပါတယ်။ စစ်တပ်က စတင်ပြီး စက်ရုံတွေ၊ ဂိုဒေါင်တွေ ဖောက်တာမျိုး၊ မီးရှို့တာမျိုး လုပ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ရှုတ်ချတိုက်ခိုက်တဲ့ မဟုတ်မမှန် ကောလာဟလသတင်းတွေကို စစ်ထောက်လှမ်းရေးတွေက လုပ်ကြံ ဖန်တီးကြပါတယ်။

မဆလရဲ့ တန်ပြန် တော်လှန်ရေးကြောင့် ဒေါသထွက် ပေါက်ကွဲနေတဲ့ လူထုကို ဒေါ်အောင်ဆန်းစုကြည်တို့၊ မင်းကိုနိုင်တို့လို လူထု ယုံကြည်ကိုးစားတဲ့ ခေါင်းဆောင်တွေက လိုက်လံ ထိန်းသိမ်းနေရပါတယ်။

ဒီအချိန်မှာမှာပဲ စက်တင်ဘာလ ၁၆ ရက် ဖဆပလ ကျောက်တိုင် ဆရာမင်းသိခ် ဒီမိုကရေစီ ဟောပြောပွဲမှာ ကာကွယ်ရေးဝန်ကြီးရုံးက စစ်တပ်နဲ့ အကြီးအကျယ် ပဋိပက္ခ ဖြစ်ပွားခဲ့ပါတယ်။ တဆက်တည်း စက်တင်ဘာလ ၁၇ ရက် ကုန်သွယ်ရေး ဝန်ကြီးရုံး အစောင့်စစ်တပ်ကို လူထုက ဝင်ရောက်စီးနင်း သေနတ်တွေ သိမ်းပိုက်ပြီး စစ်ဗိုလ် စစ်သားတွေကိုတော့ လွှတ်ပေးလိုက်တဲ့ ကိစ္စ ဖြစ်ပွားခဲ့ပါတယ်။

တိုက်ပွဲရဲ့ ဒီရေ အမြင့်ဆုံး တက်လာတဲ့အချိန်၊ အောင်ပွဲနဲ့ လက်တကမ်း အလိုမှာပဲ စက်တင်ဘာလ ၁၈ ရက် ညနေ ၄ နာရီ၊ မိနစ် ၃၀ မှာ ဗိုလ်ချုပ်ကြီးစောမောင် ဦးစီးတဲ့ စစ်တပ်က အာဏာသိမ်းလိုက်ကြောင်း မြန်မာ့အသံ ရေဒီယို ရုပ်မြင်သံကြားတွေက ကြေညာလိုက်ပါတော့တယ်။

အာဏာသိမ်းတဲ့နေ့၊ အာဏာသိမ်းတဲ့ ညက စပြီး သပိတ်အင်အားစု အားလုံးကို အပြင်းအထန် ဖိနှိပ် ချေမှုန်း ခဲ့ပါတော့တယ်။

## အပိုင်း (၂၂)၊ ကျောင်းသားတပ်မတော်ပေါ်ထွန်းလာခြင်း

*စက်တင်ဘာ ၆၊ ၂၀၀၉*

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် စစ်တပ်က အာဏာသိမ်းလိုက်ပြီးတဲ့နောက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (နဝတ)ကို ဖွဲ့စည်းလိုက်ပါတယ်။ ရှစ်လေးလုံး လူထုအုံကြွမှုကြီးမှာ မဆလတပါတီစနစ် ဖျက်သိမ်းပြီး ပါတီစုံ ဒီမိုကရေစီ ပေါ်ပေါက်ရေးဆိုတဲ့ ကျောင်းသားနဲ့ ပြည်သူတွေရဲ့ တောင်းဆိုချက်ကို မလွန်ဆန်နိုင်တဲ့ နဝတဟာ ပါတီစုံ အထွေထွေ ရွေးကောက်ပွဲ ကျင်းပပေးမယ်၊ နိုင်ငံရေး ပါတီတွေ တည်ထောင်နိုင်တယ်လို့ တိုင်းပြည်ကို ကြေညာလိုက်ပါတယ်။

အဲဒီ နဝတ အာဏာသိမ်းပြီးစ အချိန်ဟာ မြန်မာနိုင်ငံရေးမှာ အလွန်အရေးပါတဲ့ အချိုးအကွေ့ နှစ်ခု ဖြစ်ပေါ်ခဲ့ပါတယ်။ တခုက ရှစ်လေးလုံး အရေးတော်ပုံမှာ တိုက်ပွဲဝင်ခဲ့တဲ့ ကျောင်းသားတွေ သောင်းချီပြီး တောခိုသွားကြတဲ့ အချက် ဖြစ်ပါတယ်။ နောက်တခုကတော့ အတိုက်အခံပါတီတွေ ဖြစ်လာမယ့် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) နဲ့ တိုင်းရင်းသား ပါတီတွေ ပေါ်ထွက်လာခြင်းပါပဲ။

စစ်တပ်က အာဏာသိမ်းလိုက်ပြီးတဲ့နောက် ကျောင်းသားတွေ အများအပြားဟာ ထိုင်း-မြန်မာနယ်စပ်၊ တရုတ်-မြန်မာနယ်စပ်က တိုင်းရင်းသား လူမျိုးစုလက်နက်ကိုင် တော်လှန်ရေးနယ်မြေ အသီးသီးကို ကူးပြောင်းရောက်ရှိ သွားကြပါတယ်။

ရှစ်လေးလုံး အရေးတော်ပုံအတွင်းမှာ ဖွဲ့စည်းခဲ့တဲ့ ဗကသများ အဖွဲ့ချုပ်ဟာ သမိုင်းက တောင်းဆိုတဲ့အတိုင်း အဲဒီအချိန်မှာ အသွင်သဏ္ဍာန် သုံးမျိုးနဲ့ ဆက်လက် လှုပ်ရှားခဲ့တာပါ။ ပထမ အသွင်သဏ္ဍာန်က ဗကသဟာ ပြည်တွင်းမှာ မြေအောက် UG အနေနဲ့ ဆက်လက်မောင်းနှင်ဖို့ ဖြစ်တယ်။ ဒုတိယ အသွင်သဏ္ဍာန်က လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ ဆိုပြီး ပြည်တွင်းမှာ တရားဝင် နိုင်ငံရေးပါတီ ထောင်ပြီး ရပ်တည်ဖို့ ဖြစ်တယ်။

တတိယ အသွင်သဏ္ဍာန်အနေနဲ့ လက်နက်ကိုင် တော်လှန်ရေးနယ်မြေကို ရောက်သွားကြတဲ့ ကျောင်းသားတွေက မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး (မကဒတ)၊ ABSDF ဆိုပြီး ကျောင်းသားတပ်မတော်ကို ထူထောင်လိုက်ကြတာပါပဲ။

ကျောင်းသားတွေဟာ မတူခြားနားတဲ့ အခြေအနေမှာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ကို ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့မှာ ထူထောင်လိုက်ပါတယ်။

မကဒတ (ABSDF)၊ ကျောင်းသား တပ်မတော်ကိုတော့ ၁၉၈၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့ လွတ်မြောက်နယ်မြေမှာ ထူထောင်ခဲ့တာ ဖြစ်တယ်။

ကျောင်းသားနဲ့ လက်နက်ကိုင် တော်လှန်ရေး ဆက်စပ် ပတ်သက်မှုဟာ မြန်မာ့နိုင်ငံရေး သမိုင်းမှာ လွန်ခဲ့သော နှစ်ပေါင်းများစွာ ကတည်းက ရှိနေခဲ့တာပါ။

၁၉၆၂ ခုနှစ်၊ ဆဲဗင်းဂျူလိုင် အရေးအခင်းမှာ ဗကသ ဥက္ကဋ္ဌ ကိုသက်၊ ဗကသ အထွေထွေ အတွင်းရေးမှူး ကိုတင်ထွန်း၊ တကသ ဥက္ကဋ္ဌ ကိုဗထွေးလေး စသည်ဖြင့် ဗကသ၊ တကသ ကျောင်းသား ခေါင်းဆောင် အများအပြား လက်နက်ကိုင် တော်လှန်ရေးထဲ ကူးပြောင်းသွားခဲ့တဲ့ အစဉ်အလာ ရှိပါတယ်။

၁၉၇၄ ဦးသန့် အရေးအခင်းမှာ ကျောင်းသားခေါင်းဆောင် ချင်းတိုင်းရင်းသား ကိုတင်မောင်ဦး အပါအဝင် ကျောင်းသားတွေ တောခိုခဲ့ကြတယ်။ တောထဲမှာ ပါလီမန် ဒီမိုကရေစီ ပါတီ (PDP)၊ ကရင် အမျိုးသား အစည်းအရုံး (KNU) တို့နဲ့ တိုင်ပင်ဆွေးနွေးပြီး ဥက္ကဋ္ဌ ကိုတင်မောင်ဦး ခေါင်းဆောင်တဲ့ စစ်အာဏာရှင် ဆန့်ကျင်ရေး လက်နက်ကိုင် ကျောင်းသား သမဂ္ဂကို ဖွဲ့စည်းခဲ့ကြဖူးပါတယ်။

ဒါပေမဲ့ ကိုတင်မောင်ဦးဟာ မြို့ပြ လူထုတိုက်ပွဲ ဖော်ဆောင်ရေးအတွက် ရန်ကုန်ကို ပြန်ဝင်အလာ ၁၉၇၆ ခုနှစ်၊ မှိုင်းရာပြည့် အရေးအခင်း၊ မတိုင်ခင် တရက်အလိုမှာ အဖမ်းခံရပြီး အင်းစိန်ထောင်ထဲမှာ ကြိုးပေးခံခဲ့ရပါတယ်။

ကိုတင်မောင်ဦး ကျဆုံးသွားပြီးတဲ့နောက် စစ်အာဏာရှင် ဆန့်ကျင်ရေး လက်နက်ကိုင် ကျောင်းသားသမဂ္ဂလည်း ၁၉၇၈ မှာ PDP နဲ့ အတူ အားနည်း ပျောက်ကွယ်သွားခဲ့ရပါတယ်။

သို့သော် နောင် (၁၀) နှစ် ကြာတဲ့အခါ ရှစ်လေးလုံး အရေးတော်ပုံကြီး အပြီးမှာတော့ ကမ္ဘာပေါ်မှာ ဘယ်အမျိုးသား နိုင်ငံတော်မှာမှ ပေါ်ပေါက်ခဲ့ဖူးခြင်း မရှိတဲ့ ကျောင်းသားတပ်မတော်ဆိုတာ မြန်မာနိုင်ငံ သမိုင်းမှာ ထူးခြားစွာ ပေါ်ပေါက်လာခဲ့ပါတော့တယ်။

၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ အာဏာသိမ်းပြီးနောက် ကျောင်းသားတွေ လက်နက်ကိုင် တော်လှန်ရေးထဲ ရောက်ရှိသွားခဲ့ကြပေမဲ့ ကျောင်းသားများရဲ့ လက်နက်ကိုင် တော်လှန်ရေး အခန်းကဏ္ဍ အနေနဲ့ သိသာ ထင်ရှားတဲ့ အနေအထားမှာ မရှိခဲ့ပါဘူး။

ဒီလိုပဲ ကိုတင်မောင်ဦးတို့ ဖွဲ့စည်းခဲ့တဲ့ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လက်နက်ကိုင် တော်လှန်ရေးဟာ တစ်ခန်း တကဏ္ဍအနေနဲ့ သိသာ ထင်ရှားလာတာ ဖြစ်တယ်။

တကယ်ကတော့ မြန်မာ့နိုင်ငံရေးမှာ သမိုင်းက တောင်းဆိုလို့ ပေါ်ထွက်လာတဲ့ ကျောင်းသား တပ်မတော်ရဲ့ လက်နက်ကိုင် တော်လှန်ရေးဟာ စစ်ပွဲပုံစံနဲ့ ဆင်နွှဲနေတဲ့ လူထုလှုပ်ရှားမှု တိုက်ပွဲပဲ ဖြစ်ပါတယ်။

ပြည်တွင်းမှာတော့ ရွေးကောက်ပွဲ အကြိုကာလ ၁၉၈၉ ခုနှစ်ထဲမှာ နဝတ အစိုးရက မတ်လအတွင်းမှာ ကိုမင်းကိုနိုင်၊ ကိုကိုကြီးတို့ အပါအဝင် ဗကသ ကျောင်းသား ခေါင်းဆောင် အများအပြားကို မတရား ဖမ်းဆီးပြီး နှစ်ရှည် ထောင်ဒဏ်တွေ ချမှတ်လိုက်ပါတော့တယ်။

နဝတဟာ တဖက်မှာ ပါတီစုံ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးမယ်လို့ ကတိပေးထားပြီး တဖက်မှာတော့ တရားဝင် ထူထောင်ထားတဲ့ နိုင်ငံရေး ပါတီတွေကို မတရား ဖိနှိပ်ချုပ်ချယ်နေတဲ့ အချိန်ပါ။

အဲဒီ အခြေအနေကြားမှာ လူ့ဘောင်သစ် ဒီမိုကရက်တစ် ပါတီကို ဦးဆောင် ထူထောင်သူလည်းဖြစ်၊ ဗကသ ကျောင်းသား ခေါင်းဆောင်လည်းဖြစ်တဲ့ ကိုမိုးသီးဇွန်၊ လက်နက်ကိုင် တော်လှန်ရေးကို ကူးပြောင်းဖို့ ၁၉၈၉ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့မှာ တောခို သွားခဲ့ပါတော့တယ်။

၁၉၉၀၊ မေလ ၂၇ ရက် ရွေးကောက်ပွဲမှာတော့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) အနိုင်ရခဲ့ပေမဲ့ ရွေးကောက်ပွဲပြီးလို့ ရက်ပေါင်း (၆၀) အတွင်း အာဏာလွှဲပေးမယ်ဆိုတဲ့ နဝတရဲ့ ကတိ မတည်တဲ့အတွက် NLD က ၁၉၉၀၊ ဇူလိုင်လထဲမှာ ဂန္ဓီခန်းမ ညီလာခံ ကျင်းပပါတယ်။ ဒါကို နဝတ က ၁/၉၀ အမိန့် ထုတ်ပြန်ပြီး ရွေးကောက်ပွဲ ရလဒ်ကို မျက်ကွယ် ပြုလိုက်ပါတော့တယ်။

ဒီလိုနိုင်ငံရေး အကျပ်အတည်းကြားမှာ လူ့ဘောင်သစ်ပါတီဟာ မြေပေါ်မှာ တရားဝင် ပါတီအဖြစ်နဲ့ ဆက်လက်ရပ်တည်လို့ မရတော့တဲ့အတွက် ၁၉၉၀၊ နိုဝင်ဘာလထဲမှာ လွတ်မြောက်နယ်မြေကို ပါတီလိုက် ကူးပြောင်းခဲ့ပါတယ်။

ဒီနေ့ဆိုရင် ဗကသ ကျောင်းသား ခေါင်းဆောင်တွေဖြစ်တဲ့ ကိုမင်းကိုနိုင်၊ ကိုကိုကြီးတို့ ၈၈ မျိုးဆက် ကျောင်းသားတွေ နအဖရဲ့ အကျဉ်းထောင်အသီးသီးမှာ နှစ်ရှည်ထောင်ဒဏ်တွေ ကျခံနေရပြီး၊ ဗကသက မွေးထုတ်ပေးလိုက်တဲ့ မကဒတ (ABSDF) ကျောင်းသားတပ်မတော်နဲ့ လူ့ဘောင်သစ်ပါတီတို့ဟာလည်း တော်လှန်ရေး အနှစ် (၂၀) တိုင်ခဲ့ပြီ မဟုတ်ပါလား။



မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (မကဒတ)၊
All Burma Students' Democratic Front (ABSDF)။

## အပိုင်း (၂၃)၊ ရှစ်လေးလုံးအလွန်ကျောင်းသားတိုက်ပွဲများ
*စက်တင်ဘာ ၁၂၊ ၂၀၀၉*


*ပုံ ဒီဇိုင်း - ကျော်ဝင်း*

ရှစ်လေးလုံး အရေးတော်ပုံကြီး အပြီး မြန်မာ့နိုင်ငံရေး သမိုင်းမှာ ထင်ရှားတဲ့ ကျောင်းသားတိုက်ပွဲနှစ်ခု ဆက်လက် ထွက်ပေါ်လာခဲ့ပါတယ်။ အဲဒါတွေကတော့ ၁၉၉၁၊ ဒီဇင်ဘာ နိုဘယ်လ်ဆု အရေးအခင်းလို့ ခေါ်တဲ့ တိုက်ပွဲနဲ့ ၁၉၉၆၊ ဒီဇင်ဘာ အရေးအခင်းတွေပါပဲ။

၁၉၉၁ ထဲမှာ ၁၉၈၉ ခုနှစ် ကတည်းက နေအိမ် အကျယ်ချုပ် ကျခံနေရတဲ့ မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်ဆု ချီးမြှင့်ခံရပါတယ်။ ဒါပေမဲ့ ဒေါ်အောင်ဆန်းစုကြည် နော်ဝေနိုင်ငံကို သွားရောက်ပြီး ဆုလက်ခံယူဖို့ အခက်အခဲဖြစ်အောင် နဝတ က လုပ်ပါတယ်။

နဝတ စစ်အုပ်စုဘက်က ဒေါ်အောင်ဆန်းစုကြည် ဆုယူဖို့ သွားမယ်ဆိုရင် သွားခွင့်ပြုမယ်၊ ဒါပေမဲ့ တိုင်းပြည်ကိုတော့ ပြန်လာလို့ မရတော့ဘူးဆိုတဲ့ လေသံ ထွက်လာပါတယ်။ နဝတရဲ့ သဘောထားကို ပြည်သူလူထုက မကျေနပ်ကြပါဘူး။ အဲဒီအချိန်မှာ ရန်ကုန် တက္ကသိုလ် (လှိုင်နယ်မြေ) က စတဲ့ အစိုးရ ဆန့်ကျင်ရေး ကျောင်းသား အုံကြွမှု ပေါ်ပေါက်လာခဲ့တာပါပဲ။

၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့မှာ တက္ကသိုလ်ပေါင်းစုံက ကျောင်းသူ ကျောင်းသားတွေဟာ နဝတ အစိုးရရဲ့ ဒေါ်အောင်ဆန်းစုကြည် နိုဘယ်လ်ဆုရတဲ့အပေါ် ထားတဲ့ သဘောထားကို ဆန့်ကျင် ရှုတ်ချပြီးဆန္ဒပြကြပါတယ်။

ဒီဇင်ဘာ ၁၁ ရက်၊ ၁၂ ရက်နေ့အထိ တက္ကသိုလ်ပေါင်းစုံက ကျောင်းသားထုကြီးရဲ့ ဆန္ဒပြပွဲတွေ ဆက်တိုက်ပေါ်ထွက်လာခဲ့ပါတယ်။ ဒီဆန္ဒပြပွဲတွေဟာ ၁၉၈၈ ရှစ်လေးလုံး အရေးတော်ပုံကြီးအပြီးမှာ ပထမဆုံး ပေါ်ပေါက်လာတဲ့ ကျောင်းသားတိုက်ပွဲပါပဲ။ အဲဒီအချိန်မှာ ရှစ်ဆယ့်ရှစ် အရေးအခင်းအပြီး ကျောင်းတွေ အကြာကြီး ပိတ်ထားရာကနေ ပြန်ဖွင့်လိုက်တဲ့ အချိန်လည်း ဖြစ်ပါတယ်။

အဲဒီကာလဟာ ဗကသ ကျောင်းသားခေါင်းဆောင်တွေ ဖြစ်ကြတဲ့ ကိုမင်းကိုနိုင်၊ ကိုကိုကြီးတို့ ထောင်ထဲရောက်နေကြပါတယ်။ ကိုမိုးသီးဇွန် တောခိုသွားပါပြီ။ လူ့ဘောင်သစ် ဒီမိုကရက်တစ် ပါတီလည်း လွတ်မြောက်နယ်မြေကို ကူးပြောင်းသွားတဲ့ အချိန်ပါ။ NLD က ၉၀ ရွေးကောက်ပွဲ အနိုင်ရခဲ့ပေမဲ့ နဝတ က အာဏာလွှဲမပေးတဲ့ အပြင် လူဖမ်းပွဲကြီး အကြီးအကျယ် လုပ်လာတဲ့အတွက် NLD လူကြီး လူငယ်တွေ ထောင်ထဲ ရောက်သူရောက်၊ တောထဲ ပြေးသူပြေး ဖြစ်ကုန်ပါတယ်။

၁၉၉၁ နိုဘယ်လ်ဆု အရေးအခင်းဟာ နဝတ စစ်အုပ်စုက အပြင်းအထန် နှိမ်နင်းချေမှုန်းတဲ့ အတွက် ရပ်တန့်သွားခဲ့ရပါတယ်။ ကျောင်းသား ၂၀၀ ကျော် အဖမ်းခံရပြီး နှစ်ရှည် ထောင်ဒဏ်တွေ ချမှတ်ခံခဲ့ရပါတယ်။

ဒါပေမဲ့ ကျောင်းသားထုရဲ့ ရင်ထဲမှာတော့ ရှစ်ဆယ့်ရှစ် စိတ်ဓာတ်က မကျိုးမကြေဘဲ ကြံ့ကြံ့ခံ ကျန်ရစ်နေခဲ့ပါတယ်။ ဒီရှစ်ဆယ့်ရှစ် စိတ်ဓာတ်နဲ့ပဲ ၁၉၉၆ ခုနှစ်ထဲမှာ နောက်ထပ် ကျောင်းသားတိုက်ပွဲ တပွဲ ထွက်ပေါ်လာခဲ့ပြန်တာ ဖြစ်တယ်။

၁၉၉၆ အရေးအခင်းဟာ စက်မှုတက္ကသိုလ်ကပဲ စတင်ခဲ့တာပါ။ ၁၉၉၆ အောက်တိုဘာ ၂၀ ရက်နေ့ အင်းစိန်စော်ဘွားကြီးကုန်း အဝေးပြေးကားဂိတ်မှာ စက်မှုတက္ကသိုလ် ကျောင်းသား ၃ ဦးနဲ့ စည်ပင်ရဲ၊ နယ်ထိန်းရဲတချို့ ပြဿနာဖြစ်ရာက စခဲ့တာပါ။ ဒီကျောင်းသား ၃ ယောက်ကို ရဲတွေက ဖမ်းဆီးချုပ်နှောင်ပြီး အင်းစိန် ရဲစခန်းထဲထည့် ရိုက်နှက်ကြပါတယ်။ စက်မှု တက္ကသိုလ် ပါမောက္ခချုပ်နဲ့ ဆရာတွေက ဒီကျောင်းသား ၃ ယောက်ကို အင်းစိန် ရဲစခန်းကနေ ခေါ်ထုတ်ခဲ့ရတဲ့ ဖြစ်ရပ်ပါ။

အောက်တိုဘာလ ၂၁ ရက်နေ့ ညမှာ စက်မှုတက္ကသိုလ် ကြို့ကုန်းအဆောင်၊ လှိုင်နယ်မြေ သမိုင်းဆောင်တွေက ကျောင်းသားတွေပါ စုစည်းပြီး၊ လှည်းတန်းလမ်းဆုံမှာ ကျောင်းသားအင်အား ၁,၀၀၀ ကျော် ရဲတပ်ဖွဲ့ဝင်တွေရဲ့ ရိုင်းစိုင်းတဲ့ လုပ်ရပ်ကို ကန့်ကွက် ရှုတ်ချတဲ့အနေနဲ့ ထိုင်သပိတ်မှောက် ဆန္ဒပြကြပါတယ်။

အဲဒီညသန်းခေါင်မှာ ပညာရေးဝန်ကြီး ဦးပန်းအောင် သပိတ်မှောက် ကျောင်းသားတွေဆီကို ရောက်လာပါတယ်။ သက်ဆိုင်ရာ အာဏာပိုင်တွေက အပြစ်ရှိတယ်ဆိုတဲ့ ရဲသား ၆ ဦးကို ခေါ်လာပြီး ကျောင်းသားတွေ ရှေ့မှောက်မှာ ထိုင်ကန်တော့ ခိုင်းပါတယ်။ ကန်တော့တာကိုတော့ ကျောင်းသားတွေက လက်မခံ တားမြစ်ပါတယ်။

အဲဒီ ညက ပညာရေးဝန်ကြီးနဲ့ ဆရာတွေက ဖျောင်းဖျလို့ ကျောင်းသားတွေ လူစုခွဲပြီး အဆောင်ကို ပြန်ကြပါတယ်။ ဒါပေမဲ့ အောက်တိုဘာလ ၂၂ ရက် အစိုးရရဲ့ သတင်းထုတ်ပြန်ချက် ထွက်လာတဲ့အခါ သတင်းမှန် ထိန်ချန်ပြီး ကျောင်းသား လှုပ်ရှားမှုကို သေးသိမ်အောင် လုပ်ထားတဲ့အတွက် ကျောင်းသားတွေက မကျေမနပ်ဖြစ်ပြီး တက္ကသိုလ်ပေါင်းစုံက ကျောင်းသား ၂,၀၀၀ ကျော် အပါအဝင် ကျောင်းသားပြည်သူ အင်အား ၅,၀၀၀ ကျော် လှည်းတန်းလမ်းဆုံမှာ ဆန္ဒပြကြပါတယ်။

အောက်တိုဘာလ ၂၃ ရက်မှာ အစိုးရက ထုံးစံ မရှိပါဘဲ သီတင်းကျွတ် ကျောင်းပိတ်ရက် ဆိုပြီး ကျောင်းတွေ ရုတ်တရက် ပိတ်လိုက်ပြီး ကျောင်းသား ခေါင်းဆောင်အချို့ကို ဖမ်းဆီးလိုက်ပါတယ်။

နိုဝင်ဘာလထဲမှာ ကျောင်းတွေ ပြန်ဖွင့်ပြီး ဖမ်းထားတဲ့ ကျောင်းသား ခေါင်းဆောင်တွေကို ပြန်လွှတ်ပေးလိုက်ပါတယ်။ ဒီအချိန်မှာ နဝတ စစ်ထောက်လှမ်းရေးနဲ့ အာဏာပိုင်တွေ လုပ်ကြံဖန်တီးတဲ့ ကျောင်းသား လှုပ်ရှားမှု ဆန့်ကျင်ရေး ပစ်စာတစောင် ထွက်လာပြီး စစ်မှန်တဲ့ ကျောင်းသား အများစု မကျေမနပ် ဖြစ်ကုန်ကြပါတယ်။

ဒီဇင်ဘာလ ၂ ရက်နေ့မှာတော့ စက်မှုတက္ကသိုလ် ကျောင်းသားတွေ ရန်ကုန် တက္ကသိုလ်ကို ချီတက်ပြီး ဂျပ်ဆင် ခန်းမရှေ့မှာ စုရုံးကြပါတယ်။ တက္ကသိုလ်ပေါင်းစုံက ကျောင်းသား ကျောင်းသူတွေ အပြင် ဆရာ ဆရာမတွေလည်း သပိတ်ထဲ ပါဝင်လာကြပြီး အင်အား ၂,၀၀၀ ကျော် လှည်းတန်းလမ်းဆုံမှာ ထိုင်သပိတ် ဆင်နွှဲကြပါတယ်။

ခွပ်ဒေါင်းအလံတွေ တလူလူလွှင့်ပြီး ကျောင်းသားတွေ တယောက်ပြီး တယောက် တရားဟောကြပါတယ်။ သပိတ်သမားတွေက "မတရားမှုမှန်သမျှ ဆန့်ကျင်ကြ"၊ "မတရားတဲ့အစိုးရ အလိုမရှိ"၊ "ကျောင်းသားသမဂ္ဂဖွဲ့စည်းပေး" ဆိုတဲ့ ပိုစတာတွေကိုင်ဆောင် ဆန္ဒပြနေကြတာပါ။ ဆန္ဒပြကျောင်းသားတွေကို ပြည်သူလူထု တသောင်းကျော်က ဝန်းရံထောက်ခံပေးထားပါတယ်။

နဝတ အာဏာပိုင်တွေဘက်က ကျောင်းသားနဲ့ ပြည်သူတွေကို လူစုခွဲဖို့ အကြိမ်ကြိမ် ခြိမ်းခြောက် သတိပေးနေပါတယ်။ ကျောင်းသားတွေကတော ညီညီညွတ်ညွတ်နဲ့ ကြံ့ကြံ့ခံ ရင်ဆိုင်နေဆဲပါပဲ။

ဒီဇင်ဘာ အရေးအခင်း အစမှာ ကျောင်းသားခေါင်းဆောင် ကိုစိုးထွန်း၊ ကိုရဲကျော်စွာတို့က ဦးဆောင်ခဲ့ကြတယ်။ တိုက်ပွဲ အရှိန်မြင့်လာတဲ့အခါ ၁၀ ဦး ကော်မတီ ဖွဲ့ပြီး တိုက်ပွဲကို ဆက်လက် ဦးဆောင်ခဲ့တယ်။

ဒီဇင်ဘာလ ၆ ရက်၊ ည ၇ နာရီလောက် တက္ကသိုလ်ပေါင်းစုံက ကျောင်းသား ၃,၅၀၀ ကျော် အပါအဝင် ပြည်သူအင်အား ၅,၀၀၀ ကျော် လှည်းတန်းလမ်းဆုံမှာ ထိုင်သပိတ် ဆင်နွှဲနေတဲ့နေရာကို စစ်တပ်နဲ့ လုံထိန်းရဲတွေ အမြောက်အများ ရောက်ရှိလာပါတယ်။

သပိတ်မှောက် အင်အားစုက လူစုမခွဲဘဲ သတ္တိရှိရှိ ရင်ဆိုင် ခုခံနေတဲ့အတွက် နောက်တနေ့ ဒီဇင်ဘာလ ၇ ရက်၊ နံနက်လင်းအားကြီး ၁ နာရီမှာ စစ်တပ်နဲ့ ရဲတွေက လမ်းမီးတွေကို မီးသတ်ပိုက်နဲ့ ထိုးငြိမ်းပြီး ဆန္ဒပြသမားတွေကို အတင်းဝင် ရိုက်နှက်ဖြိုခွဲ ဖမ်းဆီးပါတော့တယ်။ အဲဒီအချိန်မှာ ဂျပန် သတင်းထောက်တဦးလည်း အရိုက်ခံရလို့ ဒဏ်ရာအကြီးအကျယ် ရသွားခဲ့ပါတယ်။

ဒီဇင်ဘာလ ၉ ရက်နေ့မှာ အစိုးရက ကျောင်းတွေကို ရက်ရှည် ပိတ်ပစ်လိုက်ပါတယ်။ အဲဒီနေ့မှာပဲ ကျောင်းသားတွေက လှည်းတန်း လမ်းဆုံက သံဆူးကြိုး အရံအတားတွေကို ဖယ်ရှားပစ်ပြီး ထိုင်သပိတ်မှောက် ဆန္ဒပြကြပါသေးတယ်။ ဒဂုံ တက္ကသိုလ်ကနေ မြို့ထဲကို ချီတက်လာတဲ့ ကျောင်းသား ၃,၀၀၀ နဲ့ လူထုကြီးကို စစ်တပ်က တောင်ဥက္ကလာနဲ့ မြောက်ဒဂုံ အစပ်က ဘေလီတံတားမှာ ပိတ်ဆို့ဟန့်တားမှု လုပ်ခဲ့ပါတယ်။

ဒီဇင်ဘာလ ၁၁ ရက် လမ်းမတော် ဆေးတက္ကသိုလ် ကျောင်းသားတွေရဲ့ ဆန္ဒပြပွဲကို နှိမ်နင်းဖို့လာတဲ့ စစ်တပ်ကို ကျောင်းသားတွေက "ပြည်သူ့တပ်မတော် တို့တပ်မတော်"၊ "ဗိုလ်ချုပ်ပေးတဲ့ စစ်ပညာ၊ ကျောင်းသား ပြည်သူသတ်ဖို့ မဟုတ်ဘူး" ဆိုတဲ့ ကြွေးကြော်သံတွေနဲ့ တုံ့ပြန်တဲ့ အတွက် စစ်သားတွေ နောက်ပြန် ဆုတ်သွားခဲ့ကြပါတယ်။

နိုင်ငံတကာက သတင်းထောက်တွေ မှတ်တမ်းတင်နိုင်တဲ့အတွက် ၁၉၉၆၊ ဒီဇင်ဘာ ကျောင်းသားတိုက်ပွဲကို ကမ္ဘာက သိသွားခဲ့ပါတယ်။ နိုင်ငံတကာက ကျောင်းသားတွေကလည်း မြန်မာ ကျောင်းသားတွေရဲ့ တိုက်ပွဲကို ထောက်ခံတဲ့ ဆန္ဒပြပွဲတွေ နိုင်ငံအသီးသီးမှာ လုပ်ခဲ့ကြပါတယ်။

နဝတ အစိုးရကတော့ သူတို့ရဲ့ "ကျောင်းတံခါးပိတ်၊ ထောင်တံခါးဖွင့်" ပေါ်လစီအတိုင်း ကျောင်းအပိတ်မှာ ကျောင်းသားခေါင်းဆောင်တွေကို ရှာဖွေဖမ်းဆီးပြီး နှစ်ရှည်ထောင်ဒဏ်တွေ ချမှတ်ခဲ့ပါတော့တယ်။

## အပိုင်း (၂၄)၊ ဒေါ်အောင်စုကြည်နှင့် ၈၈ မျိုးဆက်ကျောင်းသားများ
*စက်တင်ဘာ ၁၉၊ ၂၀၀၉*



၈၈ မျိုးဆက် ကျောင်းသား ခေါင်းဆောင်များနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ဟာ ၁၉၈၉ ခုနှစ်ထဲမှာ ရှေ့ဆင့်နောက်ဆင့် ဆိုသလို ဖမ်းဆီး ထိန်းသိမ်းခံခဲ့ရပါတယ်။ အဲဒီကာလဟာ ၁၉၉၀ ရွေးကောက်ပွဲ အကြိုကာလလည်း ဖြစ်ပါတယ်။

ထောင်အပြင်မှာ ကျန်ခဲ့တဲ့ ၈၈ မျိုးဆက် ကျောင်းသားတွေဟာ ၉၀ ရွေးကောက်ပွဲမှာ NLD - အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် အနိုင်ရရေး အတွက် လူ့ဘောင်သစ် ဒီမိုကရက်တစ် ပါတီ အလံတော်အောက်ကနေ အစွမ်းကုန် ပူးပေါင်း ဆောင်ရွက်ခဲ့တယ်။

အဲဒီကာလ ကျောင်းသား လှုပ်ရှားမှုဟာ တရားဝင် နိုင်ငံရေး ပါတီထောင်ပြီး လှုပ်ရှားတဲ့အသွင် ရှိတယ်။ လူ့ဘောင်သစ် လှုပ်ရှားမှုဟာ NLD လူငယ်များရဲ့ လှုပ်ရှားမှုနဲ့လည်း ဆက်စပ်နေခဲ့တယ်။ ကျောင်းသား နိုင်ငံရေးဟာ အာဏာပိုင် နိုင်ငံရေး မဟုတ်ပါဘူးဆိုတာ လူ့ဘောင်သစ်ပါတီက သက်သေပြခဲ့တယ်။

နဝတ စစ်အုပ်စုက ၉၀ ရွေးကောက်ပွဲရလဒ်ကို မျက်ကွယ်ပြုလိုက်ပြီးတဲ့နောက် ကျောင်းသားတိုက်ပွဲ လှုပ်ရှားမှု နှစ်ခု ထွက်ပေါ်လာခဲ့တယ်။ ၁၉၉၁၊ ဒီဇင်ဘာ ဒေါ်အောင်ဆန်းစုကြည် ငြိမ်းချမ်းရေး နိုဘယ်ဆု အရေးအခင်းနဲ့ ၁၉၉၆၊ ဒီဇင်ဘာ အရေးအခင်းတွေပဲ။

၁၉၉၅ ခုနှစ်၊ ဇူလိုင်လထဲမှာ နဝတ အစိုးရက ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ် အကျယ်ချုပ်က ပြန်လွှတ် ပေးလိုက်ပါတယ်။ ကျောင်းသားတွေဟာ ဒေါ်အောင်ဆန်းစုကြည် အနားမှာ ပြန်လည် ဝန်းရံလိုက်ကြပါတယ်။

၂၀၀၀ ပြည့်နှစ်ထဲရောက်တော့ နဝတ က ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခရီးသွားလာခွင့်ကို ပိတ်ပင်တဲ့ ညောင်တုန်း အရေးအခင်း၊ ဒလအရေးအခင်းနဲ့ ရန်ကုန် ဘူတာကြီး အရေးအခင်းတွေဖြစ်ပြီး နဝတ စစ်ဗိုလ်ချုပ်တွေက ဒေါ်အောင်ဆန်းစုကြည်ကို ၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလထဲမှာ နေအိမ်အကျယ်ချုပ်နဲ့ ပြန်လည် ထိန်းသိမ်းလိုက် ပါတယ်။

နှစ်ရှည်ထောင်ဒဏ် အသီးသီး ကျခံနေရတဲ့ ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ မနီလာသိန်း၊ မမီးမီးတို့ အပါအဝင် ၈၈ မျိုးဆက် ဗကသ ကျောင်းသား ခေါင်းဆောင်တွေကို နဝတ အစိုးရက ဝေးလံဆိုးဝါးလှတဲ့ စစ်တွေ၊ မြင်းခြံ၊ သရက်၊ သာယာဝတီ စတဲ့ အကျဉ်းထောင်တွေထဲမှာ ထိန်းသိမ်းထားဆဲပါ။

၂၀၀၂ ခုနှစ်၊ မေလထဲမှာတော့ ဒေါ်အောင်ဆန်းစုကြည် နေအိမ် အကျယ်ချုပ်က ပြန်လွှတ်လာပါတယ်။

၂၀၀၂-၂၀၀၃၊ တောက်လျှောက် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဒီမိုကရေစီ ခရီးစဉ်တွေမှာ ကျောင်းသားတွေ လိုက်ပါ လှုပ်ရှားခဲ့ကြတယ်။ ကျောင်းသားတွေဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဘယ်တုန်းကမှ မကင်းကွာခဲ့ဘူး။ တနည်း အားဖြင့် ကျောင်းသားတွေဟာ ဒီမိုကရေစီ တိုက်ပွဲနဲ့ မကင်းကွာခဲ့ဘူး ဆိုတဲ့သဘောပါပဲ။

ကျောင်းသားတွေဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မှန်ကန်ရဲရင့်တဲ့ ဦးဆောင်မှုနောက်မှာ စည်းကမ်းရှိ ညီညွတ် ပြီး အမှန်တရားနဲ့ ကိုက်ညီတဲ့ အင်အားစု တခုအဖြစ် ရပ်တည်ခဲ့ကြတယ်။

၂၀၀၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့မှာ နဝတအစိုးရက ဒေါ်အောင်ဆန်းစုကြည်ကို လုပ်ကြံတဲ့ ဒီပဲယင်း အရေးအခင်း ဖြစ်ပေါ်လာပါတယ်။ ဒီလုပ်ရပ်ဟာ နဝတ က မြန်မာ့ ဒီမိုကရေစီ ခေါင်းဆောင် ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကို အသေသတ်ဖို့အထိ ကြံစည်ခဲ့တဲ့ လုပ်ရပ်ဆိုတာ ကမ္ဘာက သိသွားခဲ့ပါတယ်။

ဒီပဲယင်းမှာ ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးပြီး အင်းစိန် အကျဉ်းထောင်ထဲထည့်လို့ နေအိမ်အကျယ်ချုပ်နဲ့ နေဖို့ အမိန့်ချခဲ့တာဟာ ဒီကနေ့ အခု ဒုတိယအကြိမ် နအဖ က ဒေါ်အောင်ဆန်းစုကြည်ကို မတရား အမှုဆင်ပြီး အင်းစိန်ထောင်ထဲ ပြန်ထည့်ထားတဲ့အထိပါပဲ။

ဒီပဲယင်း အရေးအခင်းမှာတော့ နဝတ ဟာ ဒေါ်အောင်ဆန်းစုကြည် ခရီးထဲက သုံးရောင်ခြယ် ကျောင်းသားတွေကို တယောက်မကျန် ရှင်းပစ်လိုက်ပါပြီ။ တက်ကြွလှုပ်ရှားတဲ့ကျောင်းသားတွေဟာ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် NLD အဝန်းအဝိုင်းမှာပဲ အစုအစည်းမပျက် ရပ်တည်ခဲ့ကြပါတယ်။

ဒီလိုအချိန် ၂၀၀၄ ခုနှစ်၊ နှစ်ကုန်လောက်မှာ ကိုမင်းကိုနိုင်တို့ ၈၈ မျိုးဆက် ဗကသကျောင်းသား ခေါင်းဆောင်တွေ အားလုံး အကျဉ်းထောင် အသီးသီးက ပြန်လည် လွတ်မြောက်လာခဲ့ကြပါတော့တယ်။ နအဖ က ဘယ်လိုပဲ ချုပ်ချယ် ချုပ်ချယ် ကိုမင်းကိုနိုင်တို့၊ ကိုကိုကြီးတို့အနားမှာ မျိုးဆက်သစ်၊ မျိုးဆက်ဟောင်း ကျောင်းသားတွေ စုဝေးဝိုင်းရံခဲ့ကြပါပြီ။

နအဖ အစိုးရဟာ ကျောင်းသားတွေရဲ့ နိုးကြားတက်ကြွတဲ့ အရိပ်အရောင်တွေကို ကြာရှည် ခွင့်မပြုခဲ့ပါဘူး။ ၂၀၀၆ ခုနှစ်ထဲမှာ ကိုမင်းကိုနိုင်တို့၊ ကိုကိုကြီးတို့၊ ကိုအံ့ဘွယ်ကျော် စတဲ့ ကျောင်းသားခေါင်းဆောင် တချို့ကို ပြန်လည် ဖမ်းဆီး ထိန်းသိမ်းလိုက်ပါတယ်။

အဲဒီမှာ အပြင်မှာကျန်ခဲ့တဲ့ ကိုဌေးကြွယ်၊ ကိုဂျင်မီ၊ ကိုမြအေး၊ ကိုပြုံးချို၊ ကိုဇော်မင်းမင်း စတဲ့ ကျောင်းသား ခေါင်းဆောင်တွေ ဦးဆောင်ပြီး အဖမ်းခံ ကျောင်းသားများ ပြန်လွှတ်ပေးရေး လက်မှတ်ထိုး တောင်းဆိုတဲ့ Signature Campaign လှုပ်ရှားမှု ပေါ်ထွက်လာခဲ့ပါတယ်။

ကျောင်းသားတွေက ဆက်လက်ပြီး အဖြူရောင် အင်္ကျီဝတ်ဆင်တဲ့ လှုပ်ရှားမှု White Campaign ကိုလည်း လူထုကြားမှာ လှုံ့ဆော်လိုက်ပါတယ်။

နအဖ အစိုးရဟာ ကိုမင်းကိုနိုင်တို့ကို ကြာရှည် ဖမ်းမထားဘဲ လေးငါးလအကြာမှာ ပြန်လွှတ်ပေးလိုက်ပါတယ်။ '၈၈ မျိုးဆက် ကျောင်းသားများ' ဆိုတဲ့ အမည်နာမဟာ ခိုင်မာလာခဲ့ပါပြီ။ ၈၈ မျိုးဆက် ကျောင်းသားများအဖွဲ့ရဲ့ နိုင်ငံရေး အကျဉ်းသား မိသားစုတွေကို လိုက်လံအားပေးတဲ့ Sunday Campaign တနင်္ဂနွေလှုပ်ရှားမှုလည်း ဆက်တိုက် ထွက်ပေါ်လာပါတယ်။

နအဖ အစိုးရက ၈၈ မျိုးဆက် ကျောင်းသားများအဖွဲ့ကို နည်းမျိုးစုံနဲ့ ကန့်သတ်ပိတ်ပင်ပါတယ်။ ဥပမာ – ရွှေဂုံတိုင် NLD ဌာနချုပ်ရှေ့မှာ နအဖ လက်ကိုင်တုတ် ကြံ့ဖွတ်တို့၊ စွမ်းအားရှင်တို့နဲ့ ထိပ်တိုက် ရင်ဆိုင်ရတာမျိုး၊ စာရေးဆရာ တာရာမင်းဝေ စျာပနမှာ နအဖ က တားဆီးနှောင့်ယှက်တာမျိုး၊ ငါးထပ်ကြီးဘုရား၊ သိပ္ပံကျောင်းတိုက်မှာ ကျင်းပတဲ့ ရှစ်လေးလုံး အရေးတော်ပုံ (၁၉) နှစ်ပြည့် အခမ်းအနားကို ခြိမ်းခြောက် ဟန့်တားတာမျိုးတွေ နအဖက လုပ်လာပါတယ်။

၂၀၀၇၊ ဩဂုတ်လထဲမှာ နဝတ အစိုးရက ဓာတ်ဆီဈေးတွေကို အဆမတန် မြှင့်တင်လိုက်တဲ့အတွက် ပြည်သူ လူထုတွေ အကြီးအကျယ် ဒုက္ခရောက်ကုန်ကြပါတယ်။ ဒီကိစ္စကို ၈၈ မျိုးဆက် ကျောင်းသားအဖွဲ့က ဩဂုတ်လ ၁၈ ရက်နေ့မှာ ပြည်သူတွေနဲ့အတူ ကုက္ကိုင်းကနေ တာမွေဈေးအထိ လမ်းလျှောက် ဆန္ဒပြခဲ့ကြပါတယ်။

နအဖ အစိုးရက ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့၊ ညသန်းခေါင်မှာ ကိုမင်းကိုနိုင်၊ ကိုကိုကြီး အပါအဝင် ၈၈ မျိုးဆက် ကျောင်းသားများအဖွဲ့ ခေါင်းဆောင် ၁၅ ဦးကို ဖမ်းဆီး ထိန်းသိမ်းလိုက်ပါတော့တယ်။

သူတို့ကို ဖမ်းလိုက်ပေမဲ့ မနီလာသိန်း၊ မမီးမီး၊ မစုစုနွေး၊ မနော်အုန်းလှတို့ ဦးဆောင်တဲ့ လူထု ဆန္ဒပြပွဲတွေ ရန်ကုန်မြို့ နေရာအနှံ့ ဆက်တိုက်ဖြစ်လာပြီး နအဖ အစိုးရဖြုတ်ချရေး တိုက်ပွဲဟာ သံဃာ၊ ကျောင်းသား၊ ပြည်သူ တွေရဲ့ ၂၀၀၇၊ စက်တင်ဘာ ရွှေဝါရောင် တော်လှန်ရေး ပေါ်ပေါက်လာတဲ့အထိပဲ မဟုတ်ပါလား။

## အပိုင်း (၂၅)၊ ဗကသနှင့် ရွှေဝါရောင်တော်လှန်ရေး

*စက်တင်ဘာ ၂၆၊ ၂၀၀၉*




*၂၀၀၇ ခုနှစ် စက်တင်ဘာ ရွှေဝါရောင်တော်လှန်ရေးတွင် ဟောပြောနေသော ကျော်ကိုကို*

ကျောင်းသားသမဂ္ဂ သမိုင်းကို ပြန်ကြည့်မယ်ဆိုရင် အထက်မြန်မာပြည် ကျောင်းသားသမဂ္ဂ လှုပ်ရှားမှုဟာလည်း အရေးကြီးတဲ့ အခန်းက ပါဝင်နေတယ် ဆိုတာ တွေ့ရပါတယ်။

**"မြင်းခွာ တချက်ပေါက်ရင် မီးဟုန်းဟုန်း တောက်စေရမယ်"** ဆိုတဲ့ ၁၃၀၀ ပြည့်၊ အရေးတော်ပုံ ကျောင်းသား ခေါင်းဆောင် ကိုဗဟိန်းဟာ မန္တလေး တက္ကသိုလ်ကနေ ရန်ကုန် တက္ကသိုလ်ကို ရောက်ရှိလာခဲ့သူပါ။ ၂၀၀၈ ခုနှစ်ထဲမှာ နအဖ စစ်အစိုးရရဲ့ ထောင်ဒဏ် ၁၀၄ နှစ်၊ မတရား ချမှတ်ခြင်းခံရတဲ့ ကျောင်းသား ခေါင်းဆောင် ကိုဗိုလ်မင်းယုကိုဟာ မန္တလေးက အထက်မြန်မာပြည် ဗကသ အဖွဲ့ဝင် တယောက်ပါ။

မြန်မာ့ ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ပထမအကြိမ် နေအိမ်အကျယ်ချုပ် မကျခင် ၁၉၈၉ ဇွန်လထဲမှာ အထက်မြန်မာပြည် ဗကသ ကျောင်းသားတွေနဲ့ ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံဆွေးနွေးခဲ့တဲ့ မှတ်တမ်း တွေ ရှိပါတယ်။

အတိတ်မှာတုန်းကတော့ ၁၉၅၀ ပြည့်လွန် နိုင်ငံရေးအစိုးရခေတ်မှာ မန္တလေး တက္ကသိုလ် ကျောင်းသားသမဂ္ဂ၊ မန္တလေး တက္ကသိုလ် ကျောင်းသား လှုပ်ရှားမှုဟာ ရန်ကုန်တက္ကသိုလ်နဲ့ အပြိုင် အားကောင်းမောင်းသန် ရပ်တည်ခဲ့တာ ဖြစ်တယ်။

အဲဒီခေတ်တုန်းက မန္တလေး တက္ကသိုလ် ကျောင်းသားသမဂ္ဂကို ဦးဆောင်မှု ပေးခဲ့တဲ့သူတွေကတော့ ဆရာ မောင်သာရ၊ ဆရာ မောင်သာနိုး၊ ဆရာ မောင်မိုးသူ၊ ဆရာ မောင်စွမ်းရည်၊ ဆရာ ကြည်အောင်၊ တက္ကသိုလ် မောင်စောလွင်၊ မောင်ပေါက်စည် (မန်းတက္ကသိုလ်)၊ မုံရွာတင်ရွှေ၊ ရဲဘော်စိုးဝင်းမောင်၊ ရဲဘော်ဖိုးသံချောင်း၊ မြင်းခြံ လေးမောင် စသူတို့ပါပဲ။

ဗမာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (ABFSU) ရဲ့ သမိုင်းကို ပြန်ကြည့်မယ်ဆိုရင် ၁၉၅၁ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှာ ဗကသများ အဖွဲ့ချုပ်ကို စတင် ဖွဲ့စည်းခဲ့တယ်။ ၁၉၅၆ မှာ စတုတ္ထ ကွန်ဂရက်၊ ၁၉၅၈ မှာ ပဥ္စမ ကွန်ဂရက်၊ ၁၉၆၀ မှာ ဆဌမကွန်ဂရက် စသည်ဖြင့် ကွန်ဂရက် အသီးသီးကို ကျင်းပခဲ့တယ်။ ၁၉၆၀ ဆဌမ ကွန်ဂရက်ဟာ နိုင်ငံရေး အစိုးရခေတ် တနည်း ပါလီမန် ဒီမိုကရေစီခေတ်မှာ နောက်ဆုံး ကျင်းပခဲ့တဲ့ ကွန်ဂရက် ဖြစ်တယ်။

၁၉၆၂၊ တော်လှန်ရေးကောင်စီ စစ်အာဏာသိမ်းတဲ့ အချိန်ကစပြီး ၁၉၈၈ မဆလ စစ်အစိုးရ ပြုတ်ကျ မသွားခင်အထိ ကျောင်းသားသမဂ္ဂ အနေနဲ့ ကွန်ဂရက် ခေါ်ယူ ကျင်းပနိုင်ခြင်း မရှိခဲ့ပါဘူး။ ဒါကြောင့် မဆလခေတ် ကုန်ဆုံးတဲ့ ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက် ရှစ်လေးလုံး အရေးတော်ပုံအတွင်းမှာ ကျင်းပခဲ့တဲ့ မင်းကိုနိုင်၊ ကိုကိုကြီး၊ မိုးသီးဇွန်တို့ ဦးဆောင်တဲ့ ဗကသ ပြည်လည်ဖွဲ့စည်းရေး ကျောင်းသားထု အစည်းအဝေးကြီးဟာ ဗကသများ အဖွဲ့ချုပ်ရဲ့ သတ္တမ ကွန်ဂရက်အဖြစ် သမိုင်းဝင်တယ်လို့ ကျောင်းသား ခေါင်းဆောင်ဟောင်းကြီးတွေက ဆိုပါတယ်။

ရှစ်လေးလုံး အရေးတော်ပုံ သမိုင်းအရ ပြောရရင် ၁၉၈၈ ကနေ ၂၀၀၇ အထိ ဗကသ ဖွဲ့စည်း လှုပ်ရှားမှု သုံးကြိမ် ပေါ်ပေါက်ခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

၁၉၈၈မှာ မင်းကိုနိုင်၊ ကိုကိုကြီး၊ မိုးသီးဇွန်တို့ ဦးဆောင်တဲ့ ဗကသ ပေါ်ထွက်ခဲ့တယ်။ အဲဒီ ၈၈ ဗကသ ကနေ မွေးဖွားခဲ့တဲ့ မြန်မာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး (ABSDF)၊ ကျောင်းသား တပ်မတော်၊ လူ့ဘောင်သစ် ဒီမိုကရက်တစ် ပါတီနဲ့ ၈၈ မျိုးဆက် ကျောင်းသားများ အဖွဲ့တို့ဟာ ဒီနေ့အထိ စစ်အာဏာရှင် ဆန့်ကျင်ရေး တိုက်ပွဲထဲမှာ လူထုနဲ့အတူ ရှိနေဆဲဖြစ်တယ်။

၁၉၉၃ မှာ ဗကသ (ယာယီ) ဖွဲ့စည်းလှုပ်ရှားမှု တခု ပေါ်ထွက်လာခဲ့တယ်။ ၉၃ ဗကသကို ဦးဆောင်သူ တဦးက အိုးဝေဇော် (ခေါ်) ရဲဘော်ထက်မိုး ဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီ ၉၃ ဗကသ ကနေ ဆင်းသက်လာတဲ့ ဗမာ နိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂများ အဖွဲ့ချုပ် (နိုင်ငံခြားရေးရာ ကော်မတီ) ဟာ ဒီနေ့ လွတ်မြောက်နယ်မြေမှာ ရပ်တည် လှုပ်ရှားနေပါတယ်။

၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ရွှေဝါရောင် တော်လှန်ရေးကြီး မတိုင်ခင် ၂၀၀၇၊ ဩဂုတ်လ ၂၈ နေ့မှာ ကျော်ကိုကိုတို့ ဦးဆောင်တဲ့ ဗကသ တဖန် ပေါ်ထွန်းလာခဲ့ပါပြီ။

နှစ်ပေါင်းများစွာ မမြင်တွေ့ခဲ့ကြရတဲ့ ကျောင်းသားသမဂ္ဂရဲ့ နီရဲတဲ့ ခွပ်ဒေါင်း အလံတွေကို အဲဒီ ၂၀၀၇၊ ဗကသ နဲ့အတူ ရွှေဝါရောင် တော်လှန်ရေးမှာ ပြန်လည် မြင်တွေ့ခဲ့ကြရပါတယ်။

၂၀၀၇ ဗကသကို မဖွဲ့စည်းခင်ကတည်းက ၂၀၀၇၊ မျိုးဆက် ကျောင်းသားငယ်တွေဟာ ကိုမင်းကိုနိုင်တို့ ၈၈ မျိုးဆက် ကျောင်းသားကြီးတွေနဲ့အတူ လက်တွဲ လှုပ်ရှားခဲ့ကြတာပါ။ ဩဂုတ်လ ၈ ရက် ငါးထပ်ကြီးဘုရား၊ သိပ္ပံကျောင်း တိုက်မှာ ၈၈ မျိုးဆက် ကျောင်းသားများ အဖွဲ့က ဦးစီးကျင်းပတဲ့ ရှစ်လေးလုံး အရေးတော်ပုံ (၁၉) နှစ်ပြည့်၊ အခမ်း အနားမှာ မင်းကိုနိုင်၊ ကိုကိုကြီး မျိုးဆက်ဟောင်းတွေနဲ့အတူ အဲဒီ ၂၀၀၇၊ မျိုးဆက်သစ် ကျောင်းသားငယ်တွေ လူထု ရှေ့မှောက် ရောက်လာပါတယ်။

၂၀၀၇၊ ဩဂုတ်လ ၂၁ ရက် ညသန်းခေါင် ကိုမင်းကိုနိုင်တို့ ၈၈ မျိုးဆက် ကျောင်းသားများအဖွဲ့ ခေါင်းဆောင် ၁၅ ဦးကို နအဖက ထိန်းသိမ်းလိုက်ပြီးတဲ့နောက်၊ မနီလာသိန်း၊ မမီးမီး၊ မစုစုနွေး၊ မနော်အုန်းလှတို့ ဦးဆောင်တဲ့ ဩဂုတ်လ လူထု ဆန္ဒပြပွဲတွေမှာ အဲဒီ ၂၀၀၇၊ မျိုးဆက်သစ် ကျောင်းသားတွေ ဝိုင်းရံခဲ့ကြတယ်။

ဩဂုတ်လ ၂၈ ရက်နေ့မှာ သူတို့ ဗကသကို ပြန်လည် ဖွဲ့စည်းလိုက်ကြောင်း ကြေညာတယ်။ ၂၀၀၇၊ စက်တင်ဘာ ၅ ရက် ပခုက္ကူ သံဃာ့ အရေးအခင်းက စပြီး လမ်းလျှောက် မေတ္တာပို့ ဆန္ဒပြတဲ့ သံဃာတော်တွေကို အဲဒီ ၂၀၀၇၊ မျိုးဆက်သစ် ကျောင်းသားတွေက လိုက်လံ စောင့်ရှောက်ပေးခဲ့ကြတယ်။

၂၀၀၇ စက်တင်ဘာ ၂၄ ရက်နဲ့ ၂၅ ရက် အထွေထွေ သပိတ်ကြီးမှာ ၂၀၀၇၊ ဗကသရဲ့ အခန်းကဏ္ဍက အရေးပါခဲ့တယ်။ ရွှေတိဂုံ အရှေ့ဘက်မုခ် ကြေးသွန်းဘုရား သပိတ်စခန်းမှာ ၂၀၀၇၊ ဗကသ ကျောင်းသားတွေဟာ ခွပ်ဒေါင်းအလံ လွှင့်ပြီး စာပေအနုပညာရှင်တွေ နိုင်ငံရေး တက်ကြွလှုပ်ရှားသူတွေနဲ့အတူ သံဃာ့လှုပ်ရှားမှုကို လက်တွဲ မြှင့်တင်ခဲ့ကြတယ်။

ဆူးလေဘုရားမှာ ဗကသများ အဖွဲ့ချုပ် ကိုယ်စား ကျောင်းသား ခေါင်းဆောင် ကျော်ကိုကိုက တိုင်းပြည်နဲ့ လူထုကို စစ်အာဏာရှင် ဖြုတ်ချရေး ရဲရဲတောက် မိန့်ခွန်းပြောခဲ့တယ်။

စက်တင်ဘာလ ၂၆ ရက်နေ့က စပြီး နအဖရဲ့ စစ်တပ်နဲ့ လုံထိန်းရဲတွေက သံဃာ့ လှုပ်ရှားမှုကို အကြမ်းဖက် နှိမ်နင်း ဖြိုခွဲခဲ့ပါတယ်။ နအဖက ရက်ရက်စက်စက် အင်အားသုံး ချေမှုန်းနေတဲ့ကြားမှာပဲ စက်တင်ဘာ ၂၇၊ ၂၈၊ ၂၉ ရက်နေ့တွေ အထိ ၂၀၀၇၊ ဗကသ ကျောင်းသားတွေ မကြောက်မရွံ့ ခွပ်ဒေါင်း အလံတွေ တလူလူ လွှင့်ပြီး သံဃာတွေ၊ ပြည်သူတွေနဲ့အတူ ဆက်လက် ချီတက် ဆန္ဒပြခဲ့ကြတာပါ။

အခုတော့ ဒီ ၂၀၀၇၊ ဗကသ ကျောင်းသားခေါင်းဆောင်တွေ ဖြစ်ကြတဲ့ ကိုကျော်ကိုကို၊ ကိုဒီငြိမ်းလင်း၊ ကိုရဲမြဟိန်း၊ ကိုစည်သူမောင်၊ ကိုဉာဏ်လင်းအောင်၊ မဟန်နီဦး စသူတို့ကို နအဖ စစ်အစိုးရက ဝေးလံ ခေါင်ဖျားလှတဲ့ အကျဉ်းထောင် အသီးသီးမှာ မတရား ဖမ်းဆီး ထိန်းသိမ်းထားခဲ့ပါပြီ။

နအဖ အစိုးရက ဘယ်လိုပဲဖိနှိပ် ဖိနှိပ်၊ ကျောင်းသားစိတ်ဓာတ်၊ ခွပ်ဒေါင်းစိတ်ဓာတ်က ဘယ်တော့မှ သေမသွားဘူးဆိုတာ ရွှေဝါရောင်တော်လှန်ရေးကြီး တနှစ်ပြည့်တဲ့အချိန်မှာ ဖွဲ့စည်း ပေါ်ထွက်လာတဲ့ တက္ကသိုလ် ကျောင်းသားများ သမဂ္ဂ (တကသ) ရဲ့ ဒီကနေ့ လှုပ်ရှားမှုတွေက အထင်အရှား သက်သေပြနေပြီပဲ မဟုတ်ပါလား။ ။

## အပိုင်း (၂၆)၊ အနာဂတ် ကျောင်းသားတိုက်ပွဲ
*အောက်တိုဘာ၃၊ ၂၀၀၉*



မြန်မာနိုင်ငံ ကျောင်းသားလှုပ်ရှားမှု သမိုင်းကို ခြုံငုံသုံးသပ်ကြည့်မယ်ဆိုရင် အပိုင်း (၂) ပိုင်းခွဲပြီး သုံးသပ်နိုင်ပါလိမ့်မယ်။ ပထမတပိုင်းက ကိုလိုနီခေတ်အတွင်းက ကျောင်းသားသမဂ္ဂနဲ့ ကျောင်းသား လှုပ်ရှားမှုများဖြစ်ပြီး နောက်ဒုတိယပိုင်းက လွတ်လပ်ရေးရပြီးတဲ့နောက် ပါလီမန် ဒီမိုကရေစီခေတ်နဲ့ စစ်အာဏာရှင်ခေတ်များ အတွင်းက ကျောင်းသားသမဂ္ဂနဲ့ ကျောင်းသားလှုပ်ရှားမှုတွေပဲ ဖြစ်တယ်။

ကိုလိုနီခေတ် သူ့ကျွန်လက်အောက်မှာ ကျောင်းသား သမဂ္ဂနဲ့ ကျောင်းသားလှုပ်ရှားမှုတွေ ပေါ်ပေါက်လာရတဲ့ အခြေခံ အကြောင်းရင်းကတော့ တိုင်းပြည်နဲ့လူမျိုး သူ့ကျွန်ဘဝက လွတ်မြောက်ရေးပဲဖြစ်တယ်။ အဲဒီလွတ်လပ်ရေး စိတ်ဓာတ်က အဓိက အရင်းခံအဖြစ် မောင်းနှင်ခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

ကျောင်းသားခေါင်းဆောင်တွေ၊ ကျောင်းသားတွေဟာ ပညာတတ်များပီပီ လူငယ်များပီပီ အမှန်တရား မြတ်နိုးခြင်းနဲ့ မတရားမှုကို ခုခံဆန့်ကျင်ခြင်းဆိုတဲ့ တိုက်ပွဲဝင်စိတ် ခိုင်မာသူများဖြစ်လို့ ကိုလိုနီခေတ် အမျိုးသား လွတ်မြောက်ရေး ကြိုးပမ်းမှုမှာ တပ်ဦးနေရာက ဦးဆောင်နိုင်ခဲ့တာပါပဲ။

ကျောင်းသားသမဂ္ဂကနေ ရဲဘော်သုံးကျိပ်ကို မွေးဖွားပေးနိုင်ခဲ့တဲ့ သမိုင်းဟာလည်း ကျောင်းသားတပ်ဦးရဲ့ အခန်းကဏ္ဍကို မီးမောင်းထိုးပြနေတာပါပဲ။

၁၉၂၀၊ ပထမ တက္ကသိုလ်သပိတ်၊ ၁၉၃၆၊ ဒုတိယ တက္ကသိုလ်သပိတ်၊ ၁၉၃၈၊ တတိယ တက္ကသိုလ် သပိတ်တွေကနေ မြန်မာ့နိုင်ငံရေးဒီရေ မြင့်တက်လာပြီး ၁၉၃၈ ခုနှစ်မှာ ၁၃၀၀ ပြည့်၊ အရေးတော်ပုံကြီး ပေါ်ပေါက်လာခဲ့တယ်။ ရဲဘော်သုံးကျိပ် ပေါ်ထွန်းလာခြင်းနဲ့အတူ ၁၉၄၈ ခုနှစ်မှာ မြန်မာနိုင်ငံ လွတ်လပ်ရေး ရခဲ့တယ်။

**"ဒေါင်းပျံ့ထိုးဆွပ်၊ဘယ်ညာခွပ်၍၊လွတ်လပ်ရလေ၊တို့တတွေသည်၊အိုဆေ ကျေးဇူးပါတကား"** လို့ ဆရာကြီး မင်းသုဝဏ် ဂုဏ်ပြု ကဗျာဖွဲ့ခဲ့သလို ကိုလိုနီခေတ် ကျောင်းသားလှုပ်ရှားမှု သမိုင်းဟာ လွတ်လပ်ရေးကို အရယူနိုင်ခဲ့တဲ့ သမိုင်း ဖြစ်တယ်။

ဒီလို အစဉ်အလာ ကြီးမားတဲ့ ကျောင်းသားသမဂ္ဂ၊ ကျောင်းသားလှုပ်ရှားမှုဟာ လွတ်လပ်ရေး ရပြီးတဲ့နောက် ပြည်တွင်းစစ်ထဲမှာ ပါလီမန် ဒီမိုကရေစီ စနစ်နဲ့ စစ်အာဏာရှင် စနစ်တွေကို ဆက်လက် ဖြတ်သန်းခဲ့ရတယ်။

ပါလီမန် ဒီမိုကရေစီခေတ်က လွတ်လပ်ရေးရတဲ့ ၁၉၄၈ ကနေ ပထမအကြိမ် စစ်အာဏာသိမ်းတဲ့ ၁၉၅၈ အထိ ၁၀ နှစ်ပဲ ကြာခဲ့ပါတယ်။

လွတ်လပ်ရေး ခေတ်ဦးဖြစ်တဲ့ ပါလီမန် ဒီမိုကရေစီခေတ် တနည်းအားဖြင့် နိုင်ငံရေး အစိုးရခေတ်မှာ ကျောင်းသားသမဂ္ဂနဲ့ ကျောင်းသား လှုပ်ရှားမှုတွေဟာ ပြည်တွင်းစစ် ရပ်စဲရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး အဓိပ္ပာယ်တွေနဲ့ ပြည့်ဝ လေးနက်နေခဲ့တယ်။

ကျောင်းသားတွေဟာ ပထမအကြိမ် စစ်အာဏာသိမ်းတဲ့ ၁၉၅၈ အိမ်စောင့်အစိုးရ လက်ထက်မှာ စစ်အာဏာရှင်စနစ်ရဲ့ ဖိနှိပ်ချုပ်ချယ်မှု အမျိုးမျိုးကို ကြုံတွေ့ခဲ့ရပါပြီ။ ကျောင်းသားတွေ အကျဉ်းထောင်ထဲ ရောက်ရ၊ တချို့ ကိုကိုးကျွန်း အပို့ခံရတဲ့ အထိ စစ်အစိုးရရဲ့ ဖိနှိပ်မှုကို ခံခဲ့ရတာပါ။

အဲဒီနောက် ၁၉၆၂ မှာ ဒုတိယအကြိမ် စစ်အာဏာသိမ်းတဲ့ အခါမှာတော့ ကျောင်းသားသမဂ္ဂ အဆောက်အအုံကြီး မိုင်းခွဲ ဖြိုချခံရတဲ့အထိ စစ်အာဏာရှင် အစိုးရက ကျောင်းသားသမဂ္ဂနဲ့ ကျောင်းသား လှုပ်ရှားမှုတွေကို ချေမှုန်းပစ်လိုက်ပါတယ်။

ဒုတိယ အကြိမ် စစ်အာဏာသိမ်းတဲ့ ၁၉၆၂ ကနေ ၁၉၈၈ အထိ (၂၆) နှစ်ကြာ မဆလခေတ်ထဲမှာ စစ်အာဏာရှင်စနစ် ဖြုတ်ချရေး၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး ရရှိရေး၊ ကျောင်းသား၊ အလုပ်သမား၊ ပြည်သူတွေရဲ့ ဇွန်လ ၆ ရက် အရေးအခင်း၊ ၁၉၇၄၊ ဒီဇင်ဘာ ဦးသန့် ဗျာပန အရေးအခင်း၊ ၁၉၇၅၊ ဇွန် ရွှေတိဂုံ အထွေထွေ သပိတ်၊ ၁၉၇၆၊ မတ်လ မှိုင်းရာပြည့် အရေးအခင်း စတဲ့ တိုက်ပွဲတွေ ဆက်တိုက် ပေါ်ထွက်လာခဲ့တယ်။

ခွပ်ဒေါင်းသွေးတွေ အကြိမ်ကြိမ် မြေကျခဲ့ရတယ်။ အဲဒီ ခွပ်ဒေါင်းတွေရဲ့ သွေးစီးကြောင်းပေါ်မှာပဲ ၁၉၈၈ မှာ ကျောင်းသားတွေ ဦးဆောင်တဲ့ ၁၃၅၀ ပြည့်၊ အရေးတော်ပုံလို့ ဆိုရမယ့် ရှစ်လေးလုံး အရေးတော်ပုံကြီး ပေါ်ထွက်လာခဲ့တာပါပဲ။

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂများ အဖွဲ့ချုပ် (ဗကသ) ပြည်လည် ပေါ်ထွန်းလာခြင်းနဲ့အတူ ကျောင်းသားတွေဟာ မဆလ စစ်အစိုးရရဲ့ သမ္မတ သုံးယောက်ကို နှစ်လအတွင်းမှာ ဆက်တိုက် ဖြုတ်ချနိုင်ခဲ့တဲ့အထိ သမိုင်းဂုဏ်ရောင် ပြောင်ခဲ့တာပဲ မဟုတ်လား။

ဒီမိုကရေစီ ပန်းတိုင်ကို ရောက်ခါနီး လက်တကမ်း အလိုမှာတော့ ၁၉၈၈၊ စက်တင်ဘာမှာ တတိယအကြိမ် စစ်တပ်က အာဏာသိမ်းတာကို ခံလိုက်ရပြီး ကျောင်းသားသမဂ္ဂနဲ့ ကျောင်းသားလှုပ်ရှားမှုတွေဟာ ထပ်မံဖိနှိပ် ချုပ်ချယ်ခံရပြန်ပါတော့တယ်။

ခွပ်ဒေါင်းတွေရဲ့ သွေးဟာ ခန်းခြောက်သွားတာ မဟုတ်ဘူး။ ဒီသွေးအိုင်ထဲကနေ NLD ပေါ်ထွက်လာခဲ့တယ်။ ၁၉၉၀၊ မေလ ရွေးကောက်ပွဲမှာ NLD အနိုင်ရခဲ့တယ်။ ဒါဟာ ကျောင်းသားတွေ သွေးမြေအကျခံပြီး တိုက်ယူခဲ့ရတဲ့ အောင်ပွဲတွေရဲ့အဆက် ဖြစ်တယ်။

တတိယအကြိမ် စစ်အာဏာသိမ်းခဲ့တဲ့ ၁၉၈၈ ကနေ ဒီကနေ့အထိ နဝတ၊ နအဖခေတ် တလျှောက်လုံး ကျောင်းသားတွေဟာ စစ်အာဏာရှင်စနစ် ဖြုတ်ချရေး၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးရရှိရေး လှုပ်ရှားမှုတွေကို အသက်အသေခံ၊ ထောင်ကျခံ၊ ဒုက္ခခံပြီး နည်းမျိုးစုံနဲ့ ဆောင်ရွက်ခဲ့ကြတာပါပဲ။

မြန်မာ့ ဒီမိုကရေစီ ခေါင်းဆောင်၊ ကမ္ဘာ့ ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်နဲ့ အတူ ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုမိုးသီးဇွန် စတဲ့ ၈၈ မျိုးဆက် ကျောင်းသား ခေါင်းဆောင်တွေ ၂၀၀၇၊ ရွှေဝါရောင် တော်လှန်ရေး ဆင်နွှဲတဲ့ ဗကသ ကျောင်းသား ခေါင်းဆောင်တွေဟာ ပြည်သူလူထုက အပြည့်အဝ ယုံကြည်ကိုးစားတဲ့ သူတွေ ဖြစ်လာခဲ့ပါတယ်။

'ရဲဘော်သုံးကျိပ်အစ၊ ကျောင်းသားသမဂ္ဂက' ဆိုတဲ့ စကား၊ 'ရှစ်လေးလုံး အရေးတော်ပုံ အစ၊ ကျောင်းသားက' ဆိုတဲ့ စကားတွေက မြန်မာ့နိုင်ငံရေး သမိုင်းမှာ ကျောင်းသားတွေရဲ့ ကိုယ်ကျိုးစွန့်မှု၊ အနစ်နာခံမှု၊ တိုက်ပွဲဝင်မှု၊ ညီညွတ်မှုတွေကို မော်ကွန်း တင်ထားတာပဲ မဟုတ်လား။

ဗိုလ်ချုပ်အောင်ဆန်းခေတ်၊ ပထမ လွတ်လပ်ရေး တိုက်ပွဲတုန်းက ရဲဘော်သုံးကျိပ် ဟိုင်နန်ကျွန်းမှာ စစ်ပညာသင်စဉ်က **"ဟေ့ သေလည်း မြန်မာပီပီ ဇာတိမာန်နဲ့ သေကြပါ။ ရန်သူက မိရင် လက်အားရင် လက်နဲ့ထိုး ခြေအားရင် ခြေနဲ့ကန်ပါ။ နောက်ဆုံး ပါးစပ်အားနေရင်ပါးစပ်နဲ့ ကိုက်ပြီးမှ ရဲရဲသာ သေပြလိုက်တာပေါ့"** ဆိုတဲ့ ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့တဲ့ စကားဟာ ခွပ်ဒေါင်းစိတ်ဓာတ်၊ သမဂ္ဂစိတ်ဓာတ်ရဲ့ သာဓကပါပဲ။ ဒါ ဗကသ စိတ်ဓာတ်ပါပဲ။

အဲဒီ စိတ်ဓာတ်နဲ့ပဲ အခု ဒေါ်အောင်ဆန်းစုကြည်ခေတ်၊ ဒုတိယ လွတ်လပ်ရေးတိုက်ပွဲမှာလည်း **"တိုင်းတပါးကျွန်၊ စစ်တပ်ကျွန်၊ ဘယ်ကျွန်မှ မခံ၊ ခွပ်ဒေါင်းအလံဟေ့ - ကျောင်းနံရံတိုက်၊ ဒေါင်းအလံ ပြန်စိုက်ရမယ်"** လို့ ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင် ရေးခဲ့တဲ့ ကဗျာအတိုင်း စစ်အာဏာရှင် ဖြုတ်ချရေး အနာဂတ် ကျောင်းသား တိုက်ပွဲတွေကို ကျနော် ယုံကြည် မျှော်လင့်နေမိပါတော့တယ်။

▪ - ¤ - ▪